www.burmeseclassic.com

# လရောင်ဖင်းခ

# Friday 12

# သောကြာနေ့၂

လုံးချင်းဝတ္ထုသစ်

None Expection Of Reflecting Love Theory

Quiz

www.burmeseclassic.com

www.burmeseclassic.com

# FRIDAY 12

# သောကြာနေ့ ၁၂

www.burmeseclassic.com

www.burmeseclassic.com



လမ်းသွယ်လေးတစ်ခုရဲ့ ဘေးတစ်ဘက်တစ်ချက်စီမှာ ဝါဖန့် ရင့်ရော်နေပြီဖြစ်တဲ့ အပင်အိုကြီးတွေ လက်ပြင်ကုန်းထိုး ငိုက်ဆင်း ကျနေပြီး မြေပြင်ပေါ်မှာ ရော်ရွက်ဝါတွေ ဖွေးဖွေးလှုပ်လို့နေတယ်။ အပင်အိုကြီးတွေရဲ့ ဆွေးမြေ့နွမ်းလျနေတဲ့ သစ်ခက်တွေကြားက ဝတ်ကျောင်းအိုကြီး တစ်ဆောင်ကို နေရောင်ခြည်ဖျဖျ ထိုးစိုက်ဆင်း ကျနေတယ်။ လူသူအရောက် အပေါက်မရှိတဲ့ ဝတ်ကျောင်းအိုကြီး ထဲက ကြမ်းခင်းပေါ်မှာ ခေါင်းငိုက်စိုက်ကာ လက်ချင်းယှက် ဒူးထောက် လျက် ရက်ပေါင်းများစွာကပင် နေ့စဉ် ဆုတောင်းလာနေတတ် သည့် လူငယ်တစ်ယောက်။

မိုးစွက်လေတစ်ချက်အမှုတ်မှာ ဖုန်မှုန့်တွေနဲ့ ရော်ရွက်ဝါတွေ လွင့်စင်ထွက်သွားတယ်။ ကောင်လေးရဲ့ မျက်ကွင်းတွေ ညိုညစ်နေ ပြီး နှုတ်ခမ်းနှစ်လွှာမှာ ဖျော့တော့ခြောက်ကပ်နေတယ်။ အားအင် မရှိတော့သလို ယိုင်လဲချင်နေတယ်။ ဆံနွယ်တွေ ဖွာဆံကျဲရှုတ်ခတ် နေပြီး လည်ဂုတ်ပေါ် ဝဲပုံကျနေလေတယ်။ မျက်နှာမှာ နွမ်းဖတ်ဖတ်နှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ ထူပိန်းလို့နေတယ်။ အဝတ်အစား တွေက ညစ်ထေးထေးရယ်။ သူ့မျက်လုံးတွေက လျော့တိလျော့ရဲ မှိန်းစင်းနေပေမဲ့ မျက်ဝန်းတွေက ပကတိ ဖြူဖွေးကြည်လင်နေလေရဲ့။ သူပုံကြည့်ရတာ စိတ်ဝေဒနာရှင်လိုလို ဘယ်အချိန် ကြုံ လာမယ်မှန်း မသိတဲ့ အန္တရာယ်တစုံတရာကို တွန်းကန်နိုင်တဲ့ မျှော်လင့်ချက်

www.burmeseclassic.com

www.burmeseclassic.com



မဲ့နေသလိုလို။ ခဏနေတော့ ယခင်နေ့တွေကလိုပဲ သင်းအုပ်ဆရာတော် သူ့ရှေ့လာရပ်တယ်။ ပြီး ..... ခပ်ဖွဖွ စကားဆိုတယ်။

"သား ..... ခုချိန်မှာ အရာရာကို ဘုရားသခင်လက်ထဲအပ်ထားလိုက်တာ အကောင်းဆုံးပဲ ဘုရားသခင်ကိုပဲ အာရုံပြုနေပါ။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲပေါ့" သင်းအုပ်ဆရာတော်က ကောင်လေးရဲ့ သွင်ပြင်ကိုကြည့်ပြီး သက်ပြင်းခပ်ဖွဲဖွဲချကာ

"သားရယ် ..... ကျန်ရှိနေသေးတဲ့ အချိန်တွေကို အကောင်းဆုံးအသုံးချရပ်တည်သွားနိုင်ဖို့ပဲ အရေးကြီးတာပါ။ ဆုတောင်းပါ ..... သား ..... ဆုတောင်းပါ ..... ဘုရားသခင်ကပဲ မင်းကိုစောင့်ရှောက်မှာပါ"

လေးပင်စွာ ခေါင်းညိတ်ခေါင်းခါပြုလျက် သင်းအုပ်ဆရာတော် ထွက်ခွာသွားလေသည်။

ကောင်လေးကတော့ ထိုအတိုင်း ပုံမပျက်ငူငူကြီး။ ကောင်လေးဘာကို အငမ်းမရဆုတောင်းနေတာလဲ။ ဘာကြောင့် နေ့ရက်ပေါင်းများစွာ ဒီဝတ်ကျောင်းအိုကြီးထဲမှာပဲ ရှိနေရတာလဲ။ ဘယ်သူမှ မသိကြ။ ဝတ်ကျောင်းအိုက မြို့စွန်လေးမှာပါ။ လူသူကင်းမဲ့လို့ရယ်ပေါ့။ သူ့မှာမိဘဆွေမျိုး အသိုင်းအဝိုင်းရောရှိရဲ့လား။ ဘယ်ကလဲ။



ဒီမြို့ကပဲလား။ သူနဲ့ပတ်သက်လို့ ဘာဆိုဘာမှ ဘယ်သူမှမသိကြ။ သူ့ကိုယ်သူရော ဘယ်သူဆိုတာ သိရဲ့လား။ ကောင်လေးကြည့်ရတာ အသက် ၂၀ ဝန်းကျင် သာသာရှိမည် ထင်ရသော်လည်း နှုတ်ခမ်းမွှေး မုတ်ဆိတ်မွေးထူထူ၊ လည်ဂုတ်ထိ ဝဲပျံကျနေသော ဖွာဆံကျဲကော့လန်နေတဲ့ ဆံနွယ်တွေကြောင့် အိုဖန့်နေသည်ဟုပင် ထင်ရ၏။

'ချောက်'

လက်ကိုင် ဗွီဒီယိုကင်မရာ စခရင်လေးကို ပိတ်လိုက်သံနှင့်အတူ လူနှစ်ယောက် ဝတ်ကျောင်းအိုကြီးထဲဝင်လာတယ်။ မျက်နှာမကောင်းကြ။ ကောင်လေးဘေးမှာရပ်ပြီး စူးစူးစိုက်စိုက် ရိရိဝေဝေကြည့်လျက် ကောင်လေးပုခုံးကို ညင်သာစွာပုတ်ပြီး ပြန်ထွက်သွားကြတယ်။ ထိုလူနှစ်ယောက်မှာလည်း တနင်္ဂနွေနေ့တိုင်း ဗွီဒီယိုကင်မရာလေးတစ်လုံးနှင့် ရောက်လာတတ်ကြမြဲ။ ပြီး.....ကောင်လေးနားမှာရပ်ကာ ထိုအတိုင်းပြုမူလျက် ထွက်ခွာ သွားကြမြဲ။ ကောင်လေးကတော့ ဘာကိုမှမသိလိုက် ဘာသာရှိ နေ၏။ ကမ္ဘာခြားကိုရောက်နေပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမဆေးရုံရောက်နေတာ ဒီနေ့နှင့်ပါဆို ရက်သတ္တလေးပတ်ကျော် ငါးပတ်ထဲမှာ။ ကိုးမားဖြစ်နေသလို လောကနှင့် အဆက်အသွယ် ပြတ်လို့နေတယ်။ တစ်ကိုယ်လုံးတည်း ဆေးထိုးအပ်ပေါက်ရာဗရပွနဲ့။ ပြီးတော့ ဒရစ်ပ်ပိုက်တွေနဲ့ ရှုတ်ခတ်နေတယ်။ နှလုံးခုန်နှုန်းကိုပြတဲ့ စက်လေးက သူမခေါင်းရင်းဘေးကပ်လျက်မှာ။ သူမဘေးပတ်လည်ရှိ သူအားလုံး ထိုစက်သို့သာ အာရုံရောက်နေကြသည်။ စက်အတွင်းရှိ နှလုံးခုန်နှုန်းပြလှိုင်းများ ပြေးလွှားလှုပ်ရှားသွားလိုက်၊ မျဉ်းဖြောင့်အတိုင်းဖြစ်ကာ ထိုးရပ်သွားလိုက်နှင့်။ သူမ မျက်ခမ်းစပ်တွေ ညိုမှိုင်းနေပြီး နှုတ်ခမ်းနှစ်လွှာမှာ တုန်ယင်ဖျော့တော့နေတယ်။ ရွှေအိုရောင်ဆံနွယ်မျှင်တွေက ကြဲပြန့်လျက်ရှိတယ်။ သူမပတ်လည်မှာတော့ ငိုသူငို၊ ရှိုက်သူရှိုက်နှင့်။ သူမရဲ့ နှာခေါင်းနှင့် နှုတ်ခမ်းထောင့်စွန်းမှ သွေးစများ ယိုစီးကျစပြုနေပြီး သတိလည်လာတိုင်းလည်း ' ကို . . . . . ကိုသစ် ' ဟုသာ ကရောင်ကတမ်း တတွတ်တွတ် မြည်တမ်းနေသည်။ ဘေး၌မူ လူတစ်ယောက်ဟန်းဖုန်းတစ်လုံးနှင့် သောကကြီးစွာ အပူတပြင်း အလုပ်ရှုပ်လျက်ရှိသည်။

ဆေးရုံကြီး၏ အခန်းလေးတစ်ခန်းထဲမှာ ပူလောင်ခြင်းတွေ၊ စိုးနင့်ကြေကွဲငိုကြွေးမှုပေါင်းများစွာနှင့် သိုင်းခြုံရစ်ထွေးလို့နေတယ်။ အသက် (၅၀) ဝန်းကျင်ခန့် လူကြီးတစ်ယောက်က ခုနဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေတဲ့ လူငယ်ကို



' သွား . . . . . နိုင်သစ္စာကို စုံစမ်းလို့ရလား '

လူငယ် သက်ပြင်းရှည်ကြီးချလျက်

' သူတို့ အဲဒီအိမ်ကနေ ပြောင်းသွားတာ (၃) လလောက်ရှိပြီ . . . . . ဘယ်မှာမှလည်း စုံစမ်းလို့မရဘူး . . . . . အဖေ'

လူကြီးမှာ စိတ်ပျက်လက်ပျက်ဖြင့်.တဖက်သို့ လှည့်သွားကာ ကုတင်ပေါ်လဲနေတဲ့ မိန်းကလေးကိုသာ ဆွေးဆွေးကြီး ကြည့်ပြီး မျက်ရည်တွေ ယိုစီးကျလာတယ်။ ထိုအခိုက် လူလတ်ပိုင်း နှစ်ယောက်မှာ ခေါင်းငိုက်စိုက်လျက် တိုးတိတ်ကြေကွဲစွာ အခန်းထဲသို့ ဝင်လာတယ်။ လူငယ်က

' ဟာ . . . . . ကိုမင်းထင် နဲ့ ကိုဌေးလွင် '

တစ်ခန်းလုံး ထိုလူလတ်နှစ်ယောက်ကြောင့် အုံ့အုံ့ကြွပ်ကြွပ် ဖြစ်သွားကြပြီး ရှိုက်ကြီးတစ်ငင်ငိုနေတဲ့ မိန်းမငယ်လေးတစ်ယောက် ထိုလူနှစ်ယောက်ဆီပြေးလာကာ နှစ်ယောက်ထဲမှ အသက်အရွယ်ပိုကြီးမည် ထင်ရသော လူတစ်ယောက်၏လက်မောင်းကို ဆွဲခါရမ်းလျက်

' ကိုမင်းထင်ရယ် . . . . . ကြည့်ပါဦး . . . . . ကလျာ့သူငယ်ချင်းကိုလည်း' ဆိုပြီးငိုပြန်တယ်။ ထိုလူနှစ်ယောက် မှာတော့ နှုတ်မှဘာစကား တလုံးတပါဒမှ ထွက်ကျမလာဘဲ ကြေကွဲစွာဖြင့် ခေါင်းစိုက်လျက်။ ခုနလူငယ်ကပင် လူနှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



'ဟော့လူတွေ ..... နိုင်သစ္စာရော ..... ကိုနိုင်ရော ..... ကျွန်တော့်ညီမက တစ်ချိန်လုံး သတိရလာတိုင်း သူ့ကိုပဲ တမ်းတနေတာဗျ'

ပြီး .....လူငယ်က ကျောက်ရုပ်ပမာရပ်နေတဲ့ ထိုလူနှစ်ယောက်ကို အားမလိုအားမရ လှုပ်ခါရမ်းပစ်လိုက်ပြီး တက်တချက် ခေါက်ကာ

' တောက် ..... ခင်ဗျားတို့ လူဗျာ ..... တော်တော်ရက်စက်တယ်..... ကျုပ်ညီမ ဘယ်လောက်သူ့ကို မြတ်မြတ်နိုးနိုး ချစ်ခဲ့တယ်ဆိုတာ ကျုပ်အသိဆုံး .....ဒါကို ဒီလူလုပ် ရက်တယ် .....ထားသွားရက်တယ် .....ကွာ'

ထိုလူငယ်မှာ ပြောလည်းပြော ..... မျက်ရည်ပေါက်ကြီးတွေလည်းကျရင်း အုတ်နံရံကိုလက်သီးဖြင့် တဒိုင်းဒိုင်းထိုးတော့တယ်။

## Chapter I

ညနေ (၃း၀၀) ခန့်ရှိမည်။

မနက်ဖြန်ပေးရမဲ့ ဒီဇိုင်းတစ်ခုဆွဲရင်း ကျွန်တော် အိုင်ဒီယာကွန့်မြူးခြင်းထဲနစ်သွားတာ ဘယ်လောက်ကြာသွားသည်မသိ။ ကိုမင်းထင် ရုတ်တရက် ပုခုံးလာပုတ်ကာမှ

'အာ ..... ခင်ဗျားကလည်း လန့်လိုက်တာ ..... အသံလေး ဘာလေးပေးတာမဟုတ်ဘူး'

ကျွန်တော့်ကို ဧည့်ခံဆိုင်သွားမယ်ဆိုတဲ့အကြောင်း အမူအရာနဲ့ မျက်စပစ်ပြတယ်။

' ဘယ်လဲ ..... ဧည့်ခံဆီလား .....'

ကိုမင်းထင် ခေါင်းညိမ့်ပြသည်။

' ဒါဆို ခဏစောင့် ..... ဒီမှာ ကျွန်တော် လက်စသတ်လိုက်ဦးမယ် '

လက်စသက်တာ တော်တော်ကြာနေသဖြင့် ကိုမင်းထင် ကျွဲမြီးတိုကာ

'ဟာ ..... မင်းလက်စသတ်တာကလည်းကွာ ..... နောက် ဒီဇိုင်းတစ်ခုများထပ်ဆွဲနေလား မှတ်ရတယ် '

' ခဏလေးပါဗျာ ..... ပြီးပြီ .....ပြီးပြီ'

ကျွန်တော် ကွန်ပျူတာရှေ့မှာခွာလျက် Sleep ကီးနှိပ်ကာ ခဏသိပ်ထားခဲ့လိုက်ပြီး ကျွန်တော်နဲ့ ကိုမင်းထင်နှစ်ယောက်သား ဧည့်ခံဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာလိုက်ကြတယ်။ ဌေးလွင်က မြို့ထဲမှာ မိနီမားကတ်ဖွင့်ထားသည်။ ကျွန်တော့်အဖို့ ဒီမြို့မှာ တဖြည်းဖြည်း အသိအကျွမ်းများလာပါတယ်။ အေးလေ . . . . . မြို့ရောက်တာ လေးငါးလပဲ ရှိနေပြီ။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်က အတူနေကြခြင်းဖြစ်ပြီး ကိုမင်းထင်နဲ့ ဌေးလွင်က ဒီမြို့ခံနှစ်ယောက်။ ကျွန်တော်ကသာ မလည်မဝယ် သူများရောင်းစားတာ ခံရနိုင်သည့် ရန်ကုန်သား။ အလုပ်ကတော့ Graphic Designer . . . . ။ ဒါလည်း အိမ်နဲ့ အတိုက် အခံလုပ်ပြီး ခြေစုံပစ်ဝင်ခဲ့ရတာပါ။ ဆေးအမှတ်မှီရက်သားနဲ့ ဆေးကျောင်းမတက်ရကောင်းလားဆိုပြီး အဖေကျွန်တော့်ကို စိတ်နာသွားသည်။ ခုထိ ကျွန်တော့်ကို စကားမပြော။ ကျွန်တော်လည်း ယောကျ်ားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ မာနရှိတဲ့ပုရိသတစ်ယောက်ပါ။ ညီအစ်ကိုလိုခင်နေကြပြီဖြစ်တဲ့ သူငယ်ချင်းနှစ်ယောက်က ကျွန်တော်နဲ့အဖေကြားက ရှော့ခ်ကိုကြားပြီး ဒီမြို့လေးကို လှမ်းခေါ်လိုက်ကြတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ပန်းတိုင်မှာ ကခုန်စောင့်ကြိုနေတဲ့ အလင်းတွေမြင်ရတဲ့ အထိကို ဆက်လျှောက်ဦးမှာပါ။ ဘဝဆိုတာ ဒီလိုပဲပေါ့။ တစ်ခါတစ်လေ ကိုယ်နှစ်သက် မြတ်နိုးတဲ့ အလုပ်တစ်ခုကိုလုပ်ရဖို့ ကိုယ့်ကိုယ်ကိုတောင် ဥပေက္ခာ ပြုပစ်ရတယ်မှတ်လား။ ကျွန်တော်လည်း အဲဒီလိုပေါ့။ ကျွန်တော့်မှာ ငယ်ငယ်တည်းက စိတ်ကူးတစ်ခု သန္ဓေတည်ခဲ့တယ်။



အဲဒီစိတ်ကူးက တဖြည်းဖြည်း ကျွန်တော်အသက်ရလာလေ ရှင်သန်ဖွံ့ဖြိုးလေပဲ။ ကျွန်တော် အရောင်တွေကို ချစ်တယ်။ ကျွန်တော်တို့ ကမ္ဘာ့ဝန်းကျင်ကြီး တစ်ခုလုံးမှာလည်း အရောင်တွေနဲ့ပဲ ရစ်ဝိုင်းသီဝေနေတာ မဟုတ်လား။ အရောင်တွေမှာ Sense ရှိတယ်။ အရောင်တွေမှာ ဘာသာစကားရှိတယ်။ အရောင်တွေမှာ ဖွင့်ဆိုလို့ရတဲ့ ဒဿန အထုံးအဖွဲ့တွေရှိတယ်။ ဒါကြောင့်ပဲနဲ့တူပါရဲ့။ ကျွန်တော် Graphic Designer ဖြစ်လာတာ။ တခါတလေတော့လည်း စိတ်ကူးပေါက်ရင် စာလေးဘာလေး ရေးတတ်တယ်။ မော်ဒန်ယောင်ယောင်ဘာယောင်ယောင်ပေါ့။

ကိုမင်းထင်က အိမ်မှာဒိုင်ခံပြီး အိမ်အလုပ်တွေလုပ်ပေး ထမင်းချက်၊ ဟင်းချက်။ တခါတရံ သူမနိုင်မနင်းဖြစ်တဲ့ အခါတွေဆိုရင် ကျွန်တော်တို့တောင် ဝိုင်းကူရတယ်။ ဒါပေမဲ့ ပြောမဲ့သာပြောတာ ဟင်းချက်ကောင်းတဲ့ မိန်းမတစ်ယောက် လက်မြှောက်ရတယ်။ ဒါကြောင့်လည်းအခုထိ လူပျိုကြီးဖြစ်နေတာ။ ကျွန်တော်သူ့အနားမှာနေရတာ ကြာလာလို့လားမသိ ကြက်ဥတစ်လုံးဖြောင့်အောင် ကြော်တတ်လာတယ်။ ဒါတောင် လအတော်ကြာအောင် သင်ယူခဲ့ရတာ။ ဒီလောက်တော့လည်း ရှိမှာပေါ့။ ဌေးလွင်ကတော့ သိပြီးတဲ့အတိုင်း မြို့ထဲမှာ မိနီမားကတ် ဖွင့်ထားသည်။ သူ့ဆိုင် ဒက်ဂရေးရှင်းလုပ်တုန်းကဆို ငနဲက ဒီဇိုင်းခ ငါးပြားမှ

www.burmeseclassic.com

www.burmeseclassic.com



မကုန်ချင်တာနဲ့ ကျွန်တော့်စောင့်ပြီးမှ အပြင်အဆင်လုပ်တာသာကြည့်။ ကျွန်တော် ဒီမြို့အလာကို ပြောပါတယ်။ ခုလည်းသူ့ဆိုင်သွားပြီးရင် လက်ဖက်ရည်ဆိုင်ထိုင် ဝယ်ခြမ်းစရာရှိတာဝယ်ပြီး ညစာစီစဉ်ရမှာမို့ ထွက်လာခဲ့တာ။အဲ . . . . . နောက်တစ်ခုရှိသေးတယ်။ ကိုမင်းထင်က ထူးထူးခြားခြား ဒီနေ့မှ သူ့ဘော်ဒါ လူငယ်တစ်ယောက်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးမယ်လို့ ပြောထားတယ်။ သူက Coffee Shop ပိုင်ရှင်ညီညီလတ်တဲ့။ ဘာအတွက် မိတ်ဆက်ပေးမလို့လဲတော့ ကျွန်တော်မသိပါဘူး။ မိတ်ဖြစ်ဆွေဖြစ်လည်း ဖြစ်နိုင်တယ်။ ဒီဇိုင်းကိစ္စ ဆွေးနွေးဖို့လဲ ဖြစ်နိုင်ပါတယ်။ ငွေးလွင်က (ကရင်တိုင်းရင်းသား)။ ကရင့်ဆိုင်ရောက်တော့ ကရင်ဘုတ်က

'ဟာ . . . . . လာကြ . . . . . လာကြ'

ကျွန်တော်တို့နှစ်ယောက်ကို ကြိုတယ်ထင်လို့ လှမ်းအဝင် သကောင့်သားက ကျွန်တော်တို့နှစ်ယောက်ကြားက ကျော်ပြီး ဈေးအဝယ်လာတဲ့ မချောနှစ်ယောက်ကို ငမ်းတာ။ ကျွန်တော် အတင်းဂုတ်ဆွဲပြီး

'ဟေ့ကောင် . . . . . မင်းကပိုင်ရှင် . . . . . ကိုယ့်ဘာသာ ကိုယ်နေလို့ရတယ် . . . . . ဟိုမှာ . . . . . မင်းဝန်ထမ်းတွေရှိတယ်'



'ဟို . . . . . ဟီးဟီး . . . . . ငါက ညှော်ဝတ်ကျေတာပါကွ'

ထိုအခါ ကိုမင်းထင်က

'သိပ် ညှော်ဝတ်ကျေချင်နေရင်လည်း . . . . . ငါတို့ကို ကျွေးကွာ. . . . . နော်. . . . . သယ်ရင်း. . . . . ဟိုဟာတွေက ညှော်သည်မဟုတ်ဘူး'

'ဒါဆို ဘာသယ်တွေလဲ'

ကျွန်တော့်မှာ ထိတ်ထိတ်ပြာပြာနှင့်ပင်

'ဟာ. . . . . ဟေ့ကောင်တွေ. . . . အညီအဟောက်တွေ ပါမယ်နော်'

ကျွန်တော်တို့စကားသံတွေကြောင့် ခုနကောင်မလေးနှစ်ယောက် ကွက်ကြည့်ကွက်ကြည့်လုပ်နေတယ်။

'မဟုတ်ပါဘူး ငါကဒီကောင့်ကို'

'ကဲ. . . . . တော်ပြီ. . . . နော်. . . . ခုဘယ်သွားမှာလဲ' လက်ဖက်ရည်ဆိုင် ထိုင်မှာမို့လား'

'အေးလေ'

'ဒါဆို . . . . . သွားမယ်'

ကျွန်တော်ပဲစကားစဖြတ်ပြီး ခေါ်ထုတ်လာရတယ်။ ကျွန်တော်တို့ သုံးယောက်ထဲတွင် ကိုမင်းထင်က အသက်အကြီးဆုံးနဲ့ အီးအပေါက်ဆုံး။ (စကားအများဆုံးပြောပါတယ်)

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာလမို့လို့နဲ့တူတယ်။ နှင်းတွေအုံ့မှိုင်းနေတယ်။ အပေါ်က အညိုရင့်ရောင် ဂျင်းဂျက်ကင်ရယ်။ ဂျင်းပန်အနက်ရယ် နှင့်ကျွန်တော်။ သုံးယောက်သား နှင်းတွေမှိုင်းညို့နေတဲ့ လမ်းသွယ်လေးထဲ လျှောက်လှမ်းလာလိုက်ကြတယ်။ သိသိသာသာ ကျွန်တော် ချမ်းအေးပေါ့ပါးလို့နေတယ်။ မိုးကောင်းကင်ကို မော့ကြည့်တော့ ပကတိ ရှင်းလင်းပြတ်သားနေသယောင်။ ကိုမင်းထင်နဲ့ ဒွေးလွင်က လျှောက်လာရင်း သူတို့ဘော်ဒါတစ်ယောက်နဲ့တွေ့ပြီး စကားလက်ဆုံကျ ကျန်ရစ်ခဲ့တယ်။ ကျွန်တော့်ကို မိတ်ဆက်ပေးမယ်ဆိုတဲ့ သူကိုလည်း ကျွန်တော်ကိုယ်တိုင် သူ့ Coffee Shopလေးထဲကိုဝင်ပြီး မိတ်ဆက်ရ ပါတော့တယ်။ ခြံဝန်းကျယ်ကြီးထဲမှာ မြေစိုက် Coffee Shopလေးကို ခန့်ညားသပ်ရပ်စွာပဲ တည်ဆောက်ထားတယ်။ ဆိုင်အတွင်းမှာလည်း သပ်ရပ်ကျော့ရှင်းနေတယ်။ ဘေးဘီဝေ့ကြည့်တော့လည်း ဆိုင်ရှင် ပုံပေါက်သော လူတစ်ယောက်တောင်မတွေ့။ လူလည်းတစ်ခါမှ မမြင်ဖူးတော့ ဘယ်လိုနေမှန်းလည်း ကိုယ်ကမသိ။ ဒါနဲ့ ကက်ရှာ ကောင်တာဆီ တန်းတန်းမတ်မတ် လျှောက်သွားလိုက်ပြီး ထိုင်နေတဲ့ မိန်းမငယ်လေးတစ်ယောက်ကို ကျွန်တော်က

'ဟို. . . . . ဒီမှာ. . . . . ကိုညီညီလတ်ရောမသိဘူး'

ကောင်မလေး ကျွန်တော့်ကိုလည်းမကြည့်။ အရေးလည်းမစိုက်။ တောင်ကြည့်မြောက်ကြည့်လုပ်ရင်း ဘုဆတ်ဆတ်နှင့်



'မသိဘူး'

ပြောပုံကိုက 'ရိုက်ပေါက်'။ ကျွန်တော်လည်း ကြောင်အမ်းအမ်း ဖြစ်သွားတယ်။ စိတ်ကိုမနည်း ငြိမ်အောင်ထိန်းကာ အချိုသာဆုံးသော လေသံဖြင့်

'ဟိုလေ. . . . . ဘယ်သွားလဲ မသိဘူးခင်ဗျ'

ကောင်မလေး ကျွန်တော့်ကို စိတ်မရှည်ဟန်ဖြင့် မျက်မှောင်ကုပ်ကာ

'အပြင်သွားတယ်'

ဟမ်. . . . . ဘာလဲ။ မသိဘူးလဲပြောတယ်။ အပြင်သွားတယ်လဲ ပြောတယ်။ ကျွန်တော် တော်တော်တော့ စိတ်ကသိကအောက် ဖြစ်သွားရတယ်။ ချာတိတ် (ဆက်ဆံရေးပိုင်းမှာညံ့လို့)ပဲဟု သဘော ပိုက်ကာ သက်ပြင်းပူတစ်ချက်မှုတ်လျက် ဆိုင်ပြင်ထွက်လာလိုက်ပါ တယ်။ ထိုသက်ပြင်းတစ်ချက်ကြောင့်ပဲထင်ပါရဲ့။ ကျွန်တော့် ဝန်းကျင်ပတ်လည်မှာ နှင်းတွေမှိုင်းရစ်ပြီး ငွေ့ရည်ဖွဲ့လာတယ်။ ခဏကြာတော့ ကျွန်တော်စိတ်ညစ်တစ်တစ်ဖြစ်ရတာတွေလည်း လွင့်ပြယ်သွားတယ်။ ဆိုင်ပြင်ရောက်တော့ ကိုမင်းထင်က

'တွေ့လား'

'မတွေ့ပါဘူးဗျာ . . . . . မရှိဘူးတဲ့ . . . . . အပြင် သွားလို့တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကပင်

'ရပါတယ် ..... နောက်နေ့ပေါ့'

'ဒါဆိုလည်း .....လာလေကွာ .....ဒီဆိုင်မှာပဲ သောက်လိုက်ကြတာပေါ့'

'ဒီဆိုင်မှာ လက်ဖက်ရည်ရောရရဲ့လား'

'အာ .....မင်းကလည်း ရတာပေါ့ကွ'

ထိုဆိုင်လေးမှာပဲ ကျွန်တော်တို့ ထိုင်ဖြစ်ကြပါတယ်။ စကားပြောရင်းဘာရင်း ကျွန်တော်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။ ဈေးဝယ်စရာရှိတာဝယ်ပြီး ကျွန်တော်နဲ့ ကိုမင်းထင် အိမ်ပြန်လာလိုက်တယ်။ ဌေးလွင်က ဆိုင်တဖက်နဲ့ဆိုတော့ ညမှ အိမ်ပြန်ရောက်တတ်တယ်။

## Chapter II

ဒီမြို့လေးမှာနေရတဲ့ ရန်ကုန်သား ကျွန်တော့်အဖို့ အအေးဓာတ်ပိုကဲသည်ထင့်။ ညနက်လေ အအေးဓာတ်ပိုလေ ဖြစ်လို့လာတယ်။ မြောက်ပြန်လေတွေ ပြောင်းဆန်အောင် စူးစူးဝါးဝါးအော်မြည်တိုက်ခတ်နေပြီး တချက်တချက် ကျောပြင်မှာ စိမ့်ခနဲ .... စိမ့်ခနဲ။

ဒီလိုနဲ့ သွားရင်း.....လာရင်း..... ဒီဇိုင်းကာလာတွေထဲ နစ်မျောရင်း .....။

ဒီလိုနဲ့ သွားရင်း ..... လာရင်း .....လမ်းတွေလျှောက်ရင်း .....။

လျှောက်ရင်း .....လျှောက်ရင်း .....လမ်းတွေအခါခါမှားရင်း။

လမ်းမလျှောက်တတ်ရင်း ...အလဲလဲအပြိုပြိုဖြစ်ရင်း .....။

ဒီလိုနဲ့ ရက်သတ္တတစ်ပတ်မှာ ကုန်မှန်းမသိကုန်သွားခဲ့ပြီ။ ဒီဇင်ဘာလဆန်းပိုင်း ပြက္ခဒိန်မှ သောကြာဟူသော ရက်တစ်ရက်၏ တစ်ညမှာပေါ့။ ကျွန်တော်တို့သုံးယောက် ညီညီလတ်တို့ ဆိုင်ထိုင်ဖြစ်သည်။ ညီညီလတ်နှင့်လည်း ခင်မင်သွားသည်။ သူ့ဆိုင်ပြင်ဆင်ဖို့ ဒက်ကရေးရှင်းလုပ်ဖို့ အိမ်ကိုအရောင်ပြန်တင်ဖို့ ဒီဇိုင်းကိစ္စ ဆွေးနွေးလို့၍ ကျွန်တော်နဲ့ခင်မင်လိုကြောင်း သိခဲ့ရတယ်။ ထိုည ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ထိုင်ဝိုင်းက စည်ကားလွန်းနေတယ်။ ကက်ရှာကောင်တာနဲ့ အနီးဆုံးဝိုင်းမှာ ထိုင်နေကြခြင်းဖြစ်ပြီး ကိုငံပြာရည်လည်း ပါနေတာကြောင့် အတော်ပွဲကျနေပါတယ်။ ဘေးဝိုင်းကလူတွေက Coffee Shop ဆိုတော့ Standard ရှိရှိ အိန္ဒြေရရ စားသောက်နေကြပေမဲ့ တော်တော်အခြေအနေဆိုးနေတဲ့ ကျွန်တော်တို့ဝိုင်းကိုကြည့်ပြီး မဲ့တဲ့တဲ့တောင်လုပ်လိုက်ကြသေးတယ်။ ကိုငံပြာရည်ဆိုတာ သူ့နာမည်ရင်းက တင်ထွန်းအောင် နေရာတကာမှာ သူပါလွန်းနေလို့ အရပ်ထဲက ဆားပုလင်းမလုပ်ဘဲ ငံပြာရည်ဆိုပြီး လုပ်ချလိုက်တာ။ သူကတော့ ပျော်တတ်တယ်။ အစအနောက်လည်း အားကြီးဝါသနာပါတယ်။ ကိုငံပြာရည်က အမူအရာဟန်ပန်အမျိုးမျိုးနဲ့ ဟာသလုပ် သရုပ်ပြနေတာနဲ့ တစ်ဝိုင်းလုံး ရယ်သွမ်းသွေးနေကြတယ်။ ကိုညီညီလတ်ကပါ တော်တော်မြိုင်နေတဲ့ ကျွန်တော်တို့ဝိုင်းကို လာထိုင်လိုက်တယ်။ ဒါပေမယ့် ကျွန်တော်တို့ဝိုင်းမှာ ဒီလောက်ပျော်စရာကောင်း၊ ကြည်နူးစရာကောင်းနေတာတောင် လူတစ်ယောက် တချက်ချက်မှသာ ပြုံးရုံပြုံးပြီး အေးဆေးတည်ငြိမ်နေတယ်။ ပြောရရင်တော့ ကျွန်တော်ပါပဲ။ ဘာကြောင့်မှန်းမသိ ကျွန်တော်အပြင်ငေးကြည့်ပြီး မျောနေတယ်။ အူမြူးနေကြသူတွေကြားမှာတော့ ကျွန်တော့်မျက်နှာက ထင်းကနဲ။ တအောင့်ကြာတော့ ကိုငံပြာရည်လည်း သရုပ်မပြတော့ဘဲ ထိုင်လိုက်ပြီး လက်ဖက်ရည်မှာလိုက်တယ်။ ကျွန်တော် ကတော့



နှင်းငွေ့ရိုက်ထားတဲ့စားပွဲကို ငေးစိုက်ကြည့်ရင်း နှင်းငွေ့နဲ့ တစ်စုံတစ်ရာရေးခြစ်နေပြီး အတွေးနက်နေတယ်။ ကိုငံပြာရည်အတွက် လက်ဖက်ရည်လာချသော လက်ချောင်းလေးတွေမှာ ဝိတ်တာတစ်ယောက်မှာ ရှိသင့်တဲ့လက်တွေထက်ပိုပြီး လှပသွယ်လျလွန်းနေတယ်။ စားပွဲကို စူးစိုက်ကြည့်နေရင်းက ကျွန်တော့်မြင်ကွင်းထဲ ထိုလက်လေးတွေ ဝင်လာခြင်းဖြစ်သည်။ အစကတော့ ဘာရယ်မဟုတ် အမှုမဲ့အမှတ်မဲ့နေလိုက်တာပါပဲ။ ဒါပေမဲ့ အမှတ်မမဲ့နိုင် တဲ့စကားသံက ကျွန်တော့်သဋ္ဌါရုံဆီကို လွင့်ပျံကျဲချလာပါတော့တယ်။ ကိုငံပြာရည်က လက်ဖက်ရည်လာချပေးတဲ့ နှင်းလက်ပိုင်ရှင်ကို ကျီစယ်နောက်ပြောင်လိုက်ရာက စလာတာပါ။ သူတို့ချင်းကလည်း တစ်မြို့တည်းနေ၊ တစ်ရေတည်းသောက်ဆိုတော့ အလွန်ရင်းနှီးကြတယ်။ ကျွန်တော်ကသာ. . . . ။ ကိုငံပြာရည်က ကျွန်တော်တို့ဝိုင်းထဲ လက်ဖက်ရည်လာချပေးသူကို နောက်လိုက်ရင်း ဟာသစကားလုံးတစ်ချို့ ပစ်သွင်းလိုက်သည်။

‘ ဒီချာတိတ်မလေးပေါ့ဗျာ . . . . . ကျွန်တော့်သားနဲ့ ကြိုက်နေတယ်ဆိုတာ ’

ဒီအခါ ချာတိတ်မဟုတ်သော မြီးကောင်ပေါက်စ ထိုကောင်မလေးက

‘ သွား . . . . . ဘာမှမဟုတ်ဘူးနော် . . . . . အလကား လျှောက်ပြောမနေနဲ့ ’

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ရှက်တက်တက် လေသံလေးနဲ့ ပြောလိုက်တော့ တစ်ဝိုင်းလုံး ကောင်မလေးရဲ့ ချစ်စနိုးအသံလေးကြောင့် ရယ်ကြပါတော့တယ်။ ထိုထဲတွင် ကရင်ဘုတ်ဒွေးလွင်က လူနဲ့မြင်းစပ်ထားသလို 'ဟရှူး . . . . . ဟူး . . . . . ဟူး . . . . . ဖူး' ဆိုပြီး ရယ်ပါလေရော။

ထိုစဉ် ကျွန်တော့်အတွေးစီးကြောင်းထဲ ကောင်မလေး စကားသံမှာ တိုးမပေါက်နိုင်အောင် အုံခဲနေတဲ့ လူအုပ်ကြီးထဲကို ဗုံးတစ်လုံး ပစ်ကျဲချလိုက်သလို ပေါက်ကွဲလွင့်စင်လို့ထွက်သွားတယ်။ ကျွန်တော့်အတွေးတို့လည်း စုပ်စမြုပ်စပါပဲ။ သူမကို ကျွန်တော် တချက်မော့ကြည့်လိုက်တော့ မျက်ဝန်းထဲမှာ အပြုံးရိပ်ကိုမှ ကျွန်တော်ဆိုတဲ့ကောင်ကလည်း မြင်ဖြစ်အောင် မြင်သွားပါတယ်။ ပြီး . . . . ကက်ရှာကောင်တာမှာ သူမသွားပြန်ထိုင်နေလိုက်တယ်။ ကျွန်တော် သူမကို ဆက်မကြည့်ဖြစ်တော့ဘဲ တစ်စုံတစ်ခုကို တွေးနေမိတော့တယ်။ ဝိတ်တာလေးတွေရှိနေတာတောင် သူမကိုယ်တိုင် ဘာလို့လက်ဖက်ရည် လာချပေးရတာလဲ။ ကျွန်တော့်အတွေးတို့ ရိုက်ခတ်ကုန်ပြီ။ ကျွန်တော်ပဲ စကားအကျအန ကောက်လွန်းတဲ့ ဉာဉ်ရှိလို့လားတော့မသိဘူး။ သူမခုလို ရှက်တက်တက်လေးဖြစ်ပြီး ပြောလိုက်တဲ့ ချွဲနွဲ့မှုရာစကားတွေက ကျွန်တော့်ကို ရည်ရွယ်နေတယ်လို့ ခံစားနေမိတယ်။ သူမရဲ့ ဒီစကားလုံးတွေက ဘယ်ကိုဦးတည်ပစ်ခွင်းလိုက်တယ်ဆိုတာ ကျွန်တော်သိနေပေမဲ့



ဘာကြောင့် သူမ အဲလိုပြောရတယ်ဆိုတာကို ကျွန်တော်နားမလည်နိုင်ပါ။ (မိန်းကလေးတွေနဲ့ ပတ်သက်လာရင် တခါတလေ ကျွန်တော်တို့ ယောက်ျားလေးတွေ ဉာဏ်ကိုမမှီနိုင်အောင် လက်ဖျားခါရပါတယ်။) ဘာဖြစ်လို့ဆိုတော့ လွန်ခဲ့တဲ့တစ်ပတ်ကျော်လောက်ကပဲ ကျွန်တော့်ကို ဘုကလန့်တိုက်လွှတ်လိုက်ပြီး ခုကျမှ ဘယ်လိုဖြစ်ရတယ်ဆိုတာ မသိပါဘူး။

ကျွန်တော့်အတွက် ဒီညကတော့ Question တစ်ပုဒ်နဲ့ နပန်းသတ်ပုတ်ရတော့မဲ့ညပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## Chapter III

အိမ်ရောက်တော့ နာရီဒိုင်ကွက်၌ 10:00 Pm။ ဆိုင်က ထတော့ 9:30 Pm။ နာရီဝက်အတွင်းမှာ ဖြေရှင်းလို့ မရနိုင်တဲ့ Questionမှန်းသိရက်နဲ့ တလမ်းလုံး ကျွန်တော်တွက်ချက်ရင်း အဖြေ ထုတ်လာနေခဲ့။ အိပ်ယာထဲမှာလည်း ဟိုလှိမ့်ဒီလှိမ့်နဲ့ အချိန် တစ်နာရီကျော်သာ ကုန်သွားတယ်။ လုံးဝအိပ်လို့မရ။ Why? ဆိုတဲ့ မေးခွန်းပေါင်းများစွာ ကျွန်တော့်ဦးနှောက်မှာ ပလုံစီလာတယ်။ ကိုယ်ကိုယ်တိုင် ထုတ်လို့မရနိုင်တဲ့အဖြေအတွက် (Reference) အကိုး အကား မြို့ခံနှစ်ကောင်ကို လှုပ်နှိုးရတော့တယ်။ ဘေးမှာ အတုံး အရုံးကွေးနေပြီဖြစ်တဲ့ ကိုမင်းထင်နဲ့ ဒွေးလွင်ကို ခြေထောက်နဲ့ စောင့်ကန်ပြီး. . . . .

' ဟေ့ကောင်တွေ . . . . . ထစမ်း . . . . . မြန်မြန် '

အိပ်မှုန်စုတ်ဖွားနှင့် ကိုမင်းထင်က

' ဘာလဲကွာ . . . . . ဒီမှာ အိပ်ကောင်းနေရတဲ့ကြားထဲ မင်းကတမျောင့် '

အအိပ်မက်တဲ့ ကိုမင်းထင် ဆောင်းတွင်းအအေးဓာတ်ကို မီးလိုလှုံပြီး စောင်ပြန်ခေါင်းမူးခြုံတယ်။ ဒီပုံစံနဲ့ဆို နှစ်ကောင်လုံးကို နှိုးလို့ရမှာ မဟုတ်ဘူး။ ဒါနဲ့



'အား. . . . . လုပ်ကြပါဦးဗျာ . . . . . ပျော့စိပျော့စိနဲ့ . . . . . ဘာကောင်ကြီးလဲမသိဘူး. . . . . အမငီး '

ကျွန်တော် လိပ်ခေါင်းထွက်မတက် အားကုန်ညစ်အော်တော့မှ နှစ်ကောင်လုံး ကမူးရှူးတူးထလာပြီး

' ဟေ့ကောင် . . . . . ဘယ်မှာလဲကွ . . . . . ဘယ်မှာလဲ '

အိပ်ချင်တာတွေရော၊ စောင်ပါ ဘယ်ရောက်ကုန်မှန်းမသိ ဖြစ်ကုန် ပါတော့တယ်။ ကျွန်တော့်ကို ဒီနှစ်ကောင်လှမ်းကြည့်ကာမှ ဒီက ကောင်ကလည်း မထိန်းနိုင်တော့ဘဲ ' ခွီး 'ကနဲ ရယ်ချလိုက်ပါတယ်။ နှစ်ကောင်လုံးစိတ်ဆိုးမာန်ဆိုးနဲ့

' ဟာ . . . . . နိုင်ကြီးရာ . . . . . မင်းကွာ . . . . . တော်တော်ဆိုးတဲ့ကောင်'

ပြန်အိပ်ဖို့ နှစ်ကောင်သား စောင်လှမ်းဆွဲတော့

'ဟာ. . . . . ဟေ့ကောင်တွေ . . . . . ပြန်မအိပ်နဲ့လေကွာ. . . . . မေးစရာရှိတယ်။ အရေးကြီးလို့ပါဆိုမှ'

ထိုအခါမှ နှစ်ကောင်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်။ ပြီး . . . . . အခဲမကျေသလို ကျွန်တော့်ကို မရမ်းသီးပုပ်ရောင် မျက်လုံးတွေနဲ့ကြည့်ပြီး ကိုမင်းထင်က

' ဘာမေးမှာလဲ . . . . . မေး'

' အာ . . . . . ခင်ဗျားကလည်း၊ ဒီလိုတော့ဘယ်ဖီလင်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါ့မလဲ။ ကဲ . . . . . ကိုမင်းထင် . . . . . ကော်ဖီနဲ့ လက်ဖက်နဲ့ဆို ပိုမမြိုင်ဘူးလားဗျ ’

‘ တော် . . . . . တော်နိုင်လွန်းပါ့ကွာ ’

ပြောပြောဆိုဆို သုံးယောက်လုံး အောက်ထပ်ဆင်းလာလိုက်ကြတယ်။ အိမ်က ခြံဝန်းကျယ်ကြီးထဲမှာ ထီးထီးကြီး။ အုတ်ခံထပ်ပြီး အပေါ်ပြင်ထောင်နဲ့ ဆောက်ထားတာဆိုတော့ အပေါ်ထပ်က နည်းနည်းပိုနွေးတယ်။ ဒီလို ဆောင်းတွင်းမှာဆိုရင် အောက်ထပ်က နဂိုရှိရင်းစွဲ အအေးဓာတ်ရဲ့ နှစ်ဆကိန်းလောက် မြင့်တက်နေပေမဲ့ ကျွန်တော်အရမ်းကို တက်ကြွနေတယ်။ စိတ်တွေအရမ်းထက်သန်လွန်းလို့လားမသိဘူး။ နဲနဲတောင် နွေးတေးတေးလေး ဖြစ်လာသလိုပဲ။ ဟိုနှစ်ကောင်တော့ အတော်စိတ်ပိန်နေမှာ သေချာတယ်။ လက်ဖက်၊ ကော်ဖီ၊ ရေနွေးတစ်အိုးအသင့်ပြင်ကာ လင်ဗန်းထဲထည့်ပြီး ကိုမင်းထင် မီးဖိုဆောင်မှယူလာသည်။ လင်ဗန်းချပြီးတာနဲ့ ကိုမင်းထင်က

‘ ကဲ . . . . . ဆိုစမ်းပါဦး . . . . . မင်းက . . . . . ဘာသိချင်လို့ . . . . . ဘာကိုမေးချင်တာလဲ’

ဘေးမှာ အူတူတူနှင့် ဒွေးလွင်စောင်ကြီးခြုံလျက် ဆေးပေါ့လိပ်ဖွာနေသည်။ ကျွန်တော် စီးကရက်တစ်လိပ်ထုတ်ကာ နှုတ်ခမ်းမှာ တေ့လျက် မီးညှိပြီး ပြောမလိုလိုနဲ့ အဝေးတနေရာကိုကြည့်လိုက် ခေါင်းတဆက်ဆက်ညိတ်လိုက် လုပ်နေတာနဲ့



‘ ဟော့ကောင် . . . . . ဘာအိုက်တင်ခံနေတာလဲ . . . မေးစရာရှိတာ မေးလေကွာ ’

‘ မေးမှာပေါ့ . . . . . အေးဆေးလေဗျာ . . . . . ခုဟာက သေသေချာချာ သိချင်တဲ့မေးခွန်းတစ်ခုကို မေးမှာမို့လို့ . . . . . နဲနဲစဉ်းစားနေတာ ’

ဒွေးလွင် စိတ်မရှည်တော့တဲ့ပုံမျိုးနဲ့ ဆေးပေါ့လိပ်ကို ပြာခွက်ထဲထိုးချေရင်း ကော်ဖီခွက်ကို လှမ်းကိုင်မယ်အလုပ် . . . . ။ ကျွန်တော်က ရုတ်တရက် အသံကျယ်ကို မြှင့်ကာ

‘ ဒီလိုဗျ ’

‘ ဟာ . . . . . မင်းကလည်း . . . . . ဖြေးဖြေးပြောပါ . . . . . လန့်လိုက်တာ . . . . . ကော်ဖီကိုင်မဲ့လက်တောင် တွန့်သွားတယ် ’

‘ အင်း . . . . . အရင်ဆုံးမေးချင်တာက . . . . . ကျွန်တော်ခုနတုန်းက ခင်ဗျားတို့နဲ့အတူ ဆိုင်မှာထိုင်နေတော့ ကိုင်းပြာရည်ကို လက်ဖက်ရည်လာချပေးတဲ့ကောင်မလေးလေ . . . . . ကောင်တာမှာ ထိုင်နေတာ . . . . . အဲဒါ ဘယ်သူလဲဗျ ’

ကိုမင်းထင် ကျွန်တော့်စကားဆုံးတော့ အရယ်တဝက်နှင့် ခေါင်းတဆက်ဆက်ညိမ့်ကာ

www.burmeseclassic.com

www.burmeseclassic.com



'အင်း . . . . . အင်း . . . . . လက်စသတ်တော့ မင်းက ဘယ်ဘက်ရင်အုံမှာ ပွင့်တဲ့ပန်းအကြောင်း မေးချင်လို့ကိုး . . . . . ဟား. . . . . ဟား'

'ဒါဆိုရင်တော့ . . . . . ငါညီ . . . . . မင်းလက်လျှော့လိုက်တော့'

'ဟ . . . . . ခင်ဗျားကလည်း ကျွန်တော်က Question တစ်ပုဒ်ရဲ့အဖြေကို သိချင်တာ . . . . . ဒါကြောင့် အစပျိုးတဲ့အနေနဲ့ သူ့အကြောင်း၊ သူဘယ်သူလဲဆိုတာမေးတာ'

'အေး . . . . . သူကတော့ ညီညီလတ်ညီမကွ . . . . . မွေးချင်းသုံးယောက်ရှိတယ်. . . . . သူကအငယ်ဆုံး . . . . . သူတို့က မောင်နှမသုံးယောက် . . . . သူ့မှာအစ်ကို တစ်ယောက် . . . . အစ်မတစ်ယောက်ရှိတယ်'

ဒွေးလွင်ကပါ ကျွန်တော်တို့ ပြောနေတဲ့ စကားထဲဝင်လာပြီး

'ဟေ့ကောင် . . . . . အားလုံး ဖိုက်တာတွေကြီးပဲနော်။ သူ့အစ်မဆို တကယ့်ငါးစိမ်းသည်ပါးစပ်။ အာကြမ်း၊ လျှာကြမ်း။ အဆဲနည်းပေါင်းစုံကို လျှာမှာယောက်မတပ်ပြီး မွေးလို့ရတယ် ငါ့ကောင် . . . . .။ ပြီးတော့ သူ့အစ်ကို ညီညီလတ်ဆို ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်ဆိုတဲ့ကောင်. . . . .။ တကယ့်ဖိုက်တာ အကြီးစား။ ဒီမြို့မှာ နာမည်ကြီးတွေပေါ့ကွာ'



ကိုမင်းထင် ကျွန်တော့်အတွက် ရင်လေးရတဲ့ ပုံမျိုးနဲ့

'ငါ့ကောင်ရေ. . . . . မင်းဟာကတကယ့် Adventure စွန့်စားဇာတ်ပဲဟေ့။ ဝက်ပါလို ချာလပတ်ရမ်းမဲ့အပြင် ဆူးတွေနဲ့ ဝန်းရံနေတဲ့ နှင်းဆီကိုမှ ရင်ခုန်မိတာကိုးကွ . . . ဟား . . . ဟား'

ကျွန်တော် ဒီနှစ်ယောက်ပြောတဲ့စကားတွေကို နားထောင်ပြီး မချိပြုံးတစ်ချက်ပြုံးကာ စီးကရက်တချက်ရှိုက်လိုက်ပြီး မှုတ်ထုတ်လိုက်တယ်။ မီးခိုးများ၊ နှင်းငွေ့တွေကြားထဲ တိုးဝင်ယှက်ဖောက်ကုန်သည်။ ပြီး . . . . . ကျွန်တော်က

'Cause & Affect ဆိုတာကို ခင်ဗျားတို့ ကြားဖူးလား'

'ကြောင်းကျိုးတရားလေ . . . . . အဲဒါဘာဖြစ်လဲ'

'လောကမှာ ကြောင်းကျိုးတရားနဲ့ လွတ်ကင်းတဲ့အရာ ရယ်လို့ ဘာမှမရှိဘူး။ ပြဿနာကို ဦးတည်တဲ့ အကြောင်းတရားတိုင်း ပြဿနာဆိုတဲ့ ဆိုးကျိုးတရားပဲ ဖြစ်ပေါ်တတ်တယ်။ ပြဿနာ မဖြစ်စေတဲ့အကြောင်းကို ဦးတည်ရင်တော့ ရလဒ်ကတစ်မျိုး ပြောင်းသွားတယ်ဗျ။ အဓိက Cause ပေါ်မှာ မူတည်တာ။ Affectက Causeကြောင့် ဖြစ်လာရတာ။ အဲတော့ . . . . . Causeကိုသာ သေချာအောင်လုပ်နိုင်ရင် Affect က good affect ပေါ့ဗျာ . . . . . ဟုတ်ဘူးလား'

ကျွန်တော်ပြောလက်စစကားကို ထပ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ..... ထားပါတော့ ..... ကျွန်တော် အဓိက ခင်ဗျားတို့နဲ့တိုင်ပင်ချင်တာ၊ အဖြေညှိချင်တာက ကိုင်ပြည်ရှည် သူ့ကိုနောက်လိုက်တော့ သူရှိုးတိုးရှန်းတန်းပြောလိုက်တဲ့ စကားတွေက ကျွန်တော်နဲ့ အစွန်းမလွတ်ဘူးလို့ထင်တယ်။ ဘာလို့လဲဆိုတော့ သူ့စကားလုံးတွေရဲ့ နောက်ကွယ်မှာ သူတကယ်ပြောချင်တဲ့ သဘောတွေကို ကျွန်တော်မြင်လိုက်ရလို့ပဲ'

ကိုမင်းထင် စိတ်အတော်ပျက်သည့်ပုံမျိုးဖြင့်

'ဟာ့ ..... ဟော့ကောင်..... နိုင်ကြီး..... မင်း အဲဒီ စကားအကျအနကောက်တတ်တဲ့အကျင့်ကို ငါတို့ဆီမှာပဲ ရပ်ပါကွာ ..... ဟိုအထိခေါ်မသွားစမ်းပါနဲ့'

ကျွန်တော်ချက်ချင်းပင် လက်ကာခြေကာလုပ်ပြီး ငြင်းပါတော့တယ်။

'အာ..... မဟုတ်ဘူး..... ကိုမင်းထင်.....

မဟုတ်ဘူး..... ကျွန်တော် စကားအကျအနကောက်နေတာ မဟုတ်ဘူး။ ကျွန်တော့်အတွင်းထဲက senseကကို အလိုလိုနေရင်း သိနေတယ်ဗျာ'

'ကဲ ..... မင်းကဘာကိုသိနေတာလဲ ..... သူပြောချင်တာက ဘာသဘောလို့ထင်လဲ'

ဒွေးလွင်က ကိုမင်းထင်ကို မချိုမချဉ်မျက်နှာပေးနှင့် မျက်ခုံးပင့်ပြ လျက်ပြောသည်။



ကျွန်တော်ကတော့အလျှော့မပေး

'သူက ..... အခွင့်ကြုံတုန်း သူ့မှာ ပိုင်ရှင်မရှိဆိုတာကို ကြေညာသွားတာပဲလို့ ငါထင်တယ်။ ငါတွက်တာတော့ သေချာပါတယ်။ လွဲစရာအကြောင်းမရှိဘူး။ ဒါပေမယ့် ငါသိချင်တာက သူ့အပြောင်းအလဲလေးတစ်ချက်ကို သတိမထားမိတာပဲ'

နှစ်ယောက်လုံးပါးစပ်ပြဲကြီးနဲ့ နားထောင်နေသည်။ ကိုမင်းထင်က စဉ်းစားသလိုလိုနှင့် လက်ဖက်ပန်းကန်ထဲလက်ရောက်သည်။ ကျွန်တော်လည်း လက်ဖက်တစ်ဇွန်းကောက်ဝါးကာ ဇာတ်ရေလည်အောင် ရှင်းပြရပါတော့တယ်။

'ပြီးခဲ့တဲ့ တပတ်ကျော်လောက်က ညီညီလတ်နဲ့ မိတ်ဆက်ဖို့ဆိုပြီး ငါတစ်ယောက်တည်း ဆိုင်ထဲဝင်သွားတာ မှတ်မိတယ် မဟုတ်လား'

'အေးလေ ..... ငါပဲ ..... မင်းကိုသွားခိုင်းလိုက်တာ'

'အေး ..... အဲဒီမှာ ကြိုးစက စပြီးတာထွက်တာ .....။ သူ့အစ်ကိုကို ကျွန်တော်မေးတော့ ဘုကန့်လန့် တိုက်လွှတ်လိုက်တယ်။ အဲဒီတုန်းက ကျွန်တော်တောင် ကြောင်သွားတာ။ ဟ - ဒီကလေးမ ဘာလိုင်းကြီးပါလားလို့ .....။ ဒါပေမယ့် အဲဒီတုန်းက အဲဒီကိစ္စက Question တစ်ပုဒ်အနေနဲ့ စဉ်းစားစရာ မလိုပေမယ့် ခုကိစ္စနဲ့ဆက်စပ်ကြည့်တော့ အဖြေကကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ ရေးရေးလေးပေါ်လာတယ်။ ဒါပေမယ့် သိပ်မသေချာမှာစိုးလို့ . . . . . ခင်ဗျားတို့ဆီက အကိုးအကားတွေ ရည်ညွှန်းတွေ အတင်းထတောင်းရတာဗျို့ . . . . . သိပြီလား'

အဲဒီတော့မှ ဒီနှစ်ယောက်လည်း သက်ပြင်းကိုယ်စီချပြီး . . . . . ကိုမင်းထင်က

'ဒါဆို . . . . . ကောင်မလေးက မင်းကို စိတ်ဝင်စားနေပြီလို့ မင်းက ကောက်ချက်ချချင်တာလား'

ကျွန်တော်တစ်နေရာကို စူးစူးစိုက်စိုက်ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိမ့်လျက်

'ဟုတ်တယ်ဗျ . . . . . ဒါပေမယ့် . . . . . သူကဘယ် type (အမျိုးအစား)ထဲက မိန်းကလေးမျိုးလဲဆိုတာကို ပိုသိချင်တာ'

ကော်ဖီခွက်၊ လက်ဖက်ဇွန်းကို လက်မလည်အောင် ကိုင်လိုက်ချလိုက်လုပ်နေတဲ့ ဒွေးလွင်က

'ဒါဆို . . . . . မင်း . . . . . အော်ပရေးရှင်းစမယ်ပေါ့'

'စ မယ်ရယ်လို့တော့မဟုတ်ပါဘူး . . . . သူနဲ့ ပတ်သက်တဲ့ Data (အချက်အလက်)တွေ အရင်စုလိုက်ဦးမယ်။ တနည်းအားဖြင့် စုတာကစတယ်လို့ပြောလို့ရတာပေါ့။ စုရင်းစတာ ပေါ့ကွာ . . . . . ဟင်း. . . . . ဟင်း'



'ဒါနဲ့ ခုနမင်းပြောတဲ့ ရေးရေးလေးပေါ်လာတဲ့ အဖြေဆိုတာဘာလဲ'

'ဒီလိုလေ . . . . . ကိုမင်းထင်ရဲ့ . . . . . အရမ်းလှတဲ့ မိန်းကလေးတော်တော်များများက သူတို့ဆီကို ချဉ်းကပ်လာသမျှ ယောကျ်ားလေးတိုင်း သူတို့ကို စိတ်ဝင်စားလို့ . . . . . သူတို့ကို ကြိုက်လို့ . . . . . အဲလိုပဲ ထင်နေတတ်ကြတယ်။ အဲတော့ ငနဲ တော်တော်များများက 'ဒါပဲ'ဆိုပြီးအတင်းလိုက်စကားပြော . . . . . လိုက်တွန်းတော့ အလင်းနှစ်သန်းပေါင်းများစွာသာ ကုန်သွားတာ အဖတ်တင်တယ် . . . . . ဘာမှထူးမလာဘူး . . . . . နောက်ဆုံး လက်လျှော့လိုက်ကြရတယ် . . . . .။ ရခဲ့ရင်လည်း ဟိုကညင်းတာနဲ့တင် ချစ်သူဘဝကြည်နူးစရာ၊ သာယာစရာတွေ မရတော့ဘူး။ ခု . . . . . ကျွန်တော်ကျတော့ (သူ့အထင်အရ) သူ့အစ်ကိုအကြောင်း စကားရောဖောရောနဲ့လာမေး . . . . . နောက်နေ့တွေ ဇာတ်လမ်း လုပ် . . . . . အဲလိုတွက်ထားပုံရတယ်။ ဒါပေမယ့် ကျွန်တော်က မသိသလို ဖာသိဖာသာနေပစ်လိုက်တော့ . . . . .

'ငါ့လို လှတပတမိန်းမကိုတောင် စိတ်မဝင်စားဘဲ အတွေးထဲ မျောနေရလောက်အောင် သူကဘာလဲ'. . . 'အဲ . . . . . အဲလို အထင်တွေတသီကြီး သူ့ခေါင်းထဲမှာ ပုံသွားရော . . . . . ဘာလို့လဲဆိုတော့ လူဆိုတာ မရနိုင်တာကိုမှ ပိုလိုချင်တာလေ . . . . .

www.burmeseclassic.com

www.burmeseclassic.com



လွတ်သွားတဲ့ငါး ကြီးတာပေါ့ဗျာ . . . . . အဲတော့ သူထင်ထားသမျှ ကြံ့ဖူးသမျှတွေနဲ့ တက်တက်စင်အောင်လွဲတော့ ကျွန်တော်က သူ့စိတ်ဝင်စားမှု နယ်ပယ်ထဲမှာ ထင်းကနဲပေါ့ . . . . .။ ကျွန်တော်က တွက်ချက်ပြီးမှ ဒီလိုမျိုးလုပ်ခဲ့တာ မဟုတ်ဘူးလေ . . . . .။ သူ့ကိုသိတောင်မှမသိတာ . . . . .။ ဒါပေမယ့် ကျွန်တော်အခု လှုပ်ရှားလိုက်တဲ့ ပုံစံအနေအထားတွေက သိသိကြီးနဲ့ စနစ်တကျ တွက်ချက်ပြီး အကွက်ရွှေ့တဲ့စံတွေနဲ့ သွားညီနေတာဗျ'

ကျွန်တော်စီးကရက်တချက်ရှိုက်ပြီး မီးခိုးတွေ မှုတ်ထုတ်ကာ ကော်ဖီတငုံသောက်သည်။ ပြီး . . . . .

'ခု အခြေအနေကို တွက်ဆပြီး ကျွန်တော်ပြောနိုင်တာက . . . . . ခင်ဗျားတို့စောင့်သာကြည့်နေ . . . . . နောက်နေ့ သူ့ဆိုင်သွားထိုင်ရင် သူ့ဆီက စိတ်ဝင်စားတဲ့အကြည့်တွေရမယ်။ ကျွန်တော့်ကို ကြေးမုံပြုပြီး ကျွန်တော်ဝတ်စားတတ်တဲ့ အရောင်အဆင်းနဲ့တူအောင် လိုက်ဝတ်မယ်။ ကျွန်တော့်နေပုံထိုင်ပုံ၊ ပြုမူပုံတွေအတိုင်း သူလိုက်တုပြီး လုပ်လိမ့်မယ်။ ဘာလို့လဲဆိုတော့ မိန်းကလေးတွေမှာက 'မိန်းမသိက္ခာ' ဆိုတာကြီးက ကာစီးနေတော့ ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားကြောင်းပြတဲ့အနေနဲ့ အသုံးပြုဖို့ ကိရိယာ(လက်နက်)တွေက ဒါတွေပဲရှိတာလေ'



'ဟာ့ . . . . . ဟော့ကောင်ရေ . . . . . ခုတင် . . . . . Data တွေ များများစားစား လိုက်စုစရာမလိုဘဲ . . . . တော်တော် တောင်ဟုတ်နေပြီ . . . . . ဟား . . . . . ဟား'

ဌေးလွင်က ဆေးပေါ့လိပ်ကိုက်ထားရင်း ဗလုံးဗထွေးနဲ့ပြောတယ်။ ကျွန်တော်လည်း တစ်စုံတစ်ရာကို တွေးမိရင်း ဝှဲ့ဝှဲ့လဲ့လဲ့လေးပြုံးမိရဲ့ . . . . .။ သူမရဲ့ ဆိုင်နာမည်ကိုပေါ့။ 'ဆုံမှတ်' တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## Chapter IV

ကောင်းကင်ယံကိုလွှာပုံပြုလျက် နတ်သမီးတစ်ပါး နတ်သက်ကြွေကျလာနေတာ ကျွန်တော်မြင်ရတယ်။ နတ်သမီးလေးရဲ့ ရွှေအိုရောင်ဆံနွယ်မျှင်တွေဟာ စိတ္တဇဆန်စွာ လွင့်မျောနေတယ်။ ချစ်သူ . . . . . ငါအဲဒီနေ့က အိပ်မက်အပိုင်းအစတစ်ခု မြင်တယ်။ မြင်ကွင်းကဝိုးတဝါးဝါးပါပဲ။ အဲဒီ အိပ်မက်မက်ပြီး နောက်ပိုင်း တစုံတရာကို စိုးရိမ်သလို၊ မွန်းကြပ်သလို ဝေဒနာတစ်ရပ် အတွင်းထဲမှာကြိတ်ပြီး လှိုက်စားလာတော့တယ်။ ဒါပေမယ့် ကျွန်တော့် ရင်မှာ ကြယ်ခိုးကြယ်ငွေ့တွေ ပွင့်ဝေဖြာထွက်သွားတယ်။ အနာဗရပွနဲ့ နှလုံးအိမ်ကို အပြင်းစားအက်ဆစ်တစ်ခွက် ကြပက်လိုက်သလို ပူလောင်အေးစက်သွားရဲ့။ ဒီဇင်ဘာရဲ့ အဖြူရောင်တိမ်တိုက်တွေကိုခိုစီးရင်း နတ်သမီးတွေ အပျော်ကြူးပြီး သက်ဆင်းလာနေကြတယ်။ ချစ်သူနဲ့တွေ့ရှိချိန်မှာ နှင်းသီးနှင်းခဲတွေ ရွာချရမယ်လို့ ဘယ်ကျမ်းစာမှာမှ ပညတ်မထားပေမယ့် ငါ့ရင်ထဲမှာနှင်းတွေ ငွေ့ရည်ဖွဲ့လာကြတယ်။ ပြောရရင်တော့ နှလုံးသားတစ်စုံလုံးကို ပင့်ကူမျှင်တွေနဲ့ လုံးထွေးသိုင်းရစ် တုပ်နှောင်လိုက်ပြီး သွေးစိမ်းစိမ်းတွေ ညှစ်ချခံလိုက်ရတာ။ အဲဒီလိုပဲ ကျွန်တော်တွေးမိတယ်။ ဒီလိုနဲ့ ချစ်သူကို ကျွန်တော်စတင်တွေ့ရှိခဲ့ပါတယ်။ ဒါပေမယ့် ချစ်သူရယ် . . . . . ကိုယ့်မှာ အားနည်းချက် တစ်ခုရှိတယ်။



အဲဒါက အရှက်အကြောက်ကြီးခြင်းပါပဲ။ ကျွန်တော် ချစ်သူနဲ့ ရင်ဆိုင်ရမှာ ကြောက်သလိုလို၊ မူးပဲလဲသွားတော့မလိုလို။ အဲဒါကိုပဲ အချစ်လို့ခေါင်းစဉ်တပ်ရင် ကျွန်တော်ချစ်တတ်ခဲ့တာ သေချာနေပါပြီ။ တခါတလေတော့လည်း အချစ်ဆိုတာ ကိုယ်ချစ်ရသူကို ချစ်တာနဲ့ကြောက်တာ ရောပွန်းနေတယ်လို့ပဲ ကျွန်တော် ကတော့ ထင်တယ်။ ဘာအကြောင်းမှ မယ်မယ်ရရ မရှိသေးပါဘဲ ချစ်သူရှေ့ရောက်ရင် ရင်ထဲမှာတင်းကြပ်ကြပ်၊ နှုတ်ဖျားမှာ ဘာစကားမှ ထွက်လို့မရအောင် ထုံကျင်နေခဲ့တာ ဘာကြောင့်ပါလဲ။ ဘယ်လိုမဆို ရှက်ကြောက်တယ်ဆိုတာကြီးကို ကျွန်တော် ကျောခိုင်းပစ်ရတော့မှာပေါ့ ။ ဥပေက္ခာပြုမှုပေါင်းများစွာနဲ့ချစ်သူရှေ့ ကျွန်တော် တိုးလှမ်းလာရတော့မပေါ့။ ဒီလိုနဲ့ ကျွန်တော်ဟာ အိတ်ဇစ်စတန်ရှယ်လစ်တစ်ယောက် ဖြစ်ရတော့မတဲ့လား။ ချစ်သူ ကျွန်တော့် သိစိတ်မှာ စတင်နေရာယူလာပြီဆိုကတည်းက ကျွန်တော်ရှေ့ဆက်တိုးမရ ကတုန်ကယင်ဖြစ်နေရပြီ။

ကျွန်တော့်ချစ်သူရဲ့ အငွေ့အသက်တွေနဲ့ အေးမြန္မေးထွေးနေတဲ့ သူမရဲ့ Coffee Shop လေးမှာ ကျွန်တော်နေ့စဉ်လို ထိုင်တတ်လာနေပါပြီ။ တနေ့ နှစ်ကြိမ်၊ သုံးကြိမ်မကကို ထိုင်ဖြစ်လာပါတယ်။ ဒီလိုနဲ့ ချစ်သူဆီက တုံ့ပြန်မှုပေါင်းများစွာ ကျွန်တော်ရခဲ့တယ်။ အထူးသဖြင့် ညဘက်တွေဆို ကျွန်တော့်အတွက် သီချင်းလက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တွေ ပေးလေရဲ့။ သူဖွင့်တဲ့သီချင်းတွေက ကျွန်တော့်ကို ရည်ရွယ်မှန်း ကျွန်တော့်စိတ်က အလိုလိုခံစားမိနေတယ်။ ကျွန်တော့်ဘက်ကတော့ ခုထိဘာမှ မစတင်ရသေးပါဘူး။ ချစ်သူ့ဆိုင်လေးမှာ သွားထိုင်တာကလွဲလို့ ကျွန်တော်ဘာမှကို မလုပ်ဖြစ်ပါဘူး။ ပြီးတော့ . . . . ဆိုင်မှာ ထိုင်ရင်လည်း ကျွန်တော်တို့ သုံးယောက်သား စကားတွေ ဖောင်နေအောင် ပြောနေတတ်တော့ခများ ကျွန်တော့်ကို မယုံမရဲများ ဖြစ်နေပြီလား။ ကျွန်တော့်ဘက်က တကယ်မှသူ့အပေါ်မှာ ချစ်နှစ်သက်တာ ဟုတ်ရဲ့လားလို့ ချစ်သူထင်နိုင်ကောင်းပါရဲ့။ ကျွန်တော်လည်း ချစ်သူနဲ့နီးစပ်မဲ့လမ်းတွေကို ရှာဖွေနေဆဲပါ။ ဒါပေမယ့် လမ်းတိုင်းရဲ့အဝမှာ No Entry ဆိုတာကိုပဲ တွေ့တွေ့နေခဲ့ရတယ်။ ဒီလိုနဲ့ ကျွန်တော်နဲ့ချစ်သူရဲ့ နေ့တွေညတွေ ထပ်မံပြိုလဲကုန်ဆုံး သွားပါတယ်။ ဒီနောက်ပိုင်းချစ်သူနဲ့ ဘာစကားမှ မဆိုဖြစ်တော့။ အဝေးက မျှော်ငေးကြည့်ရုံနဲ့တင် ကျွန်တော်တချိန်လုံး ကျေနပ်နေခဲ့ရတာပါ။ တခါတလေတော့လည်း "မြင်သာမြင် . . . မကြင်ရတဲ့ဘဝ"ဆိုတဲ့ စိုင်းထီးဆိုင်သီချင်းကို ချစ်သူ ရှေ့တည့်တည့်မှာ အော်ညည်းပစ်လိုက်ချင်တာ။

နှင်းခိုးနှင်းငွေ့တွေနဲ့ ထွေးလုံးရစ်ပတ်နေတဲ့ ကျွန်တော့်ရဲ့ ညတွေမှာ သီချင်းလက်ဆောင်တွေရယ်၊ မှိုင်းညို့ရီဝေစူးရှတဲ့ ချစ်သူရဲ့အကြည့်ပေါင်းများစွာရယ်၊ ကျွန်တော့်ကို ကြေးမုံပြုပြီး



လိုက်လုပ်တတ်တဲ့ ချစ်သူ့အပြုအမူတွေရယ်၊ အဝတ်အစား အရောင်တူတွေရယ်ကိုသာ ကျွန်တော်ကျေနပ်ပျော်ရွှင်စွာ ပွေ့ပိုက် ပြန်လာနေဖြစ်ခဲ့တယ်။

ကျွန်တော့်အလုပ်စားပွဲက အိမ်ရဲ့မျက်နှာစာ ရှုခင်းကောင်းတဲ့နေရာကို နောက်ခံယူထားတော့ ဒီဇိုင်းဆွဲရင်း အငွေ့တထောင်းထောင်းထနေတဲ့ ကော်ဖီခါးခါး၊ ဆောင်းရဲ့နှင်းငွေ့တွေ ရောစွက်နေတဲ့မြောက်ပြန်လေ၊ ဒါတွေနဲ့ပေါင်းစပ်ထားလေတော့ ထိုခြုံကြီးနဲ့ ကျွန်တော်အရင်းနှီးဆုံးမိတ်ဆွေဖြစ်လာခဲ့ကြတယ်။ အခုမှ အသစ်ဖွင့်မဲ့ Fashion Shopအတွက် ဒီဇိုင်းတစ်ခု ဖန်တီးနေစဉ် ကိုမင်းထင် ထမင်းအိုးတည်ထားလျက် ကျွန်တော့်အနား ရောက်လာတယ်။ ကျွန်တော့်ကို အတန်ကြာ စေ့စေ့ကြည့်တယ်။ ပြီး . . . . .

'နိုင်ကြီး'

ကျွန်တော်လည်း ကိုမင်းထင်ကို မကြည့်ဘဲ ကွန်ပျူတာဖန်သားပြင်ပေါ်က Photoshopထဲမှာ ရှုပ်ခတ်ပြေးလွှားနေတဲ့ အရောင်တွေ၊ မျဉ်းဖြောင့်၊ မျဉ်းကွေးတွေကို အာရုံစူးစိုက်။ ကွန်ပျူတာကြွက်ကို ကိုင်ရွှေ့လျက်ကပင်

'ဗျား'

'မင်းဒီအတိုင်းပဲနေသွားတော့မှာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟ . . . . . ဘာကိုလဲ ကိုမင်းထင်ရ'

'ဟမ် . . . . . မင်း . . . . . ပြောတော့ မိုးတလုံး . . . လေတလုံး။ ကျွန်တော် ဒီစကားကိုကြားတော့ အံ့ဩထိတ်ပြာသွားရတယ်။

'ဟာ . . . . . ဘာကိုလဲဗျ . . . . . ကျွန်တော် ရှင်းအောင်ပြောပါဦး'

'ဟိုကောင်မလေးကိစ္စကဘာလဲ . . . . . ဒီအတိုင်း ဇာတ်မျောကြီးပဲ ထားလိုက်တော့မှာလား'

အဲတော့မှ ကျွန်တော်သဘောပေါက်သွားကာ လုပ်လက်စအလုပ်ကိုရပ်လိုက်သည်။ ဒါပေမဲ့ ကျွန်တော် လက်မှိုင်ချစိတ်ပျက်တဲ့အသွင်ပေါက်နေ၏။

'ကျွန်တော်လည်း အကြံအိုက်နေပြီ . . . . ဘာလုပ်ရမှန်းကို မသိတော့ပါဘူးဗျာ'

'ဟ . . . . . ဘာလုပ်ရမှာလဲကွ . . . . . Planချပြီးလုပ်ရမှာပေါ့ . . . . . ဒါကို မင်းပဲပြောခဲ့တာလေ'

'ကျွန်တော် သိပါတယ်ဗျာ . . . . . ဒါပေမဲ့ ကျွန်တော်မရဲဘူးဗျ'

'ဟ . . . . . ကိုယ့်ကိုစိတ်ဝင်စားနေတဲ့ မိန်းကလေးတစ်ယောက်ပဲကွာ . . . . . ရာခိုင်နှုန်းထက်ဝက်က ကိုယ့်ဘက်မှာရှိနေတဲ့ဟာ . . . . . နောက်တဝက်ကိုပဲ ကြိုးစားရမှာ . . . . . ဘာမရဲစရာရှိလဲ'



'မဟုတ်ဘူး . . . . . ကိုမင်းထင်ရ . . . . . မိန်းကလေးတစ်ယောက်က ကိုယ့်ကိုဘယ်လောက်ပဲ စိတ်ဝင်စားစေဦးတော့ . . . . . Attitude နဲ့ Rhythm ဆိုတာရှိတယ်။ အဲဒီနှစ်ခုမမှန်ရင် သူကကိုယ့်ကို ကြိုးရှည်ရှည်နဲ့ပြန်လှန်ရောပဲ'

ကိုမင်းထင် နဝေတိမ်တောင်တော့ဖြစ်သွားတယ်။

'ဘာလဲကွ . . . . . မင်းဟာက Attitudeတွေရော Rhythm တွေရော'

'ဒီလိုဗျာ . . . . . မိန်းကလေးတစ်ယောက်ရဲ့ စိတ်နေသဘောထားကို အရင်လေ့လာရတယ်။ သူ့ဝါသနာ၊ အကြိုက်၊ ဗီလင်စိတ်ခံစားချက် စသဖြင့်ပေါ့။ အဲဒါတွေကို ကိုယ်ကသိထားရမယ်။ ပြီးတော့ သူကအတွင်းစွဲလား၊ အပြင်စွဲလား ။ဒါတွေပေါ့ဗျာ။ အဲဒါတွေအားလုံးက Attitudeဆိုတဲ့ ခေါင်းစဉ်အောက်မှာရှိတယ်။ အတွင်းစွဲဆိုတဲ့သူတွေက လူစုလူဝေးနဲ့ နေရတာကို မနှစ်သက်ဘူး။ Feelingသမားတွေ။ အဲ. . . ဒါပေမယ့် သူတို့မှာ နှစ်နှစ်ကာကာစိတ်ဝင်စားမှု တစ်မျိုး၊ နှစ်မျိုးလောက်တော့ရှိတယ်။ သူတို့မှာ မိတ်ဆွေအသိုင်းအဝိုင်း ခပ်ကျဉ်းကျဉ်းပဲရှိတယ်။ သူတို့က အေးအေးလူလူနေတတ်ပြီး တွေးတွေးဆဆ ကိစ္စမျိုးတွေမှာ ခုံမင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တခြားသူတွေထက် ကိုယ့်ကိုယ်ကိုပဲစိတ်ဝင်စားတယ်။ အပြင်စွဲဆိုသူတွေကျတော့ လူစုလူဝေးနဲ့ ပေါးလားဝါးလား လုပ်နေရတာကို ကြိုက်တယ်။ တစိမ်းတရံတွေနဲ့ တွေ့ဆုံနေရတာကို နှစ်သက်တယ်။ ပြီးတော့ ကိုယ့်အရေးထက် ပြင်ပဝန်းကျင်အရေးကို ပိုပြီးစိတ်ဝင်စားတယ်။ အဲဒါတွေအားလုံးကို ပေါင်းခြုံပြီး Attitude လို့ခေါ်တယ်'

'ဒါဆို Rhythm ကရော'

'Rhythm ကျတော့ ကိုယ်ကမိန်းကလေးတစ်ယောက်ရဲ့ အဲဒီ Attitudeအားလုံးကို သိထားပြီးရင် ဘယ်လိုဝင်ထွက်ရမလဲဆိုတဲ့ စည်းချက်မှန်တဲ့ ဂွင်ကိုရှာပြီး ဝင်ထွက်ရတာ။ Rhythm (ရစ်သမ်)ဆိုတာ စည်းချက်မှန်တာကို ခေါ်တာလေ။ နှလုံးမှာတောင် စည်းချက်မမှန်ရင် နှလုံးရောဂါလို့သတ်မှတ်တာကိုပဲ ကြည့်လေ။ နှလုံးခုန်နှုန်း မြန်လွန်း၊ နှေးလွန်းရင် အဲဒါရောဂါလက္ခဏာပဲ။ အဲ. . . ဒီလိုပဲ။ မိန်းကလေးတစ်ယောက်ကို ဘယ်လိုဝင်ထွက်ရမလဲဆိုတဲ့ Rhythm မမှန်ရင်သွားရော။ Attitude လို့ခေါ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ စိတ်ကိုမဖတ်တတ်ရင် Rhythm တွေက ကစဥ့်ကလျားနဲ့ စည်းဝါးမမှန်တော့ဘူးပေါ့ဗျာ။ ကျွန်တော်လည်း သူ့ရဲ့ Attitudeတွေကို Detail (အသေးစိတ်)မသိသေးတော့ Rhythm မှားမှာ စိုးရိမ်လို့ဗျ'



ကိုမင်းထင်အတော်တော့ သဘောကျသွားပါရဲ့။ ဒါပေမယ့် သိပ်အလိုမကျဟန်ဖြင့်

'ဒါဆိုလည်း. . . မင်းဟာက. . . ရက်တွေတောင်ကြာနေပြီ. . . . . လုပ်စရာရှိတာ လုပ်တော့လေ'

ဒီလူကလည်း အစွန်းမလွတ်။ ဘာစကားမှန်းကို မသိတာ။ ကျွန်တော်လည်း သက်ပြင်းငွေ့ငွေ့ချရက်က

'ကျွန်တော် သူ့ရဲ့စိတ်ကို ကောင်းကောင်း မဖတ်နိုင်သေးဘူးဗျ။ ဘယ်သူ့ဆီစုံစမ်းရမှန်းလည်း မသိဘူး. . . . .။ ကိုယ်ကိုယ်တိုင်ကျတော့လည်း သတ္တိကသိပ်ရှိတာကိုး. . . . .။ သူနဲ့ အရင်းနှီးဆုံး မိန်းကလေးသူငယ်ချင်း တစ်ယောက်ယောက်ဆီက သိရရင်တော့ အဆင်ပြေနိုင်တယ် . . . . .။ သူ့အိမ်ကလူတွေနဲ့ ရင်းနှီးနေတာ မှန်ပေမယ့် မဖြစ်နိုင်ဘူးဗျ. . . . .။ သိရရင်လည်း မိန်းကလေးသူငယ်ချင်းဆီက သိရတာလောက် တိကျမှာမဟုတ်ဘူး'

'ဒါဆို. . . မင်း. . . ခုထိ သူ့ရဲ့ Biography ကိုယ်ရေးအတ္တုပတ္တိလေးတောင် မသိသေးဘူးပေါ့'

'သူ့နာမည်က ဟေမာန်လတ်။ ရူပဗေဒအဓိက ဒုတိယနှစ်။ အဝေးသင်တက်ပြီး Coffee Shopလေးကို ဝိုင်းကူပေးရတယ်။ မိသားစုတစ်ခုလုံးမှာ တက္ကသိုလ်တက်ဖူးသူဆိုလို့ သူနဲ့သူ့အစ်ကိုနှစ်ယောက်ပဲရှိတယ်။ သူ့မှာ ယောက်ျားလေး ဘော်ဒါတော်တော်

www.burmeseclassic.com

www.burmeseclassic.com



များတယ်။ ပြီးတော့. . . ကျွန်တော်မြင်ရသလောက်ကတော့ သူ အဲဒီကောင်တွေနဲ့ တော်ကီတွေချည့် ရောင်းနေတတ်တယ်။ ဒါလည်း ကျွန်တော့်ကို ပုံရိပ်ကူးတယ်လို့ထင်တယ်။ လောလောဆယ်တော့ သူနဲ့ပတ်သက်ပြီး ဒီလောက်ပဲသိတာ. . အဲတော့ သူ့ကိုအတွင်းစွဲလား. . . အပြင်စွဲလား. . . ခွဲခြားဖို့ခက်နေတယ်။ ကျွန်တော် သိထားတာကလည်း ဒီလောက်လေးတင်ဆိုတော့ ရစ်သမ် မမှန်မှာလည်း စိုးရတယ်'

ကျွန်တော် စကားပြော ခဏရပ်ပြီး ကိုမင်းထင်ကို တစ်ချက်ကြည့်တယ်။ ပြီး . . . . .

'အေးလေ. . . ကျွန်တော်ကိုယ်တိုင်က 'သိသာသိ မလုပ်ရဲ' ဆိုတော့ ဒီလောက်ရက်တွေကြာနေတာလည်း ဖြစ်မှာပါ'

ကျွန်တော့် စကားအဆုံးမှာ ကိုမင်းထင် အကြံရလိုက်တဲ့ပုံမျိုးဖြင့် လက်ဖျစ်တစ်ချက်တီးပြီး

'ဟာ. . . ဟော့ကောင်. . . နေဦး. . . သူ့သူငယ်ချင်း ကလျာဆိုတဲ့ကောင်မလေးနဲ့ ငါနဲ့ရင်းနှီးတယ်။ သူလည်း Coffee Shop ဖွင့်ထားတာ။ သူ့ဆီက မင်းသိချင်တဲ့ ဟောမာန့် Attitudeတွေ ဆွဲထုတ်လို့ရနိုင်တယ်'

ကျွန်တော်အလွန်ပျော်ပြီး ကိုမင်းထင်လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားမိတော့ ကိုမင်းတင် သူ့လက်ကို ဆုပ်ထားတာကို



ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်လုပ်နေတာနဲ့ ကျွန်တော်လည်း အမ်းတမ်းတမ်း ဖြစ်သွားတယ်။ ပြီး . . . . .

'ဒါပေမယ့်. . . ဟော့လူ. . . ကလျာ့ကို ကျွန်တော်သိချင်တဲ့ Attitude တွေမေးတဲ့နေရာမှာ ပါးဖို့တော့လိုတယ်နော်. . . မိန်းကလေးတွေက သူစိမ်းယောကျာ်းတွေရှေ့မှာ သူတို့မိန်းမသားတွေရဲ့ စိတ်ခံစားချက် အကြောင်းပြောရင် အကုန်အစင် သိပ်ပြောတာမဟုတ်ဘူး. . . မေးတဲ့နေရာမှာ ကိုယ်လိုချင်တဲ့ ပွိုင့်ကိုရဖို့ ပတ်ကွေ့ပြီး မေးရတာဗျ. . . တခါတခါ အခွင့်အရေးရရင်ရသလို Counter Questionတွေပါ ပစ်ဘွင်းပစ်ရတာ. . .'

ကိုမင်းထင် သူ့ကို ကျွန်တော် ငအကြီးအတိုင်း အပ်ကျမှတ်ကျ ပြောနေလို့

'အမလေးကွာ. . . မင်းကလည်း. . . ဒါလောက်တော့ ငါနိုင်ပါတယ်ကွာ. . . ဒါငါ့မြို့။ ငါတို့ဆီက မြို့သူတွေပါ။ ဒီလောက်မှ မနပ်ရင်လည်းကွာ. . . မင်းကလည်း. . . ဟဲ. . . ဟဲ'

www.burmeseclassic.com

www.burmeseclassic.com

## Chapter V

ဆောင်းလေတွေ ဝူးဝူးဝါးဝါး တိုက်ခတ်နေပြီး ရော်ရွက်တွေ မြေခနေတယ်။ ညက ကျွန်တော့် ဆောင်းအိမ်မက်ထဲ ချစ်သူ ရောက်လာတယ်။ သတို့သမီးဝတ်စုံ အဖြူရောင်လေး ဆင်မြန်းလို့ရယ်ပေါ့။ 'လှရက်လိုက်တာ ငါ့ရဲ့အဖြူရောင် သတို့သမီးလေးရယ်' လို့ ကျွန်တော် အိမ်မက်ထဲမှာတင် ရေရွတ်မိတယ်။ အိမ်မက်ကနေ လန်းလန်းဆန်းဆန်း ကြည်ကြည်လင်လင်လေးပဲ ကျွန်တော်နိုးလာပါတယ်။ ဒါပေမယ့် အိမ်မက်ကို ကျွန်တော် လှုပ်မနှိုးလိုက်ရပါဘူး။ သူ့ဘာသူ အိမ်မက်က လန့်နိုးသွားတယ်။ မျက်စိနှစ်လုံးပွင့်တာနဲ့ ကျွန်တော့်စိတ်ထဲမှာ ဒီနေ့ ကိုမင်းထင်ကို ချစ်သူ့အကြောင်း ကလျာ့ဆီက စုံစမ်းခိုင်းဖို့ဆိုတာ တစ်ခုတည်းပဲ ရှိနေပါတယ်။ ကျွန်တော်အလျင်အမြန် အောက်ထပ်ပြေးဆင်းသွားပြီး နာရီကြည့်တော့. . .

'ဟာ. . . ကိုမင်းထင်. . . မသွားသေးဘဲ ဘာလုပ်နေတာလဲဗျ'

'ဟ. . . ခုမှ ၆နာရီခွဲပဲ ရှိသေးတာ မင်းကလည်း. . . အေးဆေးပေါ့. . . ဘယ်လိုဖြစ်တာလဲ'

'ဟိုမှာ. . . မင်းအတွက် ကော်ဖီနဲ့မုန့်ပြင်ထားတယ်'



'ကိုမင်းထင်ကလည်း. . . 'ခေတ်သစ်'မှာ သွားထိုင်မယ်လေဗျာ'

'ဟာ. . . . မင်း တော်တော်ပိန်းတဲ့ကောင်ပါလား . . . . ကလျာက ဘယ်လိုမဆို မင်းကောင်မလေး ပြောပြထားလို့ မင်းကို သိချင်သိလောက်တယ်. . . မင်းပါလိုက်မယ်ဆိုရင် ငါတို့သိချင်တာတွေ ဘယ်သိရမလဲကွ'

'အေး. . . ဟုတ်သားပဲ. . . ဖြစ်လောက်တယ်။ မဖြစ်နိုင်တာလည်း ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ခင်ဗျားတော်သွားပြီ. . . ဟဲ. . . ဟဲ'

ကိုမင်းထင်မျက်နှာ ရှစ်ခေါက်ချိုးပြီး (စိတ်ညစ်စရာမရှိပါဘဲ) သက်ပြင်းဘူဆိုလား ပူဆိုလား မသိတာကြီးကိုချတယ်။ ဒွေးလွင်ကတော့ လောကကိုခေတ္တမေ့ပြီး ဘယ်ကမ္ဘာရောက်နေသည်မသိ။ ဟောက်ကောင်းနေတုန်း။ ဒီကောင်က နေဖင်ထိုးတဲ့ထိ သေကောင်ပေါင်းလဲ ပုဆိုးတခြား လူတခြား အိပ်တတ်တဲ့အကျင့်ရှိတယ်။ ငါ့နှယ့်. . . တော်တော်ရက်စက်တတ်တဲ့ ကြွက်တစ်ကောင်လောက်သာ လွှတ်ပေးရရင် မကောင်းရှိတော့မယ်။ ဒီကောင် ကိုယ်တိုင်ဆိုင်သွားမဖွင့်ရဘူးဆိုတော့ နေနိုင်တာပေါ့။ အိပ်ရာထ၊ ရေမိုးချိုး၊ မနက်စာဇိမ်ခံစားပြီးမှ ကျော့ကျော့လေး ဆိုင်ကယ်ဖင်ကြားညှပ်ထွက်သွားတတ်လေရဲ့။ခုလိုရာသီဥတုမျိုးနဲ့ဆို ကွေးနေတာ

www.burmeseclassic.com

www.burmeseclassic.com



ပုဇွန်တောင် အဖေခေါ်ရလောက်တယ်။ ကျွန်တော်တစ်ခု ဖျက်ကနဲ သတိရလိုက်တယ်။ ငွေးလွင်ကို နှိုးပြီး ကိုမင်းထင်နဲ့အတူ 'ခေတ်သစ်'ကိုအတင်းတွန်းလွှတ်ရမယ်။ ဟုတ်တယ်။ ဒါမှ ဒီကောင်ပါ စကားထောက်လုပ်ပြီး လေပေးပိုဖြောင့်မှာ။ ဒီနှစ်ယောက်က မြို့ခံတွေဆိုတော့ မသိသူခပ်ရှားရှားရယ်။

'ဟေ့ကောင်. . . ငွေးလွင် . . . ထထ . . . အရေးကြီးလို့'

'ဟမ်. . . . . အရေးကြီးလို့ . . . . . ဟတ်လား . . . . . အရေးကြီးရင် တစ်ရက်ကြိုသွား. . . ရိုးနေပြီ. . . အဲဒီအကွက်တွေ"

ငွေးလွင် အိပ်မှုန်စုတ်ဖွားလေသံနဲ့ ကျွန်တော့်ကိုပြန်နှက်နေတယ်။

'ဟင့်. . . နံလိုက်တဲ့အာပုတ်စော်'

ကိုယ့်ကိစ္စအရေးကြီးလို့သာ ဒင်းရဲ့အနံ့ပေါင်းစုံကို သီးခံပြီး အနားကပ်နှိုးနေရတာ။ ကိုယ်လည်း ကြံရခက်လာပြီ။ သူ့ကို ဒီလိုပုံစံမျိုးနဲ့ နှိုးလို့ ရမဲ့ပုံမပေါ်။ ကျွန်တော်အောက်ထပ်ကို ပြန်ဆင်းသွားပြီး ၁၀ မိနစ်လောက်နေတော့

'ကိုလွင်. . . ကိုလွင်ရေ. . . သီရိဒီနေ့ ဘုရားမှာယတြာ သွားချေစရာရှိလို့. . . အဲဒါ. . . ကိုလွင်. . . လိုက်ပို့ကွာ'

ငွေးလွင်. . . 'ဗိုင်း'ဆိုစောင်ဖယ်ပြီး အောက်ကိုဒလိမ့်ကောက်ကွေးပြေးဆင်းလာပါတော့တယ်။ ပုဆိုးမနိုင်၊ ပုဝါမနိုင်



ရပ်ကွက်ထဲက အရက်သမားကိုတုတ်ကြီးစတိုင်နဲ့။ ဒီကောင် ကျီးကန်းတောင်မှောက် တစ်အိမ်လုံးအနှံ့လိုက်ရှာတယ်။ အိမ်ဝင်ဝကနေ ခြံရှေ့ကိုလှမ်းရှိုးတော့လည်း မိန်းမနဲ့တူတဲ့ ဘာအရိပ်အယောင်မှမတွေ့။ နောက်ဆုံးတော့ ဒင်းအပျော်တွေတောင် အဆုံးထိမခံစားလိုက်ရဘဲ တဝက်တလန့်ကြီး ရေအိမ်ထဲက ဆင်းလာသူနှယ်။

'ဟေ့ကောင် . . . . . နိုင်ကြီး . . . . . သီရိရော'

'ဘယ်ကသီရိလဲ'

'အာ . . . . . မင်းလာစားမနေနဲ့ . . . . . ငါ့စော်လေးကိုပြောတာ . . . . . ခုနပဲ အသံကြားလိုက်ပါတယ် . . . . . ယတြာချေဖို့လား . . . . . ဘာလား'

'ဟင့် . . . . . ကိုလွင်နော် . . . . . ငယ်ငယ်ရွယ်ရွယ်နဲ့ ဝါးတားတားဖြစ်နေပြီလားလို့ . . . . . သီရိတစ်ယောက်လုံး အကောင်လိုက်ကြီးရပ်နေတာကို . . . . . သွားနော် . . . . . ဟွန့်'

တကယ်တော့ ကျွန်တော်ဒီကောင့် အကြောင်းသိလို့ သူ့ကောင်မလေး သီရိအသံကို လိုက်တုလိုက်တာပါ။ ဒီကောင်ရှူးရှူးရှားရှား ဖြစ်သွားပြီး ဆွေ့ဆွေ့ခုန်ပါတော့တယ်။

'မင်း . . . . . မင်း . . . . . ဟာကွာ . . . . . နိုင်ကြီးရာ . . . . . တတ်လည်းတတ်နိုင်တဲ့ကောင်။ ငါ့မှာ ပြေးဆင်းလာလိုက်ရတာ လေ့ကားပေါ်ကတောင် ဟပ်ထိုးလဲမကျတယ်မှတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးပါ သားကြီးရာ .....ငါ့မှာကိုနှိုးစရာ ဒီတစ်နည်းပဲရှိတာ .....ကဲ .....သွားသွား .....မျက်နှာသစ် ..... သွားတိုက်လိုက် .....ပြီးရင် ကိုမင်းထင်နဲ့ 'ခေတ်သစ်'ကို လိုက်သွားလိုက် .....သွား .....သွား .....လိမ္မာတယ်'

ဒွေးလွင်ကို ခွေးပေါက်လေးတစ်ကောင်နှယ် ကျောသပ်ပေးလိုက်တော့ အီးမှုန်နေတဲ့ မျက်နှာပေးနဲ့ကျွန်တော့်ကို ပြူးကြောင်စိုက်ကြည့်ပြီး အခုလို ဗျွတ်ချွတ်တာ ပွစိပွစိပြောရင်း ရေချိုးခန်းဆီ ထွက်သွားပါတော့တယ်'

'မသာ ....သေချင်းဆိုး .....ခွေးလျှာသီးနဲ့ သူဟာဝှာနဲ့ ညားပါစေတော်'

# Chapter VI

'ခေတ်သစ်' Coffee Shopလေးမှာ စားသုံးသူတွေ၊ သီချင်းသံတွေနှင့် ဆူညံနေတယ်။ ဆောင်းရာသီလည်း ဖြစ်နေတော့ အနွေးအကျီကိုယ်စီနှင့် အရောင်အသွေးစုံ၊ လူစုံ၊ ဆိုဒ်စုံမြင်ရသည်မှာ မြေပြန့်နေလူမှုဘဝ သရုပ်ဖော်ပန်းချီကားတစ်ချပ်ကို မြင်ယောင်မိ၏။ အဲလိုပန်းချီကားမျိုးကို ကျွန်တော်အရမ်းနှစ်ခြိုက်မိတယ်။ အကြိုက်ဆုံး ပန်းချီကားကတော့ လီယိုနာဒိုဒါဗင်ချီရဲ့ Last Supper။ ခုလည်း ကိုမင်းထင်နဲ့ ဒွေးလွင် ကတ်ရှာကောင်တာနဲ့ အနီးဆုံးဝိုင်းမှာ နေရာယူလိုက်ကြပါတယ်။ ဒီနှစ်ကောင်လည်း ကလျာနဲ့ စကားပြောလို့ရမဲ့ အနီးဆုံးဝိုင်းကို လိုက်ရှာနေတော့တယ်။ ဖြစ်ချင်တော့ မနက်ခင်းအချိန်ဆို လူတွေကလည်း ခပ်ကျဲကျဲရယ်။ နှစ်ကောင်သား စိတ်ပိန်လာကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လျက် ကျွန်တော့်ကို မေတ္တာပို့လိုက်၊ အလုပ်ရှုပ်ဗျာများနေတဲ့ ကလျာ့ကို ကြည့်ပြီး သွား(၆၃)ချောင်းဖြဲပြလိုက် လုပ်နေရတော့တယ်။ ကြာရင် သွားတွေတောင် အအေးပတ်ပြီး ကြွေသွားနိုင်တယ်။ ဒွေးလွင်ကတော့ သွား(၃၂)ချောင်းအပြည့်ပါပဲ။ ဒါပေမဲ့ ကိုမင်းထင်မှာက တစ်ချောင်းလျော့နေလေတော့ ပေါင်း(၆၃)ချောင်းပေါ့။ ဒါလည်းခိုင်လုံတဲ့ အကြောင်းပြချက်ရှိပါတယ်။ အိမ်ကိုသူခိုးဝင်တဲ့ညက သူခိုးကလူမိမှာစိုးပြီး အားကုန်ရုန်းပြေးရင်း အိမ်ကအဝတ်လျှော်[illegible]နဲ့

www.burmeseclassic.com

www.burmeseclassic.com



ငတိပါးစောင်ကို 'ခွပ်'ကနဲနေအောင် ကြောက်ကန်ကန်ရိုက်ပြီး ထွက်ပြေးသွားခြင်းပါပဲ။ ဒါပေမဲ့ အဝတ်လျှော်တုတ် တစ်ချောင်းတော့ ဆုံးသွားတာပေါ့လေ။ နောက်နေ့ အဝတ်လျှော်တဲ့ မိန်းမက ကိုမင်းထင်ကိုဒီတုတ်လေးတစ်ချောင်းကိုတောင် ထိန်းထိန်းသိမ်းသိမ်း မစောင့်ရှောက်နိုင်ရကောင်းလားဆိုပြီး ကြိမ်းမောင်းကာ

'နောက်အဝတ်လျှော်သည် တစ်ယောက်သာရှာတော့ . . . . . ငါကတော့ ငါ့စီးပွားနဲ့ပတ်သတ်တဲ့ ဘယ်ပစ္စည်းမဆို သိပ်တန်ဖိုးထားတတ်တဲ့မိန်းမဟဲ့. . . . .'ဆိုပြီး နောက်နေ့ကစလို့ လာကိုမလာတော့တာ။ ဩော် ဘာမဟုတ်တဲ့ တုတ်တစ်ချောင်းကြောင့် ကိုမင်းထင်ခမျာ ဘာမဟုတ်တဲ့မိန်းမတစ်ယောက်ရဲ့ ဩဝါဒကိုလည်း နာယူရ၊ လေးဆယ်မပြည့်ခင်မှာပင် အံသွားလည်းရှုံးရနဲ့ တွက်ချေမကိုက်လိုက်ပါဘူး။ နေလေးနဲနဲ ပွင့်ကာစပြုလာတော့ ဆိုင်မှာ လူကျဲပါးလာပြီ။ ကလျာက

'ကဲ . . . . လူပျိုကြီးနှစ်ယောက် . . . . . စားရသောက်ရတာ အဆင်ပြေရဲ့လား'

ဒွေးလွင်က လေပေးဖြောင့်အောင် စ လုံးလေပြီ။

'အာ. . . . . ကလျာကလည်း . . . . . လူပျိုတွေလုပ်စမ်းပါ . . . . . ကိုယ်တို့က ခုမှ(၃၀)ပါးပါးပဲရှိသေးတာ. . . . . အလတ်ကြီးတွေပါ'



'ပသက်နဲ့လုပ်တာလား'

'ဒါပေါ့ . . . . . အာ . . . . . ကလျာကလည်း'

သုံးယောက်သားရယ်မောနေကြပြီ။ ကောင်မလေးက တစ်ချက်တစ်ချက် ဒီနှစ်ကောင်ကို မသက်သာလိုကြည့်နေတတ်ပြီး ဒီနှစ်ကောင်ကလည်း အဲသလိုကြည့်တိုင်း အချိတ်အဆက်မိမိနဲ့ ဝမ်းတူးရိုက်နိုင်တယ်။ တခြားတော့မဟုတ်ပါဘူး။ ဟိုတခါ ကိုမင်းထင် စကားရောဖောရောနဲ့ သူ့ဆီကကော်ဖီနဲ့မုန့် Freeကစ်သွားတဲ့ကိစ္စကို မကျေမချမ်းဖြစ်နေသေးရုံလောက်ပါ။ ကိုမင်းထင်က

'ဩော် . . . . ဒါနဲ့ . . . . . ကလျာ။ ဟိုနေ့က ကလျာ့ဘေးမှာ ကောင်လေးတစ်ယောက် ယှဉ်လျှောက်လာတာကို တွေ့တယ်။ ဘာလဲ . . . . B.F (Boy Friend)လား'

ကောင်မလေးမျက်လုံး လင်းခနဲဖြစ်သွားပြီး ရှက်တက်တက်လေးတောင်ဖြစ်ပြနေသေးတယ်။ ဖြစ်မှာပေါ့။ ဘယ်တုန်းကမှ စွံတာမဟုတ်ဘူး။ စွံဖို့နေနေသာ လိုက်ပြီးတော်ကီရောင်းတဲ့ကောင်တောင်မရှိဘူး။ အဲဒီလောက်ကို။ ဒါနဲ့ပဲ ကောင်မလေးကလည်း ချော်လဲရောထိုင် ပြန်ရှိုးပါလေရော။

'ဩော်. . . . . အဟင်း. . . . . B.F (Boy Friend)တော့ မဟုတ်သေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဖြစ်လာဖို့ ရာခိုင်နှုန်းတော်တော်များတယ်ပေါ့'

'အင်း. . . . . ဆိုပါတော့။ ဒါပေမဲ့ ကလျာကတော့ သူ့ကို သေချာလေ့လာဦးမှာ။ ကလျာကြိုက်တဲ့ facts တွေနဲ့ညီမှ လက်ခံမှာ . . . . . မဟုတ်လို့ကတော့ ဆောရီးပဲ'

ကိုမင်းထင်နဲ့ ဒွေးလွင်မနည်း နာယူနေရတယ်။ စိတ်ထဲမှာတော့

'အံမယ်. . . . . သူကများ လေ့လာဦးမယ်လေး ဘာလေးနဲ့။ ပြီးတော့ . . . . . ဘာတဲ့ facts တဲ့'

သို့သော် အပြင်ဗဟိန္ဒြကား

'ဒါပေါ့ . . . . . ကလျာရဲ့. . . . . မိန်းကလေးဆိုတာမျိုး က ကိုယ်ကရည်ရွယ်လက်တွဲတော့မယ်လို့ စိတ်ကူးလိုက်တဲ့ ယောကျ်ားမျိုးကို စိတ်ကြိုက်လေ့လာရမှာပေါ့။ ပြီးတော့ ကလျာက ကိုယ်ပိုင်စိတ်ကူးနဲ့ ယောကျ်ားတစ်ယောက်ကို facts တွေနဲ့တောင် သတ်မှတ်ထားသေးတာဆိုတော့ ကလျာကတကယ့်ကို ထက်ထက် မြက်မြက်ရှိတဲ့ မိန်းကလေးပါပဲ'

မြောက်လုံးတွေကြားမှာ ယက်ကန်ယက်ကန်နဲ့ လိပ်မလေးပက်လက် မျောရပြီပေါ့။ ဒွေးလွင်ကလည်း ဘယ်နေလိမ့်မလဲ။

'နောက်ပြီးကလျာက လှလည်းလှ. . . . . စီးပွားရေးကို လည်း ကိုယ်တိုင်ဦးစီး. . . . . ကျောင်းကလည်းတစ်ဖက်နဲ့ဆိုတော့



ယောကျ်ားလေးတိုင်း ရင်ခုန်ရပြီပေါ့။ ဟဲ . . . . . ဟဲ ဟုတ်တယ် နော် ကိုမင်းထင်'

တစ်ခုမှ အမှန်မရှိတာတွေပြောထည့်လိုက်တော့ ကောင်မလေးက လည်း တဟင်းထဲဟင်းနေရတော့တယ်။ ခုမှ ကိုမင်းထင်က ဇာတ်လမ်း စလာပြီ။ ကော်ဖီတစ်ချက်မော့ကာ

'ဩော်. . . . . ဒါနဲ့. . . . . ကလျာ. . . . . ညီမတို့အဖွဲ့ထဲ မှာတော့ ဟိုကောင်မလေးလေဟာ. . . . . ဘယ်သူ. . . . . သူ့ နာမည်. . . . . 'ဆုံမှတ်' Coffee Shop ပိုင်ရှင်လေ'

'ဟေမာန်ကို ပြောတာနဲ့တူတယ်'

'အေး. . . . . အေး ဟုတ်တယ်'

'ဘာဖြစ်လို့လဲ . . . . . ကိုမင်းထင်ရဲ့'

'ဘာရယ်မဟုတ်ပါဘူးဟာ . . . . . ခုတလော ညီမတို့ အုပ်စုထဲမှာ ဟေမာန်နဲ့ကလျာ . . . . . ကလျာနဲ့ဟေမာန်ဆိုတဲ့ အသံ တွေ ယောကျ်ားလေးတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေလို့'

ကောင်မလေးလည်း ဒီနှစ်ကောင်ရဲ့ တော်ကီလေပွေတွေကြားမှာ စုံချီဆန်ချီမျောလိုက်ရတာ ဘယ်လောက်ကြိုက်လဲမသိဘူး။ အောက်ကိုပြန်ကျမလာတော့ဘူး။ ဒါပေမယ့် ကိုယ်လိုရာကိုတော့ ရောက်နေပါပြီ။ ဒွေးလွင်က စကားစအပြတ်မခံဘဲ

www.burmeseclassic.com

'ကိုယ်ကတော့ ဟေမာန်က ကလျာ့လောက် ကဗျာမဆန်ဘူး လို့ထင်တာပဲ'

'အစ်ကိုတို့ကတော့လုပ်ပြီ. . . . . ကဲ . . . . . ကော်ဖီဖိုး တွေရှင်းမသွားနဲ့တော့။ ကလျာ free တိုက်လိုက်မယ်'

'အာ . . . . . ကလျာကလည်း ကိုယ်တို့ကမြှောက်ပင့် ပြောနေတာ မဟုတ်ပါဘူး။ အမှန်တရားဆိုတာ ဖုံးကွယ်ကောင်းတဲ့ အရာတွေမှ မဟုတ်တာ. . . . . ဟင်း. . . . . ဟင်း'

ခုထိဟေမာန့်အကြောင်းက ရောက်မလာသေး။ ဒါပေမဲ့ ဒီနှစ်ကောင် ဒီတစ်ခါစကားလမ်းကြောင်းထဲရောက်အောင် ခေါ်နိုင်တာကိုတော့ ချီးမကျူးဘဲနေလို့မရပါ။ ဘာကြောင့်ဆိုတော့ မိန်းကလေးတွေရဲ့ ပင်ကိုယ်ဗီဇမှာ သူတို့အရမ်းချစ်ခင်ရတဲ့ မိန်းကလေးသူငယ်ချင်းကို သူတို့ရှေ့မှာ သူတို့ထက်နှိမ့်ပြီး ဥပေက္ခာပြုပြီးပြောရင် သနားစိတ်ဝင်၊ အဲဒီမိန်းကလေးဘက်က လိုက်ကာပေးပြီးပြောတတ်တယ်။ အမေနဲ့ သမီး၊ အရမ်းချစ်တဲ့ ညီအစ်မ၊ အရမ်းခင်ရတဲ့ သူငယ်ချင်းမနှစ်ယောက် အားလုံး အားလုံး ထိုနည်းလည်းကောင်း။ ထိုသည့်ကြောင့် ကလျာမှာ လည်း မိန်းကလေးများထဲမှာ တစ်ယောက် အပါအဝင်ဖြစ်၍

'ဒါပေမဲ့ . . . . . ဟေမာန်က ဂရုဏာသက်စရာလေးပါ။ တစ်ခေါက်က သူကလျာ့ကိုပြောဖူးတယ်'

'အင်း'



သူ့ကိုဒီလောက်ကောင်လေးတွေအများကြီးလိုက်နေတာ တောင် သူစိတ်မဝင်စားခဲ့ဖူးဘူးတဲ့'

'ဩော် . . . . . ဘာဖြစ်လို့'

'သူ လူတစ်ယောက်ကို ရင်ခုန်မိသွားလို့တဲ့'

'အယ် . . . . . ဘယ်သူတုန်း'

'ဘယ်သူလဲလို့မေးတော့ . . . . . နင်သိလာမှာပါတဲ့။ ငါတို့ ချစ်သူဘဝရောက်ဖြစ်ခဲ့ရင် နင်နဲ့အရင်ဆုံး မိတ်ဆက်ပေးမှာပါတဲ့ . . . . . ဒါပဲပြောတယ်'

'ဒါဆို . . . . . ဟေမာန်က တော်တော်လျှို့ဝှက်တာပဲ'

'အချစ်နဲ့ ပတ်သက်ရင် သူ့မှာ ခံယူချက်တစ်ခုတော့ရှိတယ်။ ထူးတော့ ထူးဆန်းတယ်။ မိန်းကလေးတိုင်းက ယောကျ်ားလေးတွေရဲ့ ချစ်တာ၊ ယုယတာ၊ မြတ်နိုးတန်ဖိုးထားတာကိုပဲ မျှော်လင့်တတ်ကြ တာမဟုတ်လား'

'အေးလေ . . . . ဒါပေါ့'

'ဟေမာန်ကတော့ တစ်မျိုးပဲ . . . . . သူ့ချစ်သူကို သူကပဲ ချစ်မှာ၊ မြတ်နိုးတန်ဖိုးထားမှာတဲ့. . . . . အကယ်၍ သူ့ကိုလိုက် စကားပြောတာ . . . . . ချစ်ရေးဆိုတာ . . . . . တို့ဆိုရင်လဲ No ပဲတဲ့။ ဒါကို ကလျာက ရူးတယ်ပြောတော့ သူဘာမှမဖြစ်သလိုပဲ' ကောင်မလေးစကားခဏရပ်ပြီး တစ်စုံတစ်ရာကို စဉ်းစားသလို

www.burmeseclassic.com

www.burmeseclassic.com



တွေဝေသလို လုပ်နေတယ်။ ဒါနဲ့ ဌေးလွင်ကပဲ

'အေးနော် . . . . . တော်တော်တော့ဆန်းတယ်။ အချစ်နဲ့ ပတ်သက်ပြီးတောင် ဒီလောက်ထူးခြားနေရင် သူ့ရဲ့ life မှာလည်း သူ့ခံယူချက်အမြင်တွေက ဆန်းမယ်လို့ထင်တယ်'

ကောင်မလေး သက်ပြင်းခပ်ဖွဖွချကာ ပြုံးလျက်

'ဒါပေါ့ ကိုဌေးလွင်ရဲ့။ အစစအရာရာမှာ သူ့အတွေးအခေါ်တွေက အမြဲဆန်းသစ်တယ်။ သူက မော်ဒန်ကဗျာတွေဆို သိပ်နှစ်သက်တာ။ တစ်ခါတစ်ခါ သူကိုယ်တိုင်လည်းရေးတယ်။ ကလျာကတော့ သူရေးတဲ့ကဗျာတွေဆို နားကိုမလည်ဘူး။ ကလျာတို့ယောက်ျားလေးသူငယ်ချင်းတွေထဲက ဂစ်တာတီးကျွမ်းကျင်တဲ့ အောင်ဇော်ကိုဆို သူအမြဲညွှင်းနေကျ . . . . အဲသလို တစ်ယောက်က ဂစ်တာတီးပြီး သီချင်းဆိုပြရင် . . . . အဲဒါ . . . . . သူမျောနေပြီသာမှတ် . . . . .။ အံ့မယ် တစ်ခါတစ်လေ စည်းဝါးတွေ ဘာတွေတောင် ခြေဖျားခတ်ပြီး လိုက်နေတတ်သေးတာ . . . . .'

ကိုမင်းထင်က အရေးကြီးဆုံးအချက် ကျန်နေသေးတာကို အမှတ်ရပြီး အံ့ဩတဲ့ဟန်ပန်နဲ့ အာမေဍိတ်နှောကာ

'ဟာ . . . . . အားပါးပါး . . . . . ကလျာတို့ နှစ်ယောက်က လိုက်ဖက်လည်းညီ၊ စိတ်ကူးလည်းကောင်းတဲ့ သူငယ်ချင်းတွေပဲ။ ကိုယ်ထင်တာကတော့ ကလျာတို့နှစ်ယောက်လုံး ဒီလောက်



ထက်မြက်နေတာ တော်တန်ရုံဆို ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားလောက်ဘူး၊ အထင်မကြီးလောက်ဘူး . . . . . ဟုတ်တယ်ဟုတ်'

'ဩော် . . . . . ကိုမင်းထင်ရယ် ဘယ်မိန်းကလေးမှ သူတို့သတ်မှတ်ထားတဲ့ စံနဲ့ကိုက်ညီတဲ့ ယောက်ျားကိုအထင်မကြီး၊ ရင်မခုန်ရှိရိုးလား'

ကိုမင်းထင် ဌေးလွင်ကိုကြည့်ပြီး စပ်ဖြဲဖြဲလုပ်ကာ ကလျာ့ဘက်လှည့်လျက်

'ဟ . . . . လုပ်စမ်းပါဦး'

'ကလျာကတော့'

'အမလေး . . . . . ဒီကလျာ့အကြောင်း မသိချင်ပါဘူးဆိုမှ။ ငါ့ညီမသာဆို ပေါင်တွင်းကြောဆွဲလိမ်ပြီးပြီသာမှတ်'ဆိုပြီး ဌေးလွင်စိတ်တွင်းရေရွတ်နေမိတယ်။

'ကလျာ့ကို အမြဲယုယကြင်နာမဲ့သူ၊ ပညာအရည်အချင်းဆိုလည်း တကယ့် Great . . . . . ဟင်း. . ဟင်း'

'ကောင်မ . . . . . တစ်ထစ်မှကိုမလျှော့ဘူး' နှစ်ကောင်သားပေါက်ကွဲပြီပေါ့။ ဒါပေမဲ့ သည်းခံနေရတယ်။

'လုပ်ပါဦး . . . . . ဟေမာန်ကရော'

ကောင်မလေးမျက်နှာ အနည်းငယ်မှိုင်းညို့နေသည်ထင်ရတယ်။ ဟေမာန်နဲ့ပတ်သက်ပြီးမေးတိုင်း သူမအဲလိုသာဖြစ်နေသည်။ ရိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



သွားတာလား။ တခုခုကြောင့်လား။ မဝေခွဲတတ်ကြ။

'အင်း . . . . . ဒီနေရာမှာလည်း သူကနဲနဲတော့ ဆန်းတယ်။ None Expection of Reflecting Love Theory (ဘယ်တော့မှ မပျောက်ကွယ်၊ မပျက်သုဉ်းတော့မဲ့ မျှော်လင့်ရောင်မဲ့အချစ်သီအိုရီ)ကိုပဲ သူစွဲစွဲမြဲမြဲယုံကြည်တယ်တဲ့'

ဒီတစ်ကြိမ်မှာတော့ နှစ်ကောင်သား ပါးစပ်ကြီးပြဲခနဲဖြစ်ပြီး နဝေတိမ်တောင်တွေဖြစ်ကျန်ရစ်ပေ့ါ။ ငွေးလွင်က ကောင်မလေးကို ထပ်ပြီး ရှင်းတမ်းထုတ်ခိုင်းဖို့လုပ်တုန်း ကိုမင်းထင်က စားပွဲအောက်ကနေ ခြေထောက်နဲ့လှမ်းကန်မှ

'ဩော် . . . . . အဲ . . . . . ကလျာ . . . . . ညီမကောင်လေးကိုလည်း ကိုယ်တို့နဲ့မိတ်ဆက်ပေးရမယ်နော်'

'အာ . . . . . ကိုငွေးလွင်ကလည်း . . . . . သူနဲ့ ကလျာနဲ့က ဘာမှမဟုတ်သေးတာ'

'ကလျာရယ် . . . . . ရွှေခွက်နဲ့ကြုံတုန်း လက်ကိုဘာမှ အားနာနေစရာမလိုပါဘူး . . . . . နှိုက်သာထည့်လိုက်'

'ရှန် . . . . . ဘယ်လို'

ကိုမင်းထင်စကားကျွံပြီ။ အနှုတ်ကောင်းပေလို့သာပေါ့။

'အဲ . . . . . ဟိုလေ . . . . . ကလျာ့ကောင်လေးက ကိုယ်ခန့်မှန်းရသလောက် တော်တော်ခန့်တယ်။ ခပ်သွက်သွက်၊ ခပ်ထက်ထက်လေးပါ။ ပြီးတော့ ကလျာနဲ့လည်း လုံးဝနတ်ဖက်တဲ့စုံတွဲလိုပဲလို့ . . . . . ဟဲ ဟဲ . . . . . အဲဒါကိုပြောတာပါ'

ငွေးလွင် လက်မှနာရီကိုတစ်ချက်ကြည့်ပြီး

'ဩော် . . . . . စကားကောင်းနေလိုက်တာ . . . . . ကိုယ်လည်း ဆိုင်သွားရဦးမယ်။ ကိုမင်းထင်လည်း အိမ်မှာ ချက်ပြုတ်ရဦးမှာမှတ်လား . . . . . ဟိုလေ . . . . . ကလျာ ကျွန်တော်တို့ကို ခွင့်ပြုပါဦး'

'ကောင်းပါပြီရှင်'

ကိုယ်လိုချင်တာရပြီဆိုတော့ အခွက်တွေကတစ်မျိုး။ ကိုမင်းထင်က ဈေးကိုသွား၊ ငွေးလွင်က သူ့ဆိုင်သူသွားနှင့် နှစ်ယောက်သား လမ်းခွဲကာ ကိုယ်စီလားရာကို သုတ်ခြေတင်လာလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

## Chapter VII

ကျွန်တော်ညီညီလတ်နဲ့ သူ့ဆိုင်ဒက်ဂရေးရှင်းလုပ်မဲ့ကိစ္စ တိုင်ပင်စရာရှိတာနဲ့ သူနဲ့အတူ သူ့ဆိုင်ကိုလိုက်သွားလိုက်တယ်။ ကိုမင်းထင်နဲ့ ဒွေးလွင်ထွက်သွားပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ညီညီလတ်ရောက်လာပြီး ကျွန်တော့်ကို သူ့ဆိုင်အပြင်အဆင် ဒီဇိုင်း ကိစ္စ တိုင်ပင်ချင်လို့ဆိုပြီး သူ့ဆိုင်ကယ်နဲ့ပဲ အိမ်မှာလာခေါ်သွား တယ်။ ဆိုင်ကယ်နောက်က လိုက်စီးရတော့လည်း ဆောင်းလေတွေက နှင်းမှုန်တွေနဲ့ရောပြီး ဖြတ်တိုးလာတယ်။ နှင်းငွေ့နဲ့ရောယှက်နေတဲ့ လေကပါးလှပ်လှပ်အနွေးထည်ကိုဖောက်ပြီး ကျွန်တော့်ရင်ကို ဝင်ဆောင့်တယ်။ လူကတစ်ချက်တစ်ချက် ဓာတ်လိုက်သလို တုန်ပင် တက်သွားသေးတယ်။ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်းမနည်း မဲတင်းစေ့ယူနေရတယ်။ နှုတ်ခမ်းတွေတောင် ဆောင်းတစ္ဆေရဲ့ အကြင်နာမဲ့ စုပ်နမ်းမှုကြောင့် ကွဲရှရှဖြစ်လာတယ်။ ညီညီလတ် သူ့ဆိုင်ရှေ့ရောက်တော့ ဆိုင်ကယ်ကိုဆင်ဝင်ဝနား လောက်မှာ ထိုးရပ်လိုက်တယ်။ ကျွန်တော့်မျက်ဝန်းအကြည့်တွေ မခိုင်းစေရပါဘဲ ကက်ရှာကောင်တာမှ တစ်စုံတစ်ဦးဆီ ခုန်ပေါက် ပြေးထွက်လို့သွားပါတယ်။ ဆိုင်က အိမ်ရှေ့မျက်နှာစာ ဖြံဝန်းအကျယ် ကို အားယူလျက် လမ်းမတန်းကို မျက်နှာမူပြီး ဖွင့်ထားတာကြောင့် အိမ်ထဲသွားချင်ရင် ဆိုင်တွင်းစကြံလမ်းသွယ်လေးထဲက ဖြတ်သွားမှ



ရောက်နိုင်တယ်။ အိမ်ကိုလည်း ချစ်စဖွယ်လုံးချင်း နှစ်ထပ် တိုက်လေးဆောက်ထားတယ်။ အပေါ်ထပ်ဝရံတာက နေရပ်ကြည့် သူအဖို့ ဆိုင်အခင်းအကြင်းရယ်၊ ဆိုင်ထဲမှာ ရှုတ်ခတ်နေသည့် စားသောက်သူတွေရယ်၊ လမ်းမတွင် ဖြတ်သွားဖြတ်လာရှိနေမည့် ဆိုင်ကယ်၊ စက်ဘီး၊ မြင်းလှည်း တသီတတန်းကြီးတွေရယ်ကို အလွန် ဂန္ထဝင်မြောက်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်ရသလို ခံစားရနိုင် တယ်။ ကျွန်တော် သူမတို့အိမ်တည်ဆောက်ထားတဲ့ ပုံစံလေးကို သဘော ကျတယ်။ တသွင်သွင်စီးဆင်းနေတဲ့ ချောင်းလေးကို အမှီ ပြုပြီး စိန်ပန်းပင်ကြီးတွေ ဝန်းရံကာစီနေလျက် အပွင့်ရဲရဲကြီးတွေ ဝေဆာနေတဲ့ အကိုင်းတွေတောင် အိမ်ခေါင်ဘက်ကို ထိုးငိုက်ဆင်း ကျနေသေးတယ်။ တချို့အကိုင်းအခက်တွေဆို အိမ်ရှေ့ဝရံတာ ကနေ ဖြတ်ထိုးဆင်းကျနေတော့ စိန်ပန်းပွင့်နီတွေကို ခူးဆွတ်နိုင် တယ်။ အဲသလို မြင်နေရတဲ့ အိမ်ရဲ့ဒီဇိုင်းလေးကိုက ဖန်စီဆန်ဆန်၊ ဗိတ္တုဇဆန်ဆန်၊ စိတ်ကူးယဉ်ဆန်ဆန်လေးတောင် ရှိနေလိုက်သေး တယ်။ မြို့မှာက ကားအရမ်းရှားတယ်။ ဆိုင်ကယ်၊ စက်ဘီးတွေနဲ့ မြင်းလှည်းတွေလောက်ပဲရှိတာ။ အဲသလိုအနေအထားမျိုးကိုက ကျွန်တော့်ရဲ့ ဖီလင်နဲ့ အံကိုက်ပဲ။ ထိုအခိုက် ညီညီလတ်က

'ကိုနိုင်သစ္စာ . . . . . လာလေ . . . . . Breakfast အရင်စားလိုက်မယ်။ ပြီးမှ ဒီဇိုင်းကိစ္စဆွေးနွေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'OK လေ'

ဘာကြောင့်မှန်းမသိ ကျွန်တော့်ရင်တွေ စို့နင့်လှိုက်မောနေတယ်။ ညီညီလတ်ကတော့ ရှေ့ကဦးဆောင်ပြီး ကက်ရှာကောင်တာနဲ့ အနီးဆုံးဝိုင်းဆီကို ဦးတည်လျှောက်လှမ်းသွားနေတယ်။ နောက်က လိုက်လာနေရတဲ့ ကျွန်တော့်ခြေလှမ်းတွေက စည်းဝါးမညီချင်တော့။ တစ်ချက်လေးတောင် ရွေ့မသွားဘဲ ပြီတီတီပြုံးတုံးတုံးလေး စိုက်ကြည့်နေတဲ့ သူမအကြည့်တွေကြောင့်လည်း ဖြစ်မှာပါ။ ကျွန်တော့် Concentration (အာရုံစူးစိုက်မှု)တွေ ကစဉ့်ကလျားနဲ့ ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်ရပြီပေါ့။ ကိုယ့်ကို တစ်ယောက်ယောက်က ကြည့်နေပါလားလို့ အာရုံဖြန့်ကျက်မိတာနဲ့ စူးစိုက်မှုတွေခြေလှမ်း မှားကုန်ဟော့တာပါပဲ . . .။

ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်ကတော့ အမှားကောင်းလို့ပဲ သတ်မှတ်ပါတယ်။ သူမနဲ့အနီးဆုံးဝိုင်းကို မရောက်တရောက်မှာ ကျွန်တော့် ရင်တစ်ခုလုံး နွေးသလိုလို၊ အေးသလိုလိုကြီး။ ပြီးတော့ . . . . . တပြိုင်တည်းကျွန်တော့်အသိမှာ 'ချစ်သူနဲ့ အနီးဆုံးကို ရောက်တော့မှာပါလား'ဆိုတဲ့ ခံစားမှုတစ်ခုနေရာဝင်ယူလာတယ်။ အနီးကပ်လာမှ ကျွန်တော်လည်း ကြောက်ကြောက်ရှက်ရှက်နဲ့ပဲ မျက်လွှာချထားရာကနေ ဆက်ခနဲ့ပင့်ကြည့်လိုက်တော့ သူမရဲ့ လဲ့ပြာပြာမျက်ဝန်းလေးနဲ့ ဆုံဖြစ်အောင်ကို ဆုံသွားပါတယ်။



(ဆုံမှာပေါ့ . . . . . တမင်ဖန်တီးယူလိုက်တာကိုး) ကျွန်တော်ရှက်ကြောက်တတ်တယ်ဆိုတာတော့မှန်တယ်။ ဒါပေမဲ့ ရင်တွေတလှပ်လှပ်ခုန်နေရင်းကကို အတွေးတစ်ခု ဖျက်ကနဲဝင်လာတယ်။ မိန်းကလေးတွေ လမ်းလျှောက်သွားတာ၊ အစီးအနင်းတစ်ခုခုစီးပြီး ဖြတ်သွားတာတို့ကို ယောကျ်ားလေးက ကြည့်နေရင် ထိရောက်မှုသိပ်မရှိဘူး။ ကောင်မလေးကထိုင်နေပြီး ကောင်လေးကလျှောက်သွားရင်း ငဲ့စောင်းကြည့်တာ၊ အစီးအနင်းတစ်ခုခုပေါ်ကနေ ရွှန်းရွှန်းစားစား လှမ်းရှိုးသွားတာကမှ ထိရောက်မှုရှိတာ။ အဲသလိုကြည့်တဲ့ အခါမှာ လည်း မျက်လွှာချရာကနေဆတ်ခနဲ ပင့်ကြည့်တဲ့အကြည့်ရယ်၊ အဲ . . ကြည့်ရင်လည်း သူ့မျက်လုံးအစုံလိုက်ကို ကျီးကန်းတောင်မှောက် မတည်မငြိမ်ပုံစံမျိုးနဲ့ ကြည့်တာလည်း မလုပ်ရပြန်ဘူး။ မျက်လုံးတစ်လုံးတည်းကိုရွေးပြီး Powerအပြည့် စိုက်ထည့်ကာ အနီးကပ်တစ်ချက် စူးစူးရှရှလေး အတန်ကြာမျှ စိုက်ကြည့်။ ပြီးရင်ခုမှသတိရဟန်နဲ့ လွှဲပစ်လိုက် . . . . . တာသွားတယ်လို့ ဆရာသက်လင်းရဲ့ မိန့်ခွန်းချက်ရှိထားဖူးတယ်။ ဒီတော့ကား ကျွန်တော်လည်း အထက်ပါအတိုင်းပဲ ကျင့်ကြံလိုက်ပါရောလား။ အဲတော့မှ သူမရှက်ကိုးရှက်ကန်းနဲ့ မျက်လုံးတွေ (ဘာမှမဖြစ်ဘဲတမင်) ပုတ်ခတ်ပုတ်ခတ်လုပ်နေတယ်။ ပြီးတော့မှ . . . . . နှုတ်ခမ်းလေးကိုက်ပြီး မပွင့်တပွင့်အပြုံးချွေလျက်ကပဲ မျက်လွှာပြန်ချ သွားလေရဲ့။ အို!

www.burmeseclassic.com

www.burmeseclassic.com



ငါ၏ နီညိုရောင် မျက်ဝန်းနဲ့ကောင်မလေးရေ . . . . . ခုတော့ ငါ့နှလုံးအိမ်ကနေ သွေးစိမ်းရှူတတွေ ဒလဟော စီးနေရပါရော လား။ နင့်ရဲ့ အပြုံးတစ်ချက်ဟာ ငါ့ရင်ကိုဗလောင် ဆူစေတယ်။ အေးမြစေတယ်။ ပူလောင်စေတယ်။ အငြိငြိ အယှက်ယှက်ဖြစ်စေ တယ်။ အိုကွာ . . . . . နင့်အပြုံးဟာ ခံစားမှုရသပေါင်းစုံ ရောသမ မွှေထားတဲ့ ဟင်းအိုးကြီးလိုပါပဲလေ။

'ကဲ . . . . . ကိုနိုင်သစ္စာ . . . . . ဘာစားမလဲ။ ဘာသောက်မလဲ။ ကြိုက်တာမှာနော်. . . . .။ ဘာမှအားမနာနဲ့' ကျွန်တော်သူမနဲ့အနီးဆုံးဝိုင်းမှာထိုင်ပြီးချိန် ညီညီလတ်ကမေးတယ်။ ကျွန်တော်ဝိတ်တာလေးတစ်ယောက်ခေါ်ပြီး

'ညီလေး . . . . . ကိုယ့်ကို ပေါ့ဖ်တစ်ပွဲချ . . . . . အသား မပါတဲ့အလွတ်နော်'

စားပွဲထိုးကောင်လေးထွက်သွားပြီ။ ကျွန်တော့်အကြည့်က ကောင်လေး ရဲ့ ကျောပြင်ဆီကနေ ဘေးတဖက်တစ်ချက်မှာ ယို့ယို့လေးထိုင်ပြီး Customerတွေကို ငွေရှင်းရင်းအလုပ်ရှုပ်နေတဲ့ ချစ်သူ့မျက်နှာလေးဆီ အလိုလိုရောက်သွားတယ်။ ရွှေအိုရောင်ဆံနွယ်ကလေးတွေက ပါးပြင်ပေါ် ဝဲကျလို့နေတယ်။ ဆံနွယ်မျှင်တွေကို သပ်သပ်တင်နေတဲ့ ချစ်သူ့လက်ကလေး ကျွန်တော်ဖြစ်ချင်တယ်။ ချစ်သူရဲ့ဆံနွယ်မျှင်တွေ နဲ့ ဆော့ကစားရင်း ကျွန်တော်ခံစားချက်ပေါင်းများစွာနဲ့ ဆံနွယ်



တွေကို တခုပ်တရ နမ်းရှိုက်ချင်မိပါရဲ့။ ပြီးတော့ ချစ်သူကို ကျွန်တော့် ရင်ခွင်မှာထားပြီး ငြိမ်းအေးစံပျော်စေချင်တယ်။ လမ်းမပေါ်မှာ ဆိုင်ကယ်၊ စက်ဘီး၊ မြင်းလှည်းတွေ မြူနှင်းထုကို ဖောက်ခွင်းတိုးဝင် သွားနေသံတွေကို ကျွန်တော်အတိုင်းသား ကြားနေရတယ်။ ဒါပေမဲ့ ဘေးဝိုင်းကလူတွေ မစားရဝခမန်း သူများမကောင်းကြောင်း ဝေဖန် ရေးနဲ့ လေကန်နေတာ ကျွန်တော့် အတွေးလှလှလေးတွေတောင် ပျက်ကုန်ပါတော့တယ်။ ရုတ်တရက် ကျွန်တော့်ခန္ဓာကိုယ်တခုလုံး ကျင်တက်သွားသလိုပဲ။ ကျွန်တော့် သန္ဓေမှာကိုက ဒီလို အတင်းအဖျင်း တွေ၊ ဝေဖန်တာတွေကို ရွံမုန်းတတ်တဲ့ ဓါတ်ခံပါလာလို့နဲ့တူတယ်။ စူးရှတဲ့ပုပ်အဲ့အဲ့ အညှီအဟောက်နံ့ နှာခေါင်းထဲတိုးဝင်လာသလို အော်ဂလီဆန်လာတယ်။ ပြောရရင် ခုချက်ချင်းဘဲ (မအန်ချင်တောင်) အတင်းပါးစပ်ထဲ လက်ညှိုးထိုးထည့်ပြီး အန်ချလိုက်ချင်ပါတယ်။ ဒါမှလည်း အထဲဝင်ပြီးသားတွေ အကုန်အစင် အပြင်ပြန်ထွက်သွား တော့မှာ။ ခဏနေတော့ စားပွဲထိုးကောင်လေး မုန့်လာချတယ်။ စားပြီးသွားတော့မှ လက်ဖက်ရည်သောက်ရင်း အငွေ့ထုတ်ချင် လာတာနဲ့

'ညီလေး . . . . . လက်ဖက်ရည်ရတယ် မဟုတ်လား'

'ဟုတ် . . . . . ရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေး . . . . . အဲဒါဆို . . . . . ကိုယ့်ကို . . . . . ချိုကျ ရှယ်နဲ့ ရှုဘီတစ်ပွဲချ'

ချစ်သူဆီက ရုတ်တရက် အံ့ဩကြည်နူးတဲ့ အရိပ်အပိုင်း အစလေး ကျွန်တော်ရလိုက်ပါတယ်။ သူမ ကျွန်တော့်ကို ငုံ့ငုံ့စားစား လေးကြည့်တယ်။ ချစ်သူက ကျွန်တော့ဘယ်ဘက်ခြမ်းမှာ ထိုင်နေ တော့ ခေါင်းတစ်ချက်နဲ့စောင်းကြည့်ရုံနဲ့ အနီးကပ်ကို မြင်ရနိုင်ပါ တယ်။ ချစ်သူကြည့်တော့ ကျွန်တော်လည်း အလိုက်သင့် ပြန်ကြည့် မိပါတယ်။ ပြီး . . . . . အတွေးတစ်ခုနဲ့အတူ ကျွန်တော် အကြည့် ပြန်ခွာလိုက်တယ်။ ချစ်သူမျက်နှာထက်မှာ ကြည်နူးရိပ်ကိုကျွန်တော် မြင်လိုက်ရသလိုပဲ . . . .

ပြီးတော့ အံ့ဩဝမ်းသာခြင်းရောပေါ့။ Why? ဒီကကောင်ကလည်း တခုခုဆို အဲဒါ. . . . . နေရာမှာတင် စဉ်းစားခန်း ဝင်ပြီသာမှတ်။ ကျွန်တော် ဝိတ်တာလေးကို လက်ဖက်ရည်နဲ့ ဆေးလိပ်လှမ်းမှာတဲ့ စကားအဆုံးမှာ ကျွန်တော့်ကို လှမ်းကြည့်တာဆိုတော့။ အင်း . . . ဒါဆို လက်ဖက်ရည်နဲ့ဆေးလိပ်မှာ ချစ်သူနဲ့ပတ်သက်တာများ ပါနေမလား။ ဒါမှမဟုတ် ငါပဲ အကျီ ပုဆိုးတစ်ခုခု ပေါက်ပြဲနေ လို့လား။ (ဒီလိုနဲ့ ကိုယ့်ကိုယ်ကို လိုက်ကြည့်ရသေးတယ်။) ငါလည်း ဘာမှမဖြစ်ပါဘူး။ သေချာတာက ချစ်သူဆေးလိပ်သောက်မှာ တော့မဟုတ်။ အေးလေ ဒါလည်းဘယ်ပြောလို့ရမလဲ . . . . .



အနောက်နိုင်ငံတွေမှာတောင် မိန်းမပျိုလေးတိုင်း ဆေးလိပ် သောက်သေးတာ။ ချစ်သူလည်း ခဲချင်ခဲမပေါ့။ (ချစ်သူ Red Ruby ခဲထားပုံကို အတွေးအာရုံမှာ ပုံဖော်ကြည့်တော့။ မဆိုးဘူး။ လန်းသား) ကျွန်တော် ဆေးလိပ်မီးညှိပြီး တချက်ရှိုက်လိုက်တယ်။ ပြီး . . . လက်ဖက်ရည်ကို အောက်ခံပန်းကန်ပြားလေးထဲ ငှဲ့လိုက်တယ်။ ကျွန်တော့်မှာကလည်း လက်ဖက်ရည်တို့ ကော်ဖီတို့ကို ဒီတိုင်း ခွက်ကိုင်း ကနေ ကိုင်မသောက်တတ်ဘူး။ (အကျင့်မရှိလို့) ခုလို အောက်ခံ ပန်းကန်ပြားလေးထဲ ငှဲ့ပြီးမှပဲ သောက်တတ်တာ။ ကျွန်တော့်အဖေ အကျင့်လုပ်ခဲ့တာလေ။ ငယ်ငယ်က သူ့နဲ့လက်ဖက်ရည်ဆိုင်ထိုင်ရင် သူကခွက်နဲ့သောက်ပြီး ကျွန်တော့်ကို ပန်းကန်ပြားလေးထဲ ငှဲ့ငှဲ့ထည့် ပေးခဲ့တာ)

'ကိုနိုင်သစ္စာ. . . . ကျွန်တော့်ဆိုင်ကို ဘယ်လိုဒီဇိုင်းမျိုးနဲ့ ဒက်ဂရေးရှင်း လုပ်ပေးမယ်လို့ စိတ်ကူးတုန်း'

ညီညီလတ်က သူ့ဆိုင်တဝန်းလုံးကိုခြုံကြည့်ရင်း ကျွန်တော့်ကို လှမ်း ပြောတယ်။ ကျွန်တော်လည်း သူ့အလုပ်စကားပြောပြီဆိုတော့ ဈာန် သွင်းပြီး အပြီးအပြင် စိတ်ကူးကွန့်မြူးရတော့သည်။ အလုပ်လို့ ဆိုပေမဲ့ ကျွန်တော်က စီးပွားရေးထက် ကိုယ်ဝါသနာပါရာ၊ ကိုယ့် အသွေးအသားက တောင်းဆိုခိုင်းစေရာကိုပဲ လိုက်လုပ်ချင်တဲ့သူမျိုး ဟုတ်တယ်လေ။ ကိုယ့်အလုပ်နဲ့ကိုယ် စိတ်ခံစားချက် တထပ်တည်း

www.burmeseclassic.com

www.burmeseclassic.com



မကျရင် လူစင်စစ်ကနေ Robot စက်ရုပ်လို ဖြစ်နေမှာပေါ့. . . ။ စက်ရုပ် Robotမှာက နာမ်ဝိညာဉ်(စိတ်) ဆိုတာမျိုးမှမရှိတာ။ Programme (အစီအစဉ်)ရေးထားတဲ့အတိုင်း Procedure (စနစ်ဇယား)နဲ့ လုပ်နေရတာ။ သူကိုယ်တိုင် ထိန်းချုပ်လို့မရဘဲ သူများရဲ့ Controlနဲ့ လုပ်နေရတာ။ အဲတော့ လူဟာလည်း ကိုယ်ပိုင်ဝါသနာအထုံ၊ စိတ်ခံစားချက်နဲ့ အလုပ်တစ်ခုကို ရွေးချယ်လုပ်ကိုင်မှုမပြုရင် သူလည်းတနည်းအားဖြင့် Robotပဲ။ အဲလိုလူရဲ့ ဘဝဟာလည်း တရားသေ ပြဋ္ဌာန်းထားတဲ့ ကျမ်းစာဆန်ချင်ဆန် နေလိမ့်မယ်။ အမှန်တကယ်တော့ လူတစ်ယောက်ရဲ့ Life က Blank Book ဗလာစာအုပ်တစ်အုပ်ပဲ ဖြစ်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ ဒါမှလည်း ကိုယ်စိတ်ကြိုက် ရေးသွင်းနိုင်တော့မှာ။ ဒါကြောင့်လည်း အဖေနဲ့ကျွန်တော်ကြားမှာ ဘယ်လိုပေါင်းကူးတံတားမှ ထိုးလို့မရအောင်ကို ချောက်နက်ကြီးတစ်ခု ခြားသွားရတာပေါ့။ ကျွန်တော်ကတော့ နှလုံးအိမ်ရဲ့ ဟိုးအနက်ရှိုင်းဆုံး နေရာလေးတစ်ခုကနေ ဆုတောင်းနေမိရဲ့။ အဖေ ကျွန်တော့်ကိုအမြန်ဆုံး နားလည်လာပါစေလို့။ ကျွန်တော့်စိတ်ဝိညာဉ်ထဲမှာ အရောင်တွေနဲ့ ထုံမွှမ်းနေပြီး အရောင်တွေထဲမှာပဲ ကျွန်တော့် စိတ်ဝိညာဉ်ဟာလည်း ခိုဝင်ပျော်မွေ့နေတယ်။ (နှလုံးသားမှာ ဘာအရောင်မှမရှိခြင်းကို ဖြူစင်တယ်လို့ သတ်မှတ်ခံယူလာကြတာ ရာစုနှစ်ပေါင်းများစွာ ကြာပြီလို့ ကျွန်တော်ထင်ပါတယ်။



ကျွန်တော့် (Side of view)အမြင် ရှုထောင့်အရဆိုရင် နှလုံးသားမှာ အရောင်ရှိခြင်းကို ဖြူစင်တယ်လို့ ခေါ်တာပါ။ ဖြူစင်ခြင်းဆိုတာ အရည်အသွေးတစ်ခုလေ။ အရှိတရား။ အရောင်မဲ့ခြင်းကို ဖြူစင်တယ်လို့ သတ်မှတ်ရင် မရှိတရားမဲ့နေခြင်းပေါ့။ ရိုးသားစွာသစ္စာရှိခြင်းကို အဖြူထည်အဖြစ် သတ်မှတ်ရင် အဲဒီလူရဲ့ နှလုံးသားမှာ အနှစ်သာရ အပြည့်ရှိတဲ့ အရောင်တစ်မျိုး ခိုအောင်းသွားပြီလို့ ကျွန်တော်ထင်ပါတယ်။ နှလုံးသားတစ်ခုရဲ့ နက်ရှိုင်းမှုနဲ့ အနှစ်ရှိမှုဟာ အဲဒီနှလုံးသားရဲ့ ဗလာနယ်ပေါ်မှာ မူတည်ပါတယ်။ အငြိုးအတေး၊ အာဃာတ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ က္ကသာ၊ မိစ္ဆာ ကုန်ကုန်ပြောရရင် Bad Side မှာ ရှိသမျှ စိတ်ယုတ်တွေ ဘာဆိုဘာမှမရှိဘဲ ဖြူစင်ခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ မြင့်မြတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းစတဲ့ Good Side မှာ ရှိသမျှ အရည်အသွေးအားလုံး နှလုံးသားတစ်စုံမှာ အမြစ်တွယ်ကိန်းဝပ်နေရင် ဒါဟာ(Nobel color) မြင့်မြတ်သန့်စင်သော အရောင်ပေါ့။ နှလုံးသားတစ်စုံမှာ Negative Colour ရော Positive Colour ပါ ဘာမှမရှိမဲ့နေခြင်းကို အရောင်တစ်မျိုးရယ်လို့ ခေါင်းစဉ်တပ်လို့ကိုမရနိုင်ဘူးလို့ ကျွန်တော်ထင်တယ်။ ပြီးတော့ လူ့စိတ်နှလုံးဆိုတာမျိုးက Positive နဲ့ Negative တစ်ခုခုကိုတော့ ခံယူရပါလိမ့်မယ်။ Positive (အပြုသဘော)ရော Negative (အပျက်သဘော)[illegible]မရှိတဲ့ ဗလာကျင်းနေတဲ့ နှလုံးသားရယ်လို့ မရှိပါဘူး။ [illegible]အေးချမ်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



အရောင်ဟာ Positiveထဲမှာ ရှိနေတော့ အေးချမ်းငြိမ်သက်တာကို မလိုချင်တဲ့ နှလုံးအိမ်ပိုင်ရှင်ရယ်လို့ ရှိနိုင်မတဲ့လား။ ကျွန်တော်က တော့ အဲဒီလိုပဲမြင်မိတယ်။ ဗဟိဒ္ဓမျက်စိစကျွနဲ့ မမြင်နိုင်တဲ့ Particals(အမှုန်)တွေ Atoms တွေမှာတောင် မမြင်နိုင်တဲ့အရောင်တွေ ရှိနေလိမ့်ဦးမလားလို့ ကျွန်တော်မကြာခဏဆိုသလို တွေးကြည့်မိပါတယ်။ အဲ . . . . . ဒီလိုပဲ . . . . . စိတ်ဝိညာဉ်မှာလည်း မျက်စိ တစ်မျိုးရှိပါတယ်။ သူ့ကိုကျတော့ အဇ္ဈတ္တ(အတွင်း)မျက်စိလို့ ခေါ်ကြည့်ရအောင်။ အဇ္ဈတ္တမျက်စိနဲ့ကြည့်မှ မြင်ရနိုင်တဲ့ အရောင် တွေလည်း လောကမှာအများကြီး ရှိနေပါသေးတယ်။ ဖမ်းဆုပ် ကိုင်တွယ်ပြလို့ မရနိုင်သလို ဖမ်းဆုပ်မိဖို့လည်း အင်မတန်ခဲယဉ်း ပါတယ်။ သစ္စာတရားပဲ ကြည့်လေ။ သူ့ကို အဇ္ဈတ္တမျက်စိနဲ့ကြည့်မှ အေးမြတဲ့အရောင်တစ်မျိုး ပိုင်ဆိုင်ထားကြောင်းသိနိုင်ပါလိမ့်မယ်။

'ဩော် . . . . . အာရုံငါးပါး မပေါက်ရောက်နိုင်၊ မငုံမိနိုင်၊ မလွှမ်းမိုးနိုင်၊ မသိနိုင်တဲ့ အာရုံခံစားမှုတွေလည်းရှိနေသေးပါကလား' လို့ ရင်မှစိုနင့်ကြေကွဲစွာ မြည်ဟိန်းထွက်ပေါ်လာရပါတယ်။ ကျွန်တော် လည်း ညီညီလတ်ဆိုင်ကို ဒက်ဂရေးရှင်းလုပ်ဖို့ အာရုံဖြန့်ကျက် အရောင်တွေစပ်ဟပ်နေရင်းက မမြင်နိုင်တဲ့အရောင်တွေနဲ့ ခြယ်မှုန်း ထားတဲ့ အဇ္ဈတ္တမျက်စိနဲ့ကြည့်မှ မြင်ရနိုင်တဲ့ အရောင်တစ်မျိုးချစ်သူ



ဘယ်ဘက်ရင်အုံမှာ တလက်လက်ထွန်းတောက် ခုန်ပေါက်နေတာ မြင်မိရက်သား။

'ကိုလတ် . . . . . ကိုလတ်ကို ကျွန်တော်အကြံတစ်ခု ပေးချင်တယ်ဗျာ'

'ဟာ . . . . . လုပ်လေ . . . . . ကိုနိုင်'

'ဒီလိုဗျ . . . . . ကိုလတ်ရဲ့'

ကျွန်တော်တို့နှစ်ယောက်လုံး မတ်တပ်ထရပ်ကာ ဆိုင်အတွင်း ပတ်လည်လျှောက်ကြည့်ရင်း တိုင်ပင်ပြောဆိုနေပြီဖြစ်သည်။

'အင်း'

'ဆိုင်ကို ကျွန်တော် Fancy ဆန်ဆန်လေးလုပ်ပေးမယ်ဗျာ။ ဆိုင်ရှေ့မျက်နှာစာမှာ ကွန်ပိုဆစ်ရောင်စုံတွေသုံးပြီး အဝင်အထွက် တံခါးကို ရင်စိပုံစံနဲ့ မှန်ကြည်ချည်းပဲသုံးမယ်။ ဆိုင်အတွင်း ကာလာ တွေကိုတော့ ဖန်စီဆန်ဆန် အနု၊ အရင့် ယှက်ဖောက်ပြီးသုံးမယ်။ နောက်ပြီး . . . . . ဆိုင်ရဲ့နံရံတွေမှာ ဖန်စီအရောင်တွေနဲ့ လိုက်ဖက်မဲ့ပန်းချီကားတချို့ တင်ချင်တယ်ဗျာ။ ပြီးတော့ . . . . . ဆိုင်းဘုတ်ဒီဇိုင်းကိုလည်း အိုင်ဒီယာအသစ်တစ်ခု စဉ်းစားထား တယ်။ အဓိက . . . . . ကျွန်တော် ကိုလတ်ဆိုင်ကို အချက်သုံးချက် ပေါ် Baseယူပြီး Customerတွေကို ဆွဲဆောင်မယ်။ စားသုံးသူ Customer တွေတင်မကဘဲ Feeling သမားတွေပါ တိုးလာလိမ့်မယ်။ ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com



Customer တွေရဲ့(Roll)အတန်းကိုပါ ညှိပြီးသား ဖြစ်သွားမယ်။ နံပါတ်(၁)က မနက်ပိုင်းကျတော့ Breakfastစားသူက အဓိက လာမှာလေ။ မနက်ပိုင်းအုပ်စုထဲမှာက လူပေါင်းစုံပါမှာပဲ။ ကိုလတ်တို့ဆိုင်ရဲ့ အစားအသောက်က နာမည်ရပြီးသားဆိုတော့ အထွေအထူးမိတ်မလိုဘူး။ မနက်ပိုင်းစားသုံးသူအားလုံးကို ဆိုင်းဘုတ်နဲ့တင် ဆွဲဆောင်နိုင်တယ်။ ကိုလတ်တို့ဆိုင်နာမည်က 'ဆုံမှတ်'ဆိုတော့ ရုတ်တရက်ကြည့်လိုက်ရင် ဆိုင်နာမည်ပြောင်းထားသလို ထင်ရအောင် ဆိုင်းဘုတ်စာတန်းကို ရေးတဲ့နေရာမှာ Curve Font Style လှိုင်းလေးတွေ လူးလွန့်ပျံ့ဝဲနေသလို အကောက်အကွေးတွေနဲ့ ပုံဖော်မယ်။ ဒါကပုံသေမဟုတ်ဘူး။ တစ်လတစ်ခါ Font Design ပြောင်းနေမှာ။ အဲဒီဆိုင်းဘုတ်ကို ခရစ်စတယ်တုံးလေးတွေနဲ့ ဖော်လို့ရတယ်။ ပြီးမှ အရောင်တင်ဆေးမှုတ်ပေါ့။ ပြီးတော့ . . . . . ဆိုင်းဘုတ်ကို ဖတ်လို့ရနိုင်တဲ့ သူကိုတစ်လတစ်ကြိမ်ဆု ချီးမြင့်တဲ့ အစီအစဉ်တစ်ခုပါ လုပ်ပေးရင်ကောင်းမလားလို့။ ဒါကမနက်ပိုင်းအတွက်ပေါ့ဗျာ'

ကျွန်တော်တို့နှစ်ယောက်သား ဆိုင်ဝင်ဝဒေါင့်စွန်းပိုင်းမှာထိုင်ပြီး ကျွန်တော့် Laptopထဲက အရောင်ကတ်တလောက် Font Designတွေ အစမ်းပြကာကျွန်တော်က ဆိုင်ပြင်ထွက် ဆိုင်းဘုတ်ဆိုဒ်အတိုင်း ကိုတိုင်းကြည့်၊ ဆိုင်အချိုးအစားကို စာရွက်တစ်ရွက်မှာအချိုးချ ပုံတူကူးဆွဲရင်း ညီညီလတ်ကိုရှင်းပြတော့



'ကောင်းတယ်ဗျာ . . . . . ကိုနိုင်ကြီး . . . . . အဲဒီလို မော်ဒန်အိုင်ဒီယာတွေနဲ့ ကျွန်တော်လည်းဆိုင်ကို တည်ဆောက်ချင်နေတာ'ဆိုပြီး သူ့ဆိုင်ဒီဇိုင်းကို အကျအနစိတ်ပါလက်ပါ စီမံနေသော ကျွန်တော့်အား Laptop ထဲက Colour Catlouge, Font Design တွေကို ကျေကျေနပ်နပ်ကြီး ကြည့်နေရင်းကဆိုတယ်။

'နံပါတ်(၂)က နေ့လယ်ပိုင်းဆို လူကြီးတွေ အများဆုံး လာထိုင်တတ်တယ်။ သူတို့ကျတော့ လက်ဖက်ရည်၊ ကော်ဖီသောက်ရင်း နိုင်ငံရေး၊ လူမှုရေး၊ သတင်းတွေအကြောင်းပြော၊ ဂျာနယ်ဖတ်၊ ရေဒီယိုသတင်း၊ Satellite သတင်းတွေနားထောင်ဆိုတော့ သူတို့အတွက်ကို အဓိကထားစီစဉ်တဲ့အနေနဲ့ စလောင်းလည်း ကိုလတ်တို့ဆိုင်မှာရှိပြီးသား။ အဲတော့ . . . . . သတင်းစာ၊ ဂျာနယ်တွေကို up to date စီစဉ်ပေးရမယ်။ ပြီးတော့ . . . . . ဂန္ထဝင်ပန်းချီကားတွေထဲမှာမှ ကျွန်တော်တို့နိုင်ငံရဲ့ အပြောင်မြောက်ဆုံး ပန်းချီကားတွေ၊ ဥရောပဂန္ထဝင်ပန်းချီကား၊ ဒါဗင်ချီ၊ ပန်ကိုးတို့ ပန်းချီကားတွေဆို သူတို့နေ့လယ်ပိုင်းအုပ်စုနဲ့က Fitting (ကွက်တိ)ပဲ။ နောက်ပြီး . . . . . နေ့လယ်ပိုင်းက ဆိတ်ငြိမ်ချိန်ဆိုတော့ ချစ်သူစုံတွဲတွေလည်း လာထိုင်တတ်တယ်။ သူတို့အတွက်က ဆိုင်ရဲ့ဒက်ဂရေးရှင်း Abstract Colour (စိတ္တဇဆန်တဲ့အရောင်)တွေနဲ့ ဂန္ထဝင်အနုအရွ သီချင်းတွေပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com


ညီညီလတ်၏ နှစ်ခြိုက်တဲ့အပြုံးပွင့်မှာ ပိုထင်ရှားလာတယ်။

'နံပါတ် (၃) ညပိုင်းကျတော့ လူငယ်တွေ အများဆုံး လာထိုင်မှာဆိုတော့ သူတို့အတွက်က တစ်မျိုးစီစဉ်ပေးရ လိမ့်မယ်။ ကိုလတ်တို့ဆိုင်က ခြံဝန်းကျယ်ကြီး တဝန်းလုံးအပါဆိုတော့ ဆိုင်အတွင်းဘက် ခြံကြီးရဲ့ထောင့်တွေမှာ ဝိုင်းတစ်ဝိုင်းကို နာဂစတိုင် တဲတစ်လုံးစီထိုးပေးလိုက်မယ်။ ပြီးရင်စိတ်ကြိုက် သီချင်းနားထောင်လို့ရအောင် Head Phone တစ်ခုစီ ချိတ်ပေးပြီး ကောင်တာမှာ Server ထိုင်လိုက်မယ်ဗျာ။ Internetပါတွဲသုံးချင်သူတွေအတွက် လက်ပ်တော့ တစ်လုံးစီကို စီစဉ်ပေးပြီး Serverအထိုင်ကိုတော့ Casher Counter မှာ ထားလိုက်မယ်။ Internet Cafeလေးလည်း ဖြစ်သွားတာပေါ့ဗျာ။ ညဘက်ဆို ချစ်သူစုံတွဲတွေလည်း လာတတ်တော့ Romatic ဖြစ်တာပေါ့။ ကိုယ့်ဝိုင်းနဲ့ကိုယ်ဆိုတော့ အနှောက်အယှက်လည်း မဖြစ်ဘူး။ ငြိမ်သက်မှုလည်းရှိတယ်။ ပြီးတော့ အပေါ်ကိုပင့်ထိုးနေတဲ့ နံရံမြှုပ်မီးလုံးတွေပါ တပ်ပေးထားလိုက်မယ်။ လိုလည်းသုံး၊ မလိုလည်း ပိတ်ထားလို့ရအောင် ခလုတ်တစ်ခုစီပါ စီစဉ်ပေးလိုက်မယ်။ တဲတွေရဲ့ နံရံတွေနဲ့ Backgroundကိုကျတော့ ဖန်စီဒီဇိုင်းတွေကိုပဲ စိတ္တဇ ဆန်ဆန်အရောင်တွေ စပ်ဟပ်တွဲသုံးပြီး အနောက်နိုင်ငံတွေရဲ့ လမ်းကျဉ်းနံရံတွေမှာ အရောင်တွေကို ရဲရဲကြီးသုံးချင်တိုင်းသုံးထားသလို ဒီဇိုင်းတွေပါ လုပ်ပေးထားလိုက်မယ်'



'ဟာ . . . . . လန်းတယ်ဗျာ . . . . . အိုင်ဒီယာတွေက . . . . . လုံးဝကြိုက်တယ်။ Perfect ဖြစ်သွားပြီပေါ့ဗျာ'

ညီညီလတ်တစ်စုံတစ်ခုကို သတိရဟန်ဖြင့်

'ဩော် . . . . . ကိုနိုင်သစ္စာတစ်ခါတည်း ကျွန်တော့်အိမ်ကိုပါ ဆေးရောင်ပြောင်းရင် ကောင်းမလားလို့။ ဆိုင်ကိုတောင် ဒက်ဂရေးရှင်းလုပ်နေပြီဆိုမှ အိမ်ကိုလည်း ကိုနိုင့် colour senseနဲ့ လိုက်ဖက်သွားအောင် လုပ်လိုက်ဗျာ'

'ဟုတ်တယ် . . . . . ကျွန်တော်အစောက အကြံပေးမလို့ ဆိုတာ အိမ်ကိုကာလာဒက်ဂရေးရှင်းလုပ်ဖို့ပါပဲ။ ကိုလတ်က နဂိုကတည်းက စဉ်းစားပြီးသားဆိုတော့ ပိုကောင်းတာပေါ့'

ညီညီလတ် ပျာပျာသလဲငြင်းချက်ထုတ်ကာ

'ဟာ . . . . . အဲဒီလိုတော့ မဟုတ်ဘူးကိုနိုင်ရ။ ကျွန်တော့်ဆိုင်အတွက် ကိုနိုင်စိတ်နှစ်ပြီးလုပ်နေမှ ဒီအကြံပေါ်လာတာပါဗျာ'

'အင်း . . . . . ဒါကြောင့်လည်း ကျွန်တော်တို့မြို့ကို ကိုနိုင်ရောက်တာ တစ်နှစ်တောင်မပြည့်သေးဘူး . . . . . နေရာတိုင်းမှာ ကိုနိုင့်လက်ရာတွေ တွေ့နေရတာကိုးဗျ'

ကျွန်တော်တို့နှစ်ယောက်၏ နှုတ်ခမ်းထက်၌ အပြုံးကိုယ်စီပွင့်ဝေနေကြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို . . . . . ကိုလတ် . . . . . ကျွန်တော် ဒီဇိုင်းစဆွဲလိုက်တော့မယ်နော်'

'အာ . . . . . ကိုနိုင်ကလည်း နောက်တောင်ကျနေတယ်ဗျာ . . . . . မြန်မြန်သာလုပ် . . . . . လိုအပ်တာရှိရင်လည်း . . . . . ကျွန်တော့်ကိုပြော . . . . . ဘာမှ အားမနာနဲ့'

ကျွန်တော်တို့နှစ်ယောက် အလုပ်ကိစ္စပြီးပြတ်သွားပြီဖြစ်တာကြောင့် ခြံဝန်းကျယ်ကြီးအတွင်းကနေ ဆိုင်ထဲကိုအတူယှဉ်လျှောက်ရင်း Casher Counterနားကိုတောင် ရောက်လုပြီ။ ဒါပေမဲ့ . . . . . ချစ်သူကို မတွေ့ရတော့ပါ။ ကျွန်တော့်မျက်လုံးတွေ တစ်စုံတစ်ရာကို အသည်းအသန်ရှာဖွေလေပြီ။ ဒါကိုမှ ညီညီလတ်ကလည်း သတိထားဖြစ်အောင် ထားမိသွားပါသေးတယ်။ ကျွန်တော့်ကို ညီညီလတ်ဘေးချင်းယှဉ်လျက်ကပဲ ပြုံးပြီးကြည့်နေရင်း တစ်စုံတစ်ခု သတိရတဲ့ပုံစံနဲ့

'ဩော် . . . . . ကိုနိုင့်ကို ညီမလေးနဲ့ မိတ်ဆက်ပေးရဦးမယ်'

တစ်ခုခုကို ရှာဖွေနေတဲ့ ကျွန်တော့်မျက်ဝန်းတွေ ညီညီလတ်စကားကြောင့် ရပ်တန့်ပြီး မပွင့်တပွင့်ပြုံးကာ ငူငူကြီးရပ်နေမိတယ်။

'ဟေမာန် . . . . . ဒါအစ်ကို့သူငယ်ချင်း . . . . . နိုင်သစ္စာတဲ့ . . . . . ရန်ကုန်ကပဲ'



အမှန်တော့ ချစ်သူက ကျွန်တော်ရပ်နေတဲ့ နောက်ကခုံဝိုင်းမှာထိုင်ပြီး နံရံကပ်တီဗွီဖန်သားပြင်ကလာနေတဲ့ သီပွဲရုပ်ရှင်ဇာတ်ကားကို ကြည့်နေတာပါ။ (ကျွန်တော်ကိုက အမြင်တွေဝေဝါးပြီး လိုက်ရှာနေ လိုက်ရတာ) ကျွန်တော်ရှက်စိတ်နဲ့ မွှန်ထူပြီး 'ငါသူ့ကိုလိုက်ရှာနေတာများ သိသွားပြီလား'ဆိုတဲ့ အတွေးတွေ ဖျတ်ဖျတ်လူးလေတော့တယ်။ ကျွန်တော့်နောက်ကနေကွေ့ပတ်ပြီး ကျွန်တော်နဲ့ ညီညီလတ်ရှေ့ကို ချစ်သူရောက်လာပြီး ရပ်နေတယ်။ ချစ်သူကျွန်တော့်ကို တည်တည်ကြည်ကြည် လေးကြည့်နေရာက ခေါင်းညိတ်ပြရုံသာ ညိတ်ပြတယ်။ (အသိအမှတ်ပြုတဲ့သဘောပေါ့။)

'ကိုနိုင် . . . . . ဒါကျွန်တော့်ညီမလေး . . . . ဟေမာန်လတ်တဲ့။ အိမ်မှာတော့ အငယ်ဆုံးပေါ့ဗျာ။ ဗိုလ်ပဲ ဟင်း . . . . . ဟင်း' ညီညီလတ် ချစ်သူကိုကြည့်ပြီး

'ဩော် . . . . . ဟေမာန် . . . . . ညီမလေး . . . . . ဆိုင်ရဲ့ဒက်ဂရေးရှင်းအတွက် ဒီဇိုင်းကို ကိုနိုင်သစ္စာဆီပဲ အပ်လိုက်တယ်'

ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆွေတွေဖြစ်အောင် တွန်းပို့နေတာလား ကိုလတ်ရယ်။ ကျွန်တော့်ရင်တွေ အထက်အောက်ဗြောင်းဆန်နေတယ်။ ကျွန်တော်ချစ်သူကို ဘာပြန်ပြောရမလဲ။ 'တွေ့ရတာဝမ်းသာပါတယ်'လို့ ပြောရမလား။ 'ဝမ်းမသာပါဘူး'လို့ ပြောရ

www.burmeseclassic.com

www.burmeseclassic.com



မလား။ အဲ . . . . . ဟုတ်ပေါင်။ တွေ့ရတာ ငါကဘာလို့ ဝမ်းမသာရမှာလဲ။ ဝမ်းသာလွန်းလို့ ဝက်ရူးတောင်ပြန်ချင်နေတာ။ ဒါဆိုဘာပြန်ပြောရမလဲ။ ကျွန်တော်အဲလို ရောက်တတ်ရာရာ လျှောက်တွေးနေတုန်းရှိသေး။ ကျွန်တော့်ရင်ကို တိုက်ရိုက်လာထိစေတဲ့စကားတစ်ခွန်း ချစ်သူနှုတ်က ထွက်ကျလာတယ်။ သူမအစ်ကို(ကိုလတ်)ကို ကြည့်ပြီး။

'ဟိုလေ . . . . . ကိုလတ် ဈေးဘယ်လိုညှိထားလဲ'

ဒီတော့မှ ညီညီလတ်က

'ဟာ . . . . . အေးဗျာ . . . . . ကိုနိုင့် အိုင်ဒီယာတွေထဲမှာပဲ ကျွန်တော်လည်းနစ်နေတာနဲ့ ဈေးစကားတောင် မပြောမိလိုက်ဘူး။ ဆောရီးဗျာ . . . . . ဘယ်လိုမှ သဘောမထားပါနဲ့။'

ကျွန်တော်ပျာပျာသလဲပင်

'အာ . . . . . ဘယ်ရလာ . . . . . ကိုလတ်ကလည်း ကျွန်တော်က အစကတည်းက ကိုလတ်တို့ဆိုင်ကို ဒီဇိုင်းခလုံးဝမယူဘဲ မိတ်ဖြစ်ဆွေဖြစ်လုပ်ပေးဖို့ စိတ်ကူးထားတာ'

ကျွန်တော့်ရဲ့ဟေမာန်ဆောင်းလေးက

'အာ . . . . . မဟုတ်တာ ကိုနိုင်သစ္စာလည်း . . . . . ဒါအလုပ်သဘောပဲလေ။ ယူရမှာပေါ့။ မရဘူး။ ယူကိုယူရမယ်'

မျက်စောင်းလှတပတလေးချစ်သူ ကျွန်တော့်ကိုခွဲ့ကျွေးတယ်'



ကျွန်တော်လည်း ဘယ်လိုမှငြင်းမရတာနဲ့ လမ်းကြောင်းအသစ်ဖောက်ရတယ်။

'ဒါဆို . . . . . ကျွန်တော်တစ်ခုတောင်းဆိုပါရစေ'

'ဘာများလဲ'

'ကျွန်တော်အခုဆွဲပေးမဲ့ဒီဇိုင်းကို ကျွန်တော့်မူပိုင်အဖြစ်လိုချင်ပါတယ်။ အဲဒါ ကျွန်တော်ဒီဇိုင်းခအနေနဲ့ယူတာပါ'

'အို . . . . . ကိုနိုင်သစ္စာကလည်း ကိုယ်ဆွဲထားတဲ့ ဒီဇိုင်းပဲ။ ကိုယ့်ဟာပဲမဟုတ်ဘူးလား'

'ဒါတော့ ဒါပေါ့လေ . . . . . ဒါပေမဲ့ ဒီဇိုင်းပြီးသွားရင် ကျွန်တော် ဒီဇိုင်းပြပွဲမှာ ဝင်ပြိုင်ချင်လို့ပါ။ ပြပွဲစည်းကမ်းအရ မဟေမာန်လတ်တို့က ခွင့်မပြုရင် ကျွန်တော်ဝင်ပြိုင်လို့ မရနိုင်လို့ပါ'

'ဩော် . . . . . အဲလိုလား . . . . . ဒါဆိုရင်တော့ ခွင့်မပြုနိုင်ဘူး'

'ဟင် . . . . . ဘာဖြစ်လို့လဲ'

'စီးပွားရေးတွက်ကိန်းအရဆိုရင် ရှင်သူဌေးဖြစ်မှာစိုးလို့'

'မဟေမာန်လတ်ကလည်း . . . . . ဘာများလဲလို့ . . . . ဟင်း . . . . . ဟင်း'

ကျွန်တော်အပြောချင်ဆုံးသော စကားတစ်ခွန်းကို ပြောဖြစ်အောင် ပြောမယ်လို့ ရည်ရွယ်လိုက်ပါတယ်။ ပြောလည်းပြောဖြစ်သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရင်ခုန်ရင်းနဲ့ပေါ့။

'တကယ်တော့ . . . . . ကျွန်တော့်မှာပြပွဲဝင်ပြိုင်ဖို့ တခြား ဒီဇိုင်းတွေအများကြီးရှိပါတယ်။ ဒါပေမဲ့ ဒီ ဒီဇိုင်းကိုမှရွေးပြီးပြိုင်မယ် ဆိုတာက ကျွန်တော့်ဘဝမှာမမေ့နိုင်တော့မဲ့ အမှတ်တရတစ်ခုခု ကျန်နေခဲ့ချင်လို့ပါ။ အဲဒါကလွဲရင် ကျွန်တော့်မှာတခြားဘာ ရည်ရွယ်ချက်မှ မရှိပါဘူး'

ချစ်သူကျွန်တော့်ကို အတန်ကြာတဲ့အထိ လဲ့ပြာရွှန်းဝေစွာ စိုက်ကြည့် နေရာကနေ သတိဝင်လာပြီး မျက်လွှာချသွားတယ်။ ကျွန်တော် ကတော့ လှိုက်မောနေတဲ့(လူပြောများတဲ့) သက်ပြင်းငွေ့ငွေ့ (ဆိုတာ ကြီးကို) ချလိုက်မိပါတယ်။ (ချစ်သူမမြင်အောင်ပေါ့) ချစ်သူရေ . . . . . ဒီစကားလေး ငါ့နှုတ်ဖျားကနေ လိမ့်ဆင်းကျလာဖို့တောင် ရင်မောလိုက်ရတာ။ ညီညီလတ်က ကျွန်တော်နဲ့ ချစ်သူရဲ့ တိုးတိတ် သွားတဲ့အခြေအနေကို အလိုက်တသိပဲ စကားလုံးတချို့နဲ့ဖြိုခွင်း လိုက်တယ်။

'ကဲ . . . . . ကိုနိုင်ရေ . . . . . ခင်ဗျားစိတ်ကြိုက် ဒီဇိုင်း ဖြစ်အောင်သာဆွဲ။ ဟုတ်လား . . . . . လိုအပ်တာရှိရင်လည်း ကျွန်တော့်ဆီဖုန်းသာဆက်လိုက် . . . . . ဒါမှ မဟုတ် အချိန်ရရင် ဆိုင်ကိုလာရင်လည်းလာပေါ့'

ညီညီလတ် ကျွန်တော့်ပခုံးကို ခပ်ဖွဖွပုတ်လိုက်ပြီး လှည့်ထွက်မည်



အလုပ် တစ်စုံတစ်ခုပြောမည်လုပ်ပြီးမှ ကျွန်တော်နဲ့ချစ်သူကို တစ်လှည့်စီကြည့်ပြီး ခေါင်းတဆက်ဆက်ညိမ့်ကာ အိမ်ထဲဝင်သွား တော့တယ်။ ကျွန်တော်နဲ့ ချစ်သူနှစ်ယောက်သာ မျက်နှာချင်းဆိုင် ရပ်လျက် ကျန်ရစ်ခဲ့တယ်။ ကျွန်တော်လည်း ချစ်သူနဲ့နှစ်ယောက် တည်းအခုလိုကြီးရပ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာနဲ့စာရင် အိမ်ပြန်ပြီး ဒီဇိုင်းအတွက် စီစဉ်ရင်ကောင်းမယ်လို့ တွေးလိုက် မိတယ်။ ဒါနဲ့ပဲ

'မဟေမာန်လတ် . . . . . ကျွန်တော့်ကို ခွင့်ပြုပါဦး' ခါးထောက်ပြီး ချစ်သူကျွန်တော့်ကို အလိုမကျဟန်နဲ့ မျက်စောင်း ပါးပါးလေးထိုးတယ်။ ဘာကြောင့်မှန်းမသိ ဒီကကောင်ကလည်း လောင်မြိုက်လှိုက်စားတတ်မှန်းသိရက်နဲ့ အဲဒီမျက်စောင်းလှလှလေး တွေကိုမှ ခုံမင်နှစ်သက်နေမိပါတယ်။

'ဘာဖြစ်လို့လဲ မဟေမာန်လတ်'

ချစ်သူသက်ပြင်းဖွဲ့ဖွဲ့ချပြီး

'ဟေမာန့်ကို ဟေမာန်လို့ပဲခေါ်ပါ။ ပြီးတော့ ကိုယ့်ကိုယ်ကို ကျွန်တော်ဆိုပြီးတော့လည်း ငယ်မပစ်လိုက်ပါနဲ့နော်'

'အဲဒါဆို . . . . . ကိုယ်က 'ကျွန်တော်'မပြောရင် ဘယ်လို ပြောရမှာလဲ'

ချစ်သူ ကျွန်တော့်ကို အံ့ဩမှင်သက်တဲ့ ပုံလေးနဲ့ကြည့်ပြီး ရယ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့လျက်

'ဟီး .....အဲလိုပဲပြောပေါ့'

ကျွန်တော်အပြုံးစွက်တဲ့မျက်နှာနဲ့ မျက်မှောင်ခပ်ရေးရေးလေး ကြုတ်ပြီး တနေရာကိုအကြည့်ရွှေ့ပြီးကာမှ ချစ်သူ့မျက်ဝန်းကို တည့်တည့်ကြည့်ပြီး

'ဒါဆို .....ကိုယ်ပေါ့ .....ဟုတ်လား'

'အင်း'

ချစ်သူတစ်စုံတစ်ခုကို သတိရဟန်နဲ့ (သို့မဟုတ် ရှက်စနိုးနဲ့စကား လမ်းကြောင်းပြောင်းလျက်)

'ဩော် .....ကိုနိုင်သစ္စာ ဒီဇိုင်းက ဘယ်တော့လောက် ပြီးမှာလဲ'

'အင်း .....တစ်ပတ်လောက်တော့ကြာမယ် ..... ဘာဖြစ်လို့လဲ'

'ဘာရယ်မဟုတ်ပါဘူး .....ဟေမာန်က အနုပညာဆို အရမ်းစိတ်ဝင်စားတာ။ တခါတလေ ကဗျာတွေဘာတွေတောင် ရေးတတ်တယ်။ ပန်းချီပန်းပုလည်း ဝါသနာပါတယ်။ ကြိုက်တယ်။ ဟိုလေ အဲဒါ ကိုနိုင်သစ္စာ အဆင်ပြေနိုင်မယ်ဆိုရင် ဟေမာန့်ကို အရောင်တွေရဲ့ လျှို့ဝှက်ချက်နဲ့ ဒဿနတွေ သင်ပေးပါလား'



'ဟာ .....ဟိုးထား .....ဟိုးထား ဒေါ်ဟေမာန် သင်ပေးပါလို့တော့ မလုပ်လိုက်ပါနဲ့နော်။ ဆွေးနွေးမယ်လောက်တော့ လုပ်ပါ။ ခင်ဗျားလေးလည်း အနုပညာဝါသနာရှင် တစ်ယောက်ပဲ'

'ကဲ .....ဒါဆိုလည်း .....ဟောဒီက အစ်ကိုတော့် သဘောပါရှင်'

'OK လေ။ ဆိုင်အတွက် ဒီဇိုင်းဆွဲပြီးရင် ကိုယ်တို့ဆွေးနွေး တာပေါ့'

'အင်း ကောင်းသားပဲ'

'အဲဒါဆို ကိုယ်သွားမယ်နော်'

'ဟုတ်'

ကျွန်တော်လှည့်ထွက်လိုက်တယ်ဆိုရင်ပဲ ချစ်သူက

'ဩော် .....ကိုနိုင်သစ္စာ ခြေကျင်ပြန်မှာလား'

'အင်းလေ .....ကိုယ့်မှာ စီးတော်စက်ဘီးမှမပါဘဲ။ ကိုလတ်ဆိုင်ကယ်နဲ့ လိုက်လာတာကို'

'ဩော် .....ကိုနိုင်သစ္စာကလည်း ဟေမာန့်ဆိုင်ကယ် ရှိပါတယ်။ ယူသွားလေ'

ကျွန်တော်လည်း ဘာပြန်ပြောလို့ပြောရမှန်းမသိ။ ကျွန်တော်မှ ဆိုင်ကယ်မစီးတတ်တဲ့ဟာကို။ ဟုတ်တယ်။ ဒါတော့ ရှက်စရာမလို ပေါင်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါမှ ခက်ရော'

'ဟင် . . . . . ဘာဖြစ်လို့လဲ . . . . . အားနာစရာမလိုပါဘူးနော်'

'အားနာလို့မဟုတ်ဘူး . . . . . ဆိုင်ကယ်မစီးတတ်လို့'

'ဟယ် . . . . . တကယ် . . . . . ဟီးဟီး မယုံနိုင်စရာကြီး'

ကျွန်တော်ချစ်သူကို ခေါင်းတချက်ငဲ့စောင်းကြည့်ပြီး ပြုံးပြလျက်လှည့်ထွက်လာလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ။ ဒီမနက်ခင်းအဖို့တော့ ကျွန်တော်အရမ်းပျော်နေတယ်။ ထင်မှတ်မထားတဲ့ အခါအခွင့်တွေ၊ စကားတွေ ချစ်သူဆီက ကျွန်တော်ရရှိခဲ့တာပဲ။ လူချည်းသာ ထွက်လာလိုက်ရတာ။ စိတ်အာရုံတွေကတော့ ချစ်သူဆီတုန်ခါလွင့်မျောလျက်ပါပဲ။ မှုန်တလက်လက် အိပ်မက်ဆန်ဆန် နှင်းစက်ရစ်သမ်တွေ ကခုန်လို့ရယ်ပေါ့။ ရုတ်တရက်နောက်ကနေ ဆိုင်ကယ်တစ်စီးဖြတ်တိုးတော့မယ်အထင်နဲ့ တဖက်ကိုရှောင်ပေးလိုက်တော့ကျွန်တော့်ဘေးမှာ ဆိုင်ကယ်လေးထိုးရပ်သွားတယ်။ မိန်းမပျိုလေးတစ်ယောက်မောင်းလာတာပါ။

'ဟာ . . . . . ဟေမာန် . . . . . ဘယ်လဲ'

ချစ်သူဆိုင်ကယ်ပေါ်က မဆင်းဘဲ စက်နှိုးထားလျှက်ကပဲ ကျွန်တော့်ကို ရီရီဝေဝေလေး စိုက်ကြည့်နေတယ်။ ပြီးတော့ ကျွန်တော်မေး



တာလဲမဖြေဘဲ ဆိုင်ကယ်နောက်ခုံရှည်လေးမှာထိုင်ဖို့ ချစ်သူဦးခေါင်းလေးငဲ့စောင်းပြီး အရိပ်အမြွက်နဲ့ အချက်ပြနေတယ်။

'အို . . . . . အားနာစရာ။ ရပါတယ်ဟေမာန်ရဲ့ . . . . . ဒီနားဆို ကျွန်တော့်အိမ်ကရောက်ပြီပဲ . . . . . နေပါစေ'

ကျွန်တော့်စကားပင်မဆုံးလိုက်ပါ။ အလိုမကျဟန်နဲ့ မျက်မှောင်လေးကြုတ်ပြီး ကျွန်တော့်ကိုစိုက်ကြည့်နေတယ်။ ကျွန်တော်လည်းဘာလုပ်ရမှန်းမသိဘဲ ခေတ္တမျှတွေဝေနေမိပါတယ်။ လမ်းသွားလမ်းလာလူများ၊ ဆိုင်ကယ်၊ စက်ဘီး၊ မြင်းလှည်းများဖြင့် စီးနင်းသွားလာနေသူများ၊ နှင်းငွေ့နှင်းမှုန်တွေ ယှက်ဖောက်နေတဲ့ နံနက်ခင်းကချေသည်တွေ။ အို . . . . . ဆောင်းနံနက်ခင်းနဲ့ သက်ဆိုင်သူအားလုံး ချစ်သူဆိုင်ကယ်နောက်မှာ လိုက်ပါသွားဖို့ ကျွန်တော့်ကိုဝိုင်းပြီး တွန်းအားပေးနေသယောင်။ နောက်ဆုံးမထူးတော့တာနဲ့ဝင်ထိုင်သာ လိုက်သွားရပါတော့တယ်။ မထူးတော့ဘူးသာပြောတာပါ။ ဒီကကောင်က ထိုင်လိုက်ချင်တာမှ အောက်ပိုင်းကိုသေလို့။ အဲ . . . . . တပိုင်းကိုသေလို့။ ကျွန်တော်ထိုင်လိုက်တယ်ဆိုရင်ပဲဆိုင်ကယ်လေးနေရာကနေ အိခနဲဆောင့်နင်းခါရမ်း ထွက်ခွာသွားပါတော့တယ်။ လမ်းတလျှောက်လုံး ကျွန်တော်တို့ ဘာစကားမှမပြောဖြစ်။ ချစ်သူရဲ့ မွှေးအီထုံသင်းနေတဲ့ ကိုယ်သင်းရနံ့လေးက ကျွန်တော့်ကို ဝန်းရံချုပ်နှောင်ထားတယ်။ ကျွန်တော့်ရင်တွေ

www.burmeseclassic.com

www.burmeseclassic.com



တလှပ်လှပ် တုန်ခါနေပါတယ်။ ချစ်သူကျောတော့ ဘယ်လိုနေမယ် မသိ။ အေးလေ။ ချစ်သူကကျွန်တော့်ကိုကျောပေးပြီး ဆိုင်ကယ် မောင်းနေတာပဲ။ လမ်းသွယ်ရဲ့ချိုင့်ခွက်လေးတွေထဲ ဆိုင်ကယ်ဘီး တွေ ငုံ့ဆင်းခုန်ပေါက်လေတိုင်း ချစ်သူကျောပြင်နဲ့ကျွန်တော့် ဘယ်ဘက်ရင်ခွင် ထိ ထိကာသွားတယ်။ ကျွန်တော့်ရင်ဘတ်တစ်ခုလုံး စိမ့်ခနဲနေအောင် အေးသွားလိုက်၊ ပြန်နွေးလာလိုက်နဲ့ ပြောရရင် နှလုံးသားဟာ Laboratory (ဓာတ်ခွဲခန်း)ထဲ ရောက်နေလား မှတ်ရ ပါတယ်။ တကယ် . . . . . ။ ချစ်သူ့ဆံနွယ်မျှင်တွေက လေထဲမှာ လူးလွန့်လွင့်မျောနေပြီး တခါတခါ ကျွန်တော့်မျက်နှာကို လာရိုက် ခတ်တယ်။ ဆံနွယ်တွေထဲမှာ အမျိုးအမည်ရယ်လို့ ရေရေရာရာ ခေါင်းစဉ်တပ်ရမလွယ်ကူတဲ့ သင်းသင်းရှရှရနံ့တစ်မျိုးကို ကျွန်တော် တရှိုက်မတ်မတ် ခံစားမိနေရတယ်။ ကျွန်တော်ချစ်သူရဲ့ လည်တိုင် ဖြူဖြူနုနုလေးကို တမေ့တမောငေးကြည့်နေမိပါတယ်။ ထိုအခိုက် အရှေ့ကနေ ဆိတ်တစ်အုပ်လမ်းအတင်းဖြတ်ကူးလာတော့ ချစ်သူ ရုတ်တရက် ဘရိတ်ဆောင့်နင်းလိုက်စဉ်မှာပဲ ကျွန်တော်ရဲ့ခံစားမှု အတွေးအာရုံတို့ပျက်ပြယ်ကာ ကြောက်အားလန့်အားနဲ့ ချစ်သူ့ ခါးသွယ်သွယ်လျလျလေးကို မျက်စိစုံမှိတ်ပြီး ခပ်တင်းတင်း ဖက်ထား လိုက်မိပါတော့တယ်။ ချစ်သူထံက ရယ်သံနဲ့ ငိုသံကြားက 'အို'ဆိုတဲ့ ခပ်အက်အက်အသံလေး ထွက်လာပြီး ရှက်ကိုးရှက်ကန်းနဲ့



'ဟိုလေ . . . . . ကိုနိုင်သစ္စာ အိမ်ကဘယ်မှာလဲ။ ဘယ်ကို မောင်းပေးရမှာလဲ'

'ဩော် . . . . . ရှေ့နားကညာဘက်လမ်းချိုးလေးထဲ ကွေ့ လိုက်ရင်ရောက်ပြီ'

ချစ်သူ ကျွန်တော့အိမ်ရှေ့ထိ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် ပို့ပေးပါတယ်။ ကျွန်တော်ဆိုင်ကယ်ပေါ်က ဆင်းလိုက်တယ်ဆိုရင်ပဲ နှုတ်ဆက်စကားပင်မဆို ခေါင်းလေးကွယ်ဝှက်ပြီး မောင်းထွက်သွား ပါတယ်။ ကျွန်တော်လည်း ခုနအဖြစ်ကိုတွေးပြီး လွင်လွင်လေး ရယ်လိုက်မိတယ်။ ချစ်သူကို ကျွန်တော်နားလည်ပါတယ်။ (နား လည်မှာပေါ့ . . . . . သေနာ . . . . . ခါးကိုအားရပါးရ တပွေ့ တပိုက်ဖက်မှတော့ ဟိုကရှက်ပြီပေါ့) ကျွန်တော်အိမ်ရှေ့ရောက်ပြီး အထဲဝင်ဖို့ ကိုယ်လှည့်လိုက်တယ်ဆိုရင်ပဲ ကျွန်တော့်ကို မျက်လုံး အပြူးသားနဲ့ ကြောင်ငေးကြည့်နေတဲ့ကိုမင်းထင်

'ဟာ . . . . . လန့်လိုက်တာဗျာ . . . . . ကိုမင်းထင်က လည်း'

'ဟင် . . . . . ဘာမှမချက်မပြုတ်ဘဲ ခြံရှေ့ဘာထိုင် လုပ်နေတာလဲ'

'ဘာကိုသွားချက်ရမှာလဲ . . . . မင်းကအိမ်သော့ပါယူ သွားတော့ ငါအိမ်ထဲဘယ်လိုဝင်လို့ရမလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟာ . . . . . သေပြီဆရာ။ ကျွန်တော်အခုမှ သတိရတယ်။ အပြင်သွားရင်ဘေးအိမ်ကို သော့ပေးခဲ့နေကျ။ ဒီနေ့မှမေ့ပြီး သော့ကလည်းပါလာတယ်။ နေ့လည်စာပုံးကြောင်ပြီပေါ့ဗျာ။ ဈေးခြင်းတောင်းဘေးမှာချ ခြံရှေ့အုတ်ခုံမှာ စိတ်ပျက်လက်ပျက်နဲ့ ငူငူကြီးစောင့်ကြောင့်ထိုင်နေတဲ့ ကိုမင်းထင်ကို 'ဟီး . . . . ဟီး'ဆိုပြီးသွားဖြဲပြကာ ခြံတံခါးဖွင့် အိမ်ထဲအပြေးဝင်လာလိုက်ရတယ်။ ပြီးရင်တော့ သူ့သာယာငြိမ့်ညောင်းတဲ့ အဆဲအဆိုကို နားသောတဆင်ဖို့သာ ပြင်ပေတော့။ ဒီလောက်တော့လည်း ခံရမှာပေ့ါ။ ကိုယ့်ကိစ္စအတွက်လည်း စောစောစီးစီးသွားပေးရသေး။ ခုလည်း ကိုယ့်ကြောင့်ပဲ နေ့လည်စာငတ်ဆိုတော့ ဒီလူလည်းပေါက်ကွဲရောပေ့ါ။ ကိုမင်းထင် မျက်နှာကြီးခုလိုဆောင်းရာသီ အေးအေးချမ်းချမ်းကြီးမှာ ပူပူထူထူ နီနီရဲရဲ အီးမှန်ထားတော့လည်း ကြည့်ကောင်းသား။

## Chapter VIII

'လာပါဦး . . . . . ဆရာသမား . . . . . ထိုင်ပါဦး'

ကိုမင်းထင် ကျွန်တော့်ကို နှိပ်ကွပ်တော့မှာ သိနေတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း အတိတ်မေ့သလိုလို ရွှေပျောက်သလိုလို မျက်နှာပေးနဲ့

'ဘာလဲဗျာ . . . . . ဒီမှာ အရေးကြီးဒီဇိုင်းတစ်ခု ဆွဲပေးစရာရှိတယ်။ အလုပ်လက်ခံလိုက်ပြီ။ အချိန်မဖြုန်းချင်ဘူး။ မျက်နှာပျက်စရာတွေ ဖြစ်ကုန်လိမ့်မယ်'

'အောင်မာ . . . . . အောင်မာ . . . . . ဘိန်းစားလေး . . . . . လူပါးဝနေတယ် ဟုတ်လား။ အေး . . . . . မင်း မလာရင် . . . . . လာအောင်လုပ်လို့ရတဲ့နည်းရှိတယ်ကွ'

ကျွန်တော်ကတော့ 'လုပ်ပေ့ါ'ဆိုတဲ့ ပုံနဲ့

'ဟင်း ဟင်း'

'ပြီးရောလေ . . . . . ခဏနေ ကလျာ့ဆီသွားပြီး မင်းရဲ့လံကြုတ်ဇာတ်တွေအားလုံး ခင်းပြလိုက်ရုံပဲ။ ပြီးတော့ . . . . . တစ်ခါတည်းပို့မဲ့ပို့ ကူးတို့ရောက်အောင်လို့ မဟုတ်မဟတ်တွေပါ အကုန်ထည့်လျှော်လိုက်ရင် . . . . . မင်း ဘာဖြစ်သွားမယ်ထင်လဲ။ ကိုယ့်ဘဝကိုယ်တွေးနော် . . . . .'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တဖက်လှည့်ပြီး အလုပ်စားပွဲပေါ်က စာရွက်ဖိုင်တွေ မွှေနှောက်နေရင်းက ထိပ်ပြာသွားပြီး

'ဘာ . . . . . ဟေ့လူ . . . . . ခင်ဗျားမယုတ်မာနဲ့နော်'

ကိုမင်းထင်ကြီးကတော့ မေးစေ့ကိုလက်နဲ့ပွတ်သပ်ရင်း

'အင်း . . . . . မယုတ်မာစေချင်ရင်တော့ . . . . . မင်းရဲ့ ခုနက အပြာရာင်လိပ်ပြာကလေး အကြောင်းလင်းဦးလေ'

'ဟွန်း. . . . . ပြောမှာပါ။ ပြောချင်တာမှ ဒီကကောင်က ခြံထဲကခုန်ထွက်တော့မဲ့ မြင်းရိုင်းကြီးလိုတောင်ဖြစ်နေတာ။ ခင်ဗျား ခြံဝမှာအကြာကြီး စောင့်နေရလို့ စိတ်များဆိုးနေသလားထင်ပြီး နဲနဲလန့်နေတာဗျ'

ကိုမင်းထင်လည်း ဧည့်ခန်းက စက်တီခုံမှာထိုင်ရင်း ပြီတီတီမျက်နှာပေးနဲ့

'သောက်သုံးမကျတဲ့ကောင် . . . . . . အေဘေးလေး . . . . . လာ ဒီမှာလာထိုင်'

ဆိုဖာစက်တီခုံက နှစ်ယောက်ထိုင်တွဲလျက်ခုံရှည်ဆိုတော့ ကျွန်တော်လည်း သူနဲ့ဘေးကပ်လျက်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး သူ့ ပုခုံးပေါ်မှာ ခေါင်းမှီရင်း (မိန်းကလေးများ) ရှက်သလိုလို လက် နှစ်ဖက်ကို ဖျစ်ညှစ်၊ ခန္ဓာကိုယ်တကိုယ်လုံး တွန့်လိမ်ကောက်ကွေးပြ နေတာနဲ့



'ဟေ့ကောင် . . . . . ဒီမှာလာပြီး ပိုးထမနေနဲ့. . . . .။ အဲလောက်ဆို. . . . . မင်းရဲ့ အရိပ်အကဲ ငါဖမ်းလို့ရနေပြီ . . . . . ပြောစမ်း. . . . . အခြေအနေတွေ တော်တော်တိုးတက်ခဲ့ ရဲ့လား'

'ဟင်း . . . . . ကိုမင်းနော် . . . . . ဘာမှန်းလည်းမသိဘူး . . . . . သွား'

'အေး ဒါဆိုလည်း ပြီးတာပဲ'

BURMESE CLASSIC .com

ကိုမင်းထင် ချက်ချင်းထရပ်ပြီးသွားမည်အလုပ် ကျွန်တော့်မှာလက် ကို အတင်းဖမ်းဆွဲထားရတယ်။

'ဟာ . . . . . မဟုတ်ဘူးလေ. . . . . ဒီမှာ နိဒါန်းပျိုး နေတာဗျ . . . . . ထိုင်ပါ . . . . . ဟဲ ဟဲ'

'ဒါနဲ့ . . . . . ခင်ဗျားတို့သွားတာရော . . . . . အခြေ အနေဘယ်လိုလဲ'

'ငါ နောက်မှပြောပြမယ်. . . . . မင်းအခု Event (ဖြစ်ရပ်) က ပိုအရေးကြီးသွားပြီ . . . . . မင်းအရင်ပြော'

'ကျွန်တော်ကတော့ အထွေအထူးဘာမှ မဟုတ်ပါဘူး။ သူ့အစ်ကိုညီညီလတ်က ခင်ဗျားတို့သွားပြီး တအောင့်ကြာတော့ သူ့ဆိုင်ဒက်ဂရေးရှင်းအတွက် ကျွန်တော့်ကိုလာခေါ်တာ. . . . . အဲဒါ . . . . . ဟိုရောက်တော့ဗျာ . . . သူ့ညီမလည်း ဘယ်လိုဆို

www.burmeseclassic.com

www.burmeseclassic.com



ရှိနေမှာပဲလေ. . . . .။ ဒါနဲ့ပဲ ညီညီလတ်က အလုပ်ကိစ္စပြောရင်း ဆိုရင်း မိတ်ဆက်ပေးလို့ ရင်းနှီးသွားရင်းကနေ . . . . . ဟေမာန်က လိုက်ပို့တယ်ဆိုပါတော့'

'ဖျောက် . . . . . လန်းပြီဟေ့'

ကိုမင်းထင်အားရဝမ်းသာနဲ့ လက်ဖျစ်တစ်ချက်တီးပြီး ကျွန်တော့် လက်မောင်းကို ဆုပ်ကိုင်ခါရမ်းပစ်လိုက်တယ်။ ချက်ချင်းပဲ ကျွန်တော် ခါထုတ်လိုက်ပြီး

'အာ . . . . . ခင်ဗျားကလည်း . . . . . ခုဟာက အလုပ်သဘောအရ ကူညီတာပါ'

'မင်းသွားသေလိုက်ပါလား . . . . တော်တော်ညံ့တဲ့ကောင် . . . . . ပြောတော့ Attitudeတွေ Rhythmတွေနဲ့ ဦးနှောက်သမားတဲ့ . . . . . မင်းဘယ်မှာသွား. . . . .'

ကိုမင်းထင် ပျစ်ပျစ်နှစ်နှစ်ကြီး ကျွန်တော့်ကို မေတ္တာပို့နေတာနဲ့

'ဟာ . . . . . ဟေ့လူ . . . . . တော် . . . တော်ဗျာ . . . ခင်ဗျားဟာကလည်း အဲလောက် ကျွန်တော့်ကိုချစ်တာ သိရရင် လုံလောက်ပြီ'

'အေး . . . . . မှတ်ထား. . . . . သူဘယ်တုန်းကမှ မနက်ပိုင်းဆိုင်ထိုင်လေ့မရှိဘူး။ နေ့လယ်ပိုင်းနဲ့ညပိုင်းပဲ ထိုင်တတ်တာ'



'ဟာ . . . . . ဒါဆို'

'အဲဒါပဲပေါ့ . . . . . အဲဒါပဲ . . . . . စဉ်းစားစရာတော့ ရှိလာပြီ'

ကိုမင်းထင်စကားခဏရပ်ပြီး စဉ်းစားမရဟန်ဖြင့် ခေါင်းကုတ်နေသည်။ ပြီး . . . . .

'သေချာတာတစ်ခုကတော့ . . . . . မင်းနဲ့ပတ်သက်နေတယ်'

ကျွန်တော်ဝမ်းသာလွန်းအားကြီးလို့ လူက လေထဲမှာပဲ ဝေ့ဝဲနေသလို၊ အောက်ပိုင်းပဲအေးစက်စက်ကြီး ဖြစ်လာသလို။

'ဒါဆို . . . . . ကျွန်တော်လာမှာကြိုသိလို့ သူရှိနေတာပေါ့နော်'

'အမှန်ပဲ. . . . . ဟေ့ကောင်'

'ဩော် . . . . . ဒါနဲ့ ကိုမင်းထင် ကလျာ့ဆီက ဘာ Data တွေရခဲ့လဲ'

'အေးကွ . . . . . Data တွေကတော့ များများစားစားပါပဲ'

ကိုမင်းထင်စကားကို ရှေ့မဆက်ဘဲ တုံးတိတိကြီးရပ်ထားလိုက်ကာ သက်ပြင်းချတယ်။ ကိုမင်းထင် မျက်နှာတည်ငြိမ်လွန်းနေတယ်။ ကျွန်တော့်စိတ်ထဲမှာလည်းမရှင်း၊ တခုခုကို သူလျှို့ဝှက်နေတယ်လို့ ထင်တာနဲ့ ပုခုံးဖက်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းထင်'

'ကျွန်တော်တို့က ညီအစ်ကိုလိုတောင်ဖြစ်နေပြီနော် . . . ဘာမှလျှို့နေစရာမလိုဘူး . . . . . ပြော'

ကိုမင်းထင်သက်ပြင်းတစ်ချက်ချကာ ခေါင်းတဆက်ဆက်ညိတ်လျက် ဖြည်းတိုးညင်သာစွာနဲ့ပဲ

'မင်းရဲ့ ဒုတိယမြောက်အရိပ်က ဟေမာန်ပဲ'

'ဘာ . . . . . ဘယ်လို'

'ကိုမင်းထင် . . . . . ကျွန်တော်နားမလည်ဘူး'

'ဟုတ်တယ် သူကမင်းအတွက် ဒုတိယမြောက်အရိပ်ပဲ။ မင်းကိုယ်တိုင်ရဲ့ အရိပ်ပြီးရင် မင်းနဲ့အနီးဆုံးအရိပ်မို့လို့ သူ့ကို ဒုတိယ မြောက်အရိပ်လို့ ပြောတာ။ မင်းနားလည်အောင် ပြောရရင်ကွာ မင်းသူ့ကိုစိတ်ဝင်စားနှစ်သက်တာထက်ပိုပြီး သူကမင်းကို မြတ်နိုးတာ။ အဲဒါကြောင့်လည်း မင်းကိုမင်းမသိနိုင်တဲ့ နေရာတွေကနေ အရိပ်တကြည့်ကြည့်နဲ့ လိုက်ကြည့်နေတာပေါ့။ ကုန်ကုန်ပြောရရင်ကွာ . . . . . မင်းဘာလုပ်တယ်။ ဘယ်သွားတယ်။ ဘယ်လာတယ်ကအစပဲ'

ကျွန်တော်ထရပ်ကာ ခြံဝန်းမျက်နှာစာဘက် ခါးထောက်ကြည့်နေရင်းက

'ခင်ဗျားဘာဖြစ်လို့ အဲဒီလိုပြောနိုင်တာလဲ'



ကိုမင်းထင် မျက်နှာပိုလေးနက်လာတယ်။

'ငါ ပထမဦးဆုံးခန့်မှန်းလို့ရတဲ့အချက်ကတော့ မင်းကို သူကပဲ မြတ်မြတ်နိုးနိုးနဲ့ ချစ်နေချင်တာ။ ကလျာပြောခဲ့တဲ့ စကားတွေရယ် မင်းရဲ့ဒီနေ့အဖြစ်ရယ်ကို ဆက်စပ်တွေးကြည့်မိလို့ပါ။ ပြီးတော့ . . . . . သူကမင်းဆီက ဘာကိုမှမမျှော်လင့်ဘဲ မင်းကိုမြင်နေတွေ့နေ မင်းအကြောင်းတွေ ကြားနေရရင်ကိုပဲ ကျေနပ်နေတာ'

ကိုမင်းထင် လေးနက်တဲ့မျက်နှာထားကို အပြုံးတစ်ပွင့်ဖြင့် ဖျက်လျက် ဆက်ပြောတယ်။

'စိတ်ပူမနေစမ်းပါနဲ့ကွာ။ မင်းနဲ့ သူနဲ့မကြာခင် အရမ်းချစ်ကြတဲ့ ချစ်သူတွေဖြစ်သွားကြလိမ့်မယ်။ အဲဒါကတော့ သေချာတယ်ကွာ'

ကိုမင်းထင် ကျွန်တော့်ပုခုံးကို ညင်သာစွာပုတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးကာပြောနေပေမဲ့ ကျွန်တော့်ခေါင်းထဲမှာ ရီဝေရှုပ်ထွေးနေတယ်။ ဘာတွေလဲ။ ဘယ်လိုရှေ့ဆက်မလဲဆိုတဲ့ မေးခွန်းတွေ ကျွန်တော့်ကို လှောင်ပြောင်သရော်နေကြပြီ။ ကိုမင်းထင်ကတော့ မီးဖိုဆောင်ထဲ ဝင်သွားပြီ။ ကျွန်တော်ကတော့ တစ်ယောက်တည်း။ နှင်းငွေ့တွေနဲ့ မှိုင်းညို့ရီဝေစွာ ကျန်ရစ်ခဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## Chapter IX

ညကား . . . . . သန်းခေါင်ကိုဝင်တိုက်လုနီးပြီ။ အပြင်မှာ ဆောင်းလေတွေ ငှက်ဆိုးထိုးသံလို အော်မြည်တိုက်ခတ်နေပြီး နှင်းမှုန်တွေနဲ့ ရောယှက်နေတဲ့ ရေခိုးရေငွေ့တွေ ကျွန်တော့်ရင်ကို ထက်ခြမ်းခွဲတယ်။ ပြောရရင် အရိုးကွဲအောင်အေးတဲ့ ညနက်ပါပဲ။ အရိုးဆွေးအောင် လွမ်းတယ်ချစ်သူရယ်။ နီးနီးလေးပေမဲ့ နင်ဘယ်လိုများနေမလဲဆိုတဲ့အတွေးတွေက ငါ့ဦးနှောက်အမြေးပါးကို ဆူပွက်ကော့လန်စေတယ်။ ချစ်သူ . . . . . နင်သိလား . . . . . ငါ့နှလုံးသည်းပွတ်မှာ ဆောင်းနက္ခတ်နဲ့ ပြဋ္ဌာန်းထားတဲ့ ဟေမာန်ဆိုတဲ့ ကံကြမ္မာကြယ်တစ်လုံးပွင့်နေပြီ။ နင့်ကိုသတိရတိုင်း ငါ့လက်ပ်တော့ထဲက နင့်ဆိုင်ရဲ့ ဒီဇိုင်းဖန်တီးခြင်းကောက်ကြောင်းတွေထဲ၊ အရောင်တွေထဲမှာပဲ နစ်မွန်းပစ်လိုက်တယ်။ ဘာလိုလိုနဲ့ ဒီဇိုင်းဆွဲတာငါးရက်မြောက်တောင် ရှိပြီပဲ။ ဒီဇိုင်းလေးပျက်သွားမှာကြောက်လို့ ငါ Save တွေအခါခါလုပ်တယ်။ Virus ဖျက်ဆီးမှာစိုးရိပ်လို့ Back up တွေ အများအပြား ငါပွားယူထားတယ်။ နင့်ကိုလွမ်းစိတ်နဲ့ ငါဒီဇိုင်းထဲနစ်နေခဲ့တာ သွေးခဲလုမတတ်အေးတဲ့ ဆောင်းလေကိုလည်း ငါဂရုမစိုက်နိုင်ခဲ့ဘူး။ ဆောင်းလေတွေ ပင်လယ်လှိုင်းအော်သံလို ငါ့ကျောကို ဗျန်းကနဲခွက်စောင်းခုတ်တယ်။ တချက်တချက်သိမ့်ခနဲနေအောင် တုန်သွားရုံကလွဲပြီး ငါ့လက်တွေ၊ မျက်လုံးတွေ၊



အာရုံတွေကို Photoshopဆီက လှုပ်ရှားခုန်ပေါက် ပြေးလွှားနေတဲ့ အရောင်တွေ၊ Auto CADပေါ်က ရှုန့်ရင်းဆန်ခတ်ဖြစ်နေတဲ့ ကောက်ကြောင်းတွေ၊ ဘြိဂံတွေ၊ ကုဗပုံတွေ၊ စတုရန်းတွေဆီကနေ လုံးဝကို လွှဲမပစ်ခဲ့ပါဘူး။ ဒီဇိုင်းဖန်တီးယူနေရတာနဲ့တင် ငါအရာရာကိုမေ့ပြီး အရောင်တွေနဲ့ ဖွဲ့စည်းထားတဲ့ဂြိုဟ်ကမ္ဘာခြားဆီ ရောက်နေခဲ့ပြီ။ ခြောက်ရက်မြောက်တဲ့ ခုလိုနေ့မှာတော့ ဒီဇိုင်းရုပ်လုံးပေါ်လာခဲ့ပြီ။ အရောင်တွေ၊ ကောက်ကြောင်းတွေ၊ မျဉ်းဖြောင့်၊ မျဉ်းကွေးတွေကြားမှာ ငါနင့်ကိုမြင်နေရတယ်။ ဒါပေမဲ့ ငါ့ခန္ဓာကိုယ်ထဲမှာ အားအင်မရှိတော့သလိုလို၊ မျက်လုံးတွေကလည်း ကယောင်ချောက်ခြားနဲ့ လျော့တိလျော့ရဲ ဖြစ်လာတယ်။ တခုခုကို ဆာနေသလိုလည်း ခံစားနေရတယ်။ ဆောင်းလေ၊ ဟုတ်တယ်။ ငါဆောင်းလေတွေကို ဆာတယ်။ ဟေမာန်ရယ် . . . . ငါနင့်ဆီကို အမြန်ဆုံးလေထဲမှာ ထိုးဝဲပျံသန်း လာချင်နေမိတယ်။ နင့်လက်ကလေးကို ဆုပ်ကိုင်ပြီး ငါဒီအကြောင်းတွေ အားလုံးပြောပြချင်တယ်။ ပြီးတော့ နင့်ဆီက ဖြေသိမ့်မှု၊ အားပေးစကားတွေနဲ့ ငါအရာရာကို နင်နဲ့အတူ ပြန်တည်ဆောက်ချင်တယ်။ တဖြည်းဖြည်းနဲ့ ငါကိုယ်တိုင် အရောင်တွေမဲ့ပြီး အမှောင်ပဲကြီးစိုးလာသလိုလို ဖြူဖွေးရင့်ရော် သလိုလိုကြီးရယ် ဘယ်လိုလဲ . . . မျက်လုံးတွေ မဖွင့်ချင်တော့အောင် လှဲပြာမှုန်ရီနေပြီ။ နောက်ဆုံးဘေးက ကော်ဖီမတ်ခွက်ကျကွဲသံနဲ့အတူ ငါအရာရာကို . . . .

'ခွမ်း'

www.burmeseclassic.com

www.burmeseclassic.com

## Chapter X

'အား . . . . . ကျွတ် ကျွတ်'

'နိုင်ကြီး . . . . . ဖြည်းဖြည်း . . . . . မထနဲ့ဦး . . . . . ဒီမှာ အပ်တွေပြုတ်ထွက်ပြီး သွေးစိမ့်လာလိမ့်မယ်'

ဌေးလွင် ကျွန်တော့်ကို ပြောတော့မှ ကျွန်တော့်လက်တွေကို အသေအချာကြည့်မိတယ်။ ညာလက်ဖျံမှာ အပ်စိုက်ထားတဲ့ ဒရစ်ပ်ပိုက် တန်းလန်းကြီးနဲ့။ ခြေထောက်တွေမှာ အားအင်ကုန်ခမ်းနေလွန်းလို့ လားမသိဘူး။ ခြေထောက်အဖြတ်ခံထားရသူလို ဟာတာတာကြီး ခံစားနေရတယ်။ လျှာတွေထုံကျင်နေပြီး အသက်ဝအောင်ရှူမရ ကြပ်တပ်တပ်ဖြစ်နေတယ်။ မျက်လုံးကိုတဖြည်းဖြည်းအား ယူဖွင့်ကြည့်မှ အသားအရေစိုစိုပြေပြေ ခန့်ခန့်ညားညားအသွင်အပြင်နဲ့ လူလတ်ပိုင်းတစ်ယောက်။ လည်ပင်းမှာစမ်းသပ်တဲ့ နံကြပ်တပ်ထားတာမြင်တော့မှ ဆရာဝန်မှန်းသိလိုက်တယ်။ ဒါဆို ကျွန်တော် မနေ့ညက . . . . . ဆရာဝန်ကို ကျွန်တော်စိုက်ကြည့်နေမိတယ်။ ဆရာဝန်က ကျွန်တော့်ကိုပြုံးပြလျက် မှာစရာရှိတာတွေမှာနေတယ်။

'ကဲ ကိုနိုင်သစ္စာ . . . . . ခင်ဗျား အရမ်းအားနည်းနေတယ်။ ကျွန်တော်ပေးထားတဲ့ဆေးတွေကိုပဲ မှန်မှန်သောက်ပါ။ အားရှိတဲ့အစာ၊ အာဟာရဖြစ်မဲ့အစာတွေဆို အကုန်စားလို့ရပါတယ်'



ဆရာဝန်က သူ့နံကြပ်နဲ့ ဆေးပစ္စည်းတွေကို လက်ကိုင်ဆေးသေတ္တာဘူးထဲထည့်ရင်း သက်ပြင်းတစ်ချက်ချကာ

'တကယ်ဆို . . . . . ခင်ဗျား အဲဒီလောက်ထိ လုပ်လိုက်ဖို့ မကောင်းဘူးဗျ။ အလုပ်ကတော့ အလုပ်ပေါ့ဗျာ။ ကျွန်တော် နားလည်ပါတယ်။ ခုဟာက ထမင်းမေ့၊ ဟင်းမေ့အိပ်ရေးပျက်ခံပြီး လုပ်တော့ ထိတော့တာပေါ့ဗျ'

ဌေးလွင်ဘေးကနေ ကျွန်တော့်ခေါင်းကိုညင်သာစွာပွတ်သပ်ရင်း ဆရာဝန်ကိုကြည့်ပြီး

'ဟုတ်တယ် . . . . . ဆရာ။ အဲဒါတော့အမှန်ပဲ . . . . . တကယ်ဆို ဒီလောက်ရှုပ်ထွေးခက်ခဲတဲ့ ဒီဇိုင်းကို (၁၀)ရက်ကနေ နှစ်ပတ်လောက်အထိ အချိန်ယူရတာ။ ဒါကို ဒီကဒီဇိုင်နာကြီးက (၆)ရက်ထဲနဲ့ အပြီးသတ်မှတော့ အိပ်ယာထဲ ဘုန်းဘုန်းလဲတော့တာပေါ့'

ဆရာဝန်ရဲ့ လက်ဆွဲသေတ္တာကိုကူဆွဲပေးကာ ဌေးလွင် ဆရာဝန် နောက်ကနေလိုက်သွားပြီး ဆရာဝန်က သူ့လက်ဆွဲသေတ္တာကို လှမ်းယူလျက် ဌေးလွင်ကို

'တစ်ခုတော့ရှိတယ်ဗျ . . . . . အကယ်၍ ခင်ဗျား သူငယ်ချင်းသာ အိပ်ယာထဲလဲတဲ့အထိ ဒီဇိုင်းပေါ်မှာ အာရုံမနှစ်ခဲ့ဘူးဆိုရင် ခုလောက်ဒီဇိုင်းက ခမ်းနားမှာမဟုတ်ဘူး။ သူ့ဒီဇိုင်းကို ကျွန်တော်သူ့လက်ပ်တော့ထဲမှာ ကြည့်ပြီးပြီ။ အံ့မခန်းပဲဗျ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တောင် ကိုယ့်လိုင်းမဟုတ်တော့ ဒီဇိုင်းအကြောင်း သေချာနားမလည်တာသာရှိတာ။ ရင်ထဲငြိပြီးကိုကျန်ခဲ့တာ။ အင်း . . . . . သူတစ်ချိန်ချိန်မှာ တကယ့်ကိုလျှမ်းလျှမ်းတောက် Graphic Designer တစ်ယောက်ဖြစ်လာမယ်ဆိုတာ ကျွန်တော်ယုံတယ်။'

'ခုတော့ အဲဒီအိပ်မက်လေးမက်ခွင့်ရှိနေအောင် ခင်ဗျား သူငယ်ချင်းကို သေချာဂရုစိုက်လိုက်ပါဦးဗျာ . . . . . တော်ကြာ အိပ်မက်တွေပျက်ကုန်ပါဦးမယ် ဟား . . . . . ဟား'

ဆရာဝန်နဲ့ ဒေါ်လွင်ရဲ့ရယ်သံတွေ ကျွန်တော်နဲ့ကိုမင်းထင်ဆီထိ ပျံ့လွင့်လာတယ်။ ကိုမင်းထင် ကျွန်တော့်မျက်နှာကိုကြည့်ပြီး မျက်ရည်တွေစို့လာတယ်။ အေးလေ ခုဆိုကျွန်တော့်မျက်နှာက ချန်ပန်ဇီလိုလို၊ ဂိုရီလာလိုလို ဖြစ်နေရောပေါ့။ ဆောင်းတွင်းလည်း ဖြစ်လေတော့ နဂိုကမှ အဖျားတက်နေရတဲ့အထဲ ပိုတောင်ချမ်းအားကြီးလာတယ်။ စောင်တွေလည်း အထပ်ထပ်ခြုံထားပေမဲ့ မနွေးပါဘူးချစ်သူရယ်။ ချစ်သူမှ ငါ့အနားမှာမရှိတာ။ နေအစင်းတစ်ရာ အပြိုင် အနွေးဓာတ်ပေးရင်တောင် ငါနွေးပါဦးမတဲ့လား။ ခုလို အခြေအနေကြီးနဲ့တော့ ချစ်သူကိုငါမတွေ့ချင်ဘူး။ ချစ်သူ ငါ့ကြောင့် စိတ်မကောင်းဖြစ်ရမှာကို ငါမလိုလားဘူး။ ဒါပေမဲ့ ချစ်သူရယ် . . . . . ခုချိန်မှာ နင်ငါ့ကိုပွေ့ဖက်ထားရင် ငါ့အတွက် အရာရာပြည့်စုံတယ်။ နွေးထွေးတယ်လို့ ခံစားရမှာတကယ်။



အလိုလိုနေရင်း မျက်ရည်ပူတွေကျလာတယ်။ တောက် . . . . . ဒီလောက် ဖြစ်နေတာတောင် ချစ်သူဆီ စိတ်ရောက်နေရတယ်လို့ကွာ။ ဒါပေမဲ့ . . . . . ကျွန်တော် ကျေနပ်ပျော်ရွှင်နေပါတယ်။

'ဝူး'

ခြံရှေ့မှာ ဆိုင်ကယ်သံလိုလို ကြားလိုက်ရတယ်။ ကိုမင်းထင် ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး

'ဒေါ်လွင် . . . ခြံရှေ့မှာ ဘယ်သူလာလဲ သွားကြည့်ပါဦး'

ဘာတုန့်ပြန်သံမှ ပြန်မလာ။ ကိုမင်းထင် စိတ်မရှည်သောအသံဖြင့်

'အာ . . . . . ဟော့ကောင် မေးနေတယ်လေကွာ' ဆိုပြီး ထထွက်သွားလိုက်တယ်။ မျှော်လင့်မထားတဲ့ မျက်နှာလေးကို ပြုန်းခနဲ ကိုမင်းထင် ရင်ဆိုင်လိုက်ရလို့ အနည်းငယ်နောက်ကိုပင် တွန့်သွားတယ်။

'ဟေမာန်'

ဟုတ်ပါတယ်။ ကျွန်တော်ရဲ့ ဟေမာန်ဆောင်းလေးပါပဲ။ ကျွန်တော့်နားထိလှမ်းမလာဘဲ အိမ်တံခါးမကြီးနားမှာပဲ ငူငူကြီးရပ်ပြီး ရီရီဝေဝေလေး ကျွန်တော့်ကိုကြည့်နေတယ်။ ကျွန်တော်က အောက်ထပ် အိမ်မျက်နှာစာရှေ့က ခုတင်ပေါ်မှာဆိုတော့ အိမ်အဝင်အထွက် တံခါးမကြီးကနေ လှမ်းကြည့်ရုံနဲ့ တန်းခနဲမြင်ရနိုင်ပါတယ်။ ကျွန်တော့်ကိုကြည့်ရင်း ချစ်သူနှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ခါ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ ပြီးတော့ နှုတ်ခမ်းလေးကို လက်နဲ့အုပ်ရင်းက မျက်ရည်တို့ အလုအယက်ပြိုဆင်းလာပါတယ်။ ဟောမာန့်နောက်တွင်

'ဟာ . . . . . ကိုလတ် . . . . . လာလေဗျာ'

ကျွန်တော်အားယူထနေတာကိုမြင်တော့ အားလုံးအနားရောက်လာကြပြီး

'ကိုနိုင် . . . . . သက်သောင့်သက်သာပဲနေပါ'

ညီညီလတ် ကျွန်တော့်လက်မောင်းနှစ်ဖက်ကို အသာအယာဆုပ်ကိုင်ကာ အိပ်ယာထက်သို့ ပြန်လှဲချပေးလိုက်တယ်။ ပြီးမှ

'ဘယ်လိုဖြစ်ရတာလဲ ကိုနိုင်ရာ'

ကျွန်တော်ကတော့ ပြုံးရုံသာပြုံးနေမိပါတယ်။ ညီညီလတ် သူ့စကားကို ပြန်ဆက်တယ်။

'အရင်ဆုံး ကိုနိုင့်ကို ကျေးဇူးအရမ်းတင်တယ်ဆိုတဲ့အကြောင်း ပြောပါရစေ'

ကျွန်တော်ဘာမှမပြောဘဲ လွင်လွင်လေးပြုံးလျက်သာ နားထောင်နေမိပါတယ်။

'ခုဟာက ကျွန်တော့်ဆိုင်ရဲ့ဒီဇိုင်းကို စိတ်နှစ်ပြီးဆွဲပေးရင်း ဖြစ်ရတာမို့လား . . . .။ ရပါတယ်ကိုနိုင်ရာ။ ကျွန်တော်က လောတာမှမဟုတ်ဘဲ . . . . အေးဆေးလုပ်လည်းဖြစ်ရက်သားနဲ့'

ကျွန်တော် ညီညီလတ် ပြောတဲ့စကားတွေကို ဆုံးအောင်နားထောင်



ပြီးကာမှ ကျွန်တော်ဘယ်သူ့ကိုမှ မပြောဖူးတဲ့ ပြောလေ့သိပ်မရှိတဲ့ ရင်ထဲကလာတဲ့ အလေးအနက်စကားဆိုဖြစ်တယ်။

'အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ . . . . . ကိုလတ်ရာ။ ကျွန်တော့်ရဲ့ဇီဇ၊ အသွေးအသား သန္ဓေမှာကို ဖြစ်တည်ထွန်းပနေတဲ့ စိတ်စွမ်းအားတစ်မျိုးရှိတယ်ဗျ။ အဲဒါကို ခံယူချက်လို့ပဲပြောပြော၊ ယုံကြည်ချက်လို့ပဲဆိုဆို . . . . . ရတယ်။ အဲဒါကတော့ တစ်စုံတစ်ခုကို လိုချင်တဲ့စိတ် လွန်ကဲပြင်းထန်လာပြီဆိုရင် စကြာဝဠာကြီးတစ်ခုလုံးက ကိုယ်လိုချင်တဲ့အရာကို ကိုယ့်လက်ထဲရောက်အောင်ပို့ပေးဖို့ အကြီးအကျယ် ရုန်းကန်လှုပ်ရှားလာတော့တယ်။ အဲဒီမှာ စကြာဝဠာကြီးတစ်ခုလုံးဆိုတဲ့ စကားကအဓိကကျတယ်ဗျ။ စကြာဝဠာဆိုတဲ့အထဲမှာ ကျွန်တော်တို့ရဲ့ ကမ္ဘာဂြိုဟ်အပါအဝင် ဂြိုဟ်သိမ်ဂြိုဟ်မွှားနဲ့ မြင်နိုင်တဲ့အရာတွေရော၊ မမြင်နိုင်တဲ့အရာတွေပါ အကုန်ပါတယ်။ အဲတော့ ကိုယ်လိုချင်တဲ့အရာက ကိုယ်နဲ့အလှမ်းဝေးနေမယ်ဆိုရင်တောင် ကိုယ့်ရဲ့လိုချင်တဲ့ ဆန္ဒအားကအရမ်းကြီးနေတော့ စကြာဝဠာစနစ်တစ်ခုလုံးကို တလုံးတဝတည်းအဖြစ် ထိန်းချုပ်စေပြီး စကြာဝဠာကြီးတစ်ခုလုံးရဲ့ ဇာတ်ကြိုးကို ထိန်းချုပ်ကိုင်တွယ်ထားတဲ့ စွမ်းအားတစ်ခု လှုပ်ရှားကွန့်မြူးလာတော့တယ်။ ဒါကြောင့်ပဲ လောကမှာ ထူးဆန်းအံ့ဖွယ်တွေ၊ ရှာဖွေတွေ့ရှိချက်အသစ်တွေ၊ လူသားတွေ တစ်ရပ်လုံးကို အကျိုးဖြစ်ထွန်းစေနိုင်တဲ့ နည်းနိသရည်းတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကြဝဠာကြီးရဲ့ မဟာအင်အားစု လှုပ်ရှားထကြွလာခြင်းကနေ ဖြစ်ပေါ်လာတာပဲ။ ဥပမာ. . . . ထားပါတော့ဗျာ။ လူတစ်ယောက် . . . . . လုံးဝ ကုရာနတ္ထိဆေးမရှိတဲ့ရောဂါထဲမှာပဲ နေ့နေ့ညည အချိန်ကုန်နေရတယ်။ အဲဒီအခါမှာ သူပြုခဲ့တဲ့ကောင်းမှုတွေကို တိုင်တည်သစ္စာဆိုတယ်။ နှစ်နှစ်ခြိုက်ခြိုက်၊ သေလုမျောပါး သစ္စာဆို တိုင်တည်လိုက်တဲ့အခါ မဟာစကြဝဠာအင်အားစုကြီးက ကွန့်မြူး လှုပ်ရှားလို့လာပြီး ကယ်လွှတ်ခြင်းကိုပေးလိုက်တယ်'

'ကျွန်တော်လည်း အဲဒီလိုပေါ့ကိုလတ်ရာ။ ကျွန်တော့်မှာ စေတနာဖြူဖြူလေးပဲရှိတယ်။ ပြီးတော့ ကိုလတ်တို့ကိုလည်း အရမ်း ကူညီချင်တယ်။ အဲဒီသစ္စာတရားတွေကို အုတ်မြစ်ချပြီး ဒီဇိုင်းကို စတင်ခဲ့တာပါပဲ'

ကျွန်တော့်စကားဆုံးတော့ အထူးအဆန်းပုံမျိုးနဲ့ သုံးယောက်သား စိုက်ကြည့်နေကြတယ်။ အမှန်တော့ ဒီအကြောင်းတွေကိုမသိတဲ့ သူတို့ကမှ ထူးဆန်းတာ။ ကျွန်တော်က ရိုးရိုးလေးရယ်။ လူတိုင်းဒါကို သိရင်၊ ဒီအချက်ကို သဘောပေါက်ရင် ဖြစ်နိုင်တာကြီးပဲ။ မဖြစ်နိုင် ဘူးဆိုတာ လောကမှာ အင်မတန်ရှားပါတယ်။ ဒါပေမဲ့ ထားပါလေ။ လူဆိုတာမျိုးက တစ်ယောက်နဲ့တစ်ယောက် စိတ်ဖွဲ့စည်းပုံချင်းမတူ၊ အတွေ့အကြုံချင်းမတူကြလေတော့ အမြင်ချင်း၊ ခံယူချက်ခြင်း၊ ယုံကြည်ချက်ခြင်း၊ ဖီလင်ခြင်းလည်း တူချင်မှတူမပေါ့။ သို့ပေမဲ့



တစ်ယောက်သောသူရဲ့ မျက်ဝန်းတွေကထင်းကနဲ။ ကျွန်တော့်ကို ဟိုလူတွေလို အထူးအဆန်းပုံမျိုးမဟုတ်ဘဲ ရိုးရိုးလေးကြည့်နေတယ်။ (ဒါဆိုချစ်သူက ကျွန်တော်နဲ့တူနေလို့ မဆန်းရတာလား။ သီအိုရီတွေ ပြောင်းဆန်ကုန်ပြီလား) ကျွန်တော်လည်း ချစ်သူ့နီညိုရောင်မျက်ဝန်း တွေဆီကနေ တရွေးသားမှမခွာဘဲ မျက်ဝန်းဘာသာစကားကို ဖတ်ကြည့်နေမိတယ်။ ပြီးတော့ ချစ်သူတဖြည်းဖြည်းမျက်လွှာချ သွားတယ်။ ကျွန်တော်ကပဲ ငြိမ်သက်နေတဲ့ရေပြင်ကို ခဲနဲ့ပေါက် လိုက်ရတယ်။

'ဩော် . . . . . ဒါနဲ့ ကိုလတ်တို့က ကျွန်တော်နေမကောင်းတာ ဘယ်လိုလုပ်သိကြတာလဲ။ ဖုန်းလည်းမဆက်ဘဲနဲ့၊ ဘာလဲ ဒီနှစ်ယောက် လက်ချက်လား'

ကျွန်တော့်နားမှာထိုင်နေတဲ့ ကိုမင်းထင်နဲ့ ဒွေးလွင်ကို မေးဆတ်ပြ လိုက်တယ်။ အဲတော့မှ ကိုလတ်က

'မဟုတ်ဘူး . . . . . ကိုနိုင်ရေ . . . . . ကျွန်တော့်ညီမက ဘယ်ကခိုင်လုံတဲ့သတင်းရလဲမသိဘူး။ အတိအကျပဲ။

'ကိုနိုင်သစ္စာ နေမကောင်းဖြစ်နေတယ်။ ကိုယ့်ဆိုင်ဒီဇိုင်း ဆွဲပေးရင်းနဲ့ ခုလိုဖြစ်ရတာ . . . . . နဲနဲလေးတောင် ကရုဏာစိတ် မရှိဘူး။ ဟိုမှာက နေ့နေ့ညည ဒီဇိုင်းကိစ္စနဲ့ပဲ လုံးပန်းရင်းဖြစ် . . . အို စုံနေတာပါပဲဗျာ။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးမကလည်း နားပူနားဆာတိုက်လွန်းတာနဲ့ ကိုနိုင့်ဆီကို ရောက်လာတာပဲ'

ချစ်သူ ကိုလတ် လက်မောင်းကို မနားတမ်းထုနေရင်း

'ဟာ ကိုလတ်ကလည်း'

'ဘာလဲ . . . . . ငါကမှန်တာပြောတာ။ မဟုတ်လို့လား။ ဂျစ်တူးမလေးရဲ့'

ကျွန်တော်ချစ်သူကို လှမ်းကြည့်မိတော့ အတင်းဟိုလှည့်ဒီလှည့် လုပ်လိုက်၊ ဆံနွယ်တွေနဲ့ ကျွန်တော်မမြင်အောင် ငုံ့ဝှက်ကာထားလိုက်နဲ့ ရှက်စနိုးလေးဖြစ်နေတယ်။ ရှက်နေတာလေးကိုက ချစ်စရာကောင်းလွန်းပါတယ်။ ဒါကြောင့်လည်း ရင်မှာအငြိုငြိုအယှက်ယှက် ဖြစ်ခဲ့ရတာပေါ့။ ကိုယ့်ရဲ့မိန်းကလေးရယ်။

'Superb !ပြောရက်စရာမရှိအောင်ကို ခမ်းနားလွန်းပါတယ်။ အရောင်အစပ်အဟပ်၊ အရောင်သုံးထားတဲ့ Sense ဟာ့ . . . . . လန်းလွန်းတယ်ဗျာ'

အသံလာရာကို ကြည့်လိုက်တော့ ဒွေးလွင်က လက်ပ်တော့ကို ပိုက်လို့ ညီညီလတ်ကိုပြနေတာပါ။ ကျွန်တော်ဆွဲထားပြီးသား ဒီဇိုင်းကို ကြည့်ပြီး ညီညီလတ်အားရနေတယ်။ ကျွန်တော့်ဘေးမှာတော့ ရာဇဝင်တွင်မဲ့ဂန္ထဝင်ဆောင်းပေါမာန်လေးသာ ယှိုယှိုလေးထိုင်နေတယ်။ ချစ်သူလည်း ကျွန်တော့်အနားကနေ ဒီဇိုင်းကိုရွှန်းရွှန်း ဝေဝေလေး



တဖိတ်ဖိတ်ညို့စားနေတာမြင်တော့ အနားသွားမကြည့်ရ မနေနိုင်အောင်ကို အလူးအလဲထကာ အပြေးတပိုင်းနဲ့ လက်ပ်တော့ဆီ ရောက်သွားပါတော့တယ်။ ပြီးတော့ . . . . . ချစ်သူက

'ကိုနိုင်သစ္စာ . . . . . ထင်ထားတာထက်တောင် လက်ရာ အရမ်းမြောက်လွန်းနေတယ်။ ဒီ ဒီဇိုင်းထိုင်ထားတဲ့အတိုင်းသာ ဆိုင်ကို ရောအိမ်ကိုပါ ဒက်ဂရေးရှင်းလုပ်လိုက်ရင် မြို့မှာတော်တော့်ကို ရေပန်းစားလာမှာ သေချာတယ်'

ချစ်သူဆီက ဒီလိုစကားမျိုးကြားရတော့ ကျွန်တော်ဟာ ကမ္ဘာမှာ အပျော်ဆုံးလူသားလေးလားလို့တောင် ထင်မိတယ်။ ဒီလောက် ဆိုရင်ပဲ အိပ်ယာထဲလဲရတဲ့ ကျွန်တော်ကျေနပ်ပါပြီ။ ကျွန်တော် အရေးကြီးကိစ္စတစ်ခု သတိရလိုက်တာနဲ့ပဲ

'ဩော် ကိုလတ် ဆိုင်ဒက်ဂရေးရှင်းအတွက် ဘယ် အင်ဂျင်နီယာ အဖွဲ့ကိုငှားမလဲ'

'ရတယ် . . . . . . ကိုနိုင်သစ္စာ ကျွန်တော့်ဆီ Contact (အဆက်အသွယ်)တွေရှိတယ်။ စီစဉ်ပြီးပြီ။ ကိုနိုင်သာ အမြန်ဆုံး နေကောင်းလာအောင်လုပ်။ ပြီးရင် ကျွန်တော်တို့ လုပ်ငန်းစတာပေါ့'

'ဒါဆို ကျွန်တော် ပရင့်ထုတ်ပေးလိုက်မယ်'

ကျွန်တော်လှဲနေရာက ကုန်းရုန်းထတာမြင်တော့ ချစ်သူစိုးရိမ်တကြီး ဆိုရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အမလေး. . . ကိုနိုင်သစ္စာ မထပါနဲ့ရှင် . . . . . အပ်တွေ ပြုတ်ထွက်ကုန်ပါဦးမယ်။ သက်သောင့်သက်သာပဲနေပါ'

ကျွန်တော် ချစ်သူကို ခပ်စိမ်းစိမ်းလေး အတန်ကြာတဲ့အထိ ကြည့်ပြီးမှ

'ဟုတ်ကဲ့ပါဗျာ'

ခဏကြာတော့ ချစ်သူနဲ့ ညီညီလတ်ပြန်သွားကြတယ်။ ကျွန်တော် ချစ်သူကိုငေးကြည့်ရင်း 'ဟာ'ခနဲဖြစ်ကျန်ရစ်တယ်။ အဲဒါကို ဟိုနှစ်ယောက် ကြည့်ပြီး ချောင်းတွေဘာတွေဟန့်ကုန်တာနဲ့ ကျွန်တော်လည်း အမ်းတမ်းတမ်းဖြစ်ပြီး ဘာလုပ်ရမှန်းမသိ။ ကိုမင်းထင် ဌေးလွင်ကို ကြည့်ပြီး တိုင်မင်ခေါ်ကာ ကျွန်တော့်ကို မျက်စောင်းခဲပြလျှက်

'ဟော့ကောင် . . . . . ဌေးလွင်! ကောင်လေးတစ်ယောက် တော်တော်လည်း ဆန်းတက်နေပါလား . . . . . ဟေ'

ဌေးလွင်က

'အေးလေ . . . . . မလိုတောင်နာတယ်. . . . . အဲ . . . မနာလိုတောင်ဖြစ်လာတယ်'

'ကိုမင်းထင် . . . . . ခုကိစ္စကကော ရိုးရဲ့လား'

ကျွန်တော် အလိုမကျသေးတဲ့ မေးခွန်းတစ်ခုကို ပေးလိုက်တာပါ။ ချစ်သူက ကိုယ့်ကိုအရိပ်တကြည့်ကြည့် လိုက်ကြည့်နေတာဆိုတော့ ရင်ထဲမှာအမျိုးအမည်မသိတဲ့ ကြည်နူးခြင်း လှိုင်းတစ်မျိုးတော့ ပုတ်ခတ်နေလေရဲ့။



'ဘာကိုလဲကွ' –

'ကျွန်တော်နေမကောင်းဖြစ်နေတာကို သူဘယ်လိုသိတာလဲ ဆိုတာကိုပါ'

'သြော် . . . . . မင်းကလည်း ငါ့ပြောပြီးပါကောလေး။ သူက မင်းကိုစောင့်ကြည့်နေတာပါလို့ . . . . .။ စောင့်ကြည့်ပြီ ဆိုကတည်းက မင်းနဲ့ပတ်သက်သမျှကို သူသိချင်ကြားချင်နေလို့ ပေါ့ကွ။ မိန်းကလေးတွေက ထူးထူးဆန်းဆန်းလေးတွေဆို သိပ်ကြိုက်တာကွ. . . . . သူ့အတွက်မင်းကဆန်းနေတာကိုး'

ဌေးလွင်က ကျွန်တော့်ဘေးမှာ အံပျင်းကြောဆန့် တုံးလုံးလှဲချ လိုက်ရင်းက

'ဟုတ်တယ် . . . . . သားကြီးရေ။ ငါတို့ရဲ့ပတ်ဝန်းကျင် မှာကို သူ့ရဲ့စပိုင်တွေ ရှိနေနိုင်တယ်'

'ဒါဆို မင်းလားသူ့ရဲ့စပိုင်က'

'အာ . . . . . ကြံကြီးစည်ရာ မင်းကလည်း'

'သူက မိန်းကလေးဖြစ်ပြီး ဘာလို့ အဲဒီလိုလုပ်နေရတာလဲ' ကျွန်တော်ဘယ်လိုမှ တွေးလို့မရနိုင်တဲ့မေးခွန်းတစ်ခုပါပဲ။ သီအိုရီ တွေတောင် ပြောင်းပြန်လှန်ပစ်ရမလိုဖြစ်နေပြီ။

'ကလျာ့ပြောပြချက်အရဆိုရင်တော့ အချစ်နဲ့ပတ်သက်ပြီး သူ့မှာ ဖီလိုဆန်တာလေးတွေတော့ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော် အေးဆေးတည်ငြိမ်နေတယ်။ အရင်ကဆို ကျွန်တော့်တွက်ကိန်းတွေနဲ့ကျွန်တော် အလုပ်ရှုပ်နေမယ်။ ငြင်းခုံနေမယ်။ ခုတော့ အဲဒီလိုမဟုတ်။ ကျွန်တော့်ရင်ထဲမှာ ချစ်သူနဲ့ ပတ်သက်ပြီး အတွက်အချက်တွေကို သိပ်အလေးအနက် မထားချင်တော့။ ချစ်သူနဲ့ပတ်သက်ရင် ချစ်သူသီးသီးသန့်သန့်ကိုပဲ စိတ်ဝင်စားတော့တယ်။ ဘာအတွယ်အတာ၊ ဘာအငွေ့အသက်၊ ဘယ်အချက်အလက် အားကိုးမှုမပါဘဲ ပကတိပလိန်းပါ။ ရိုးရိုးရှင်းရှင်းလေးပေါ့။ ခုလည်း ဒွေးလွင်ပြောနေတာကို နားသာထောင်နေရတာ။ ဘယ်ဘက်ရင်အုံမှာ စူးရှရှနဲ့။

'ဟေမာန်လတ်မှာ သူအရမ်းစိတ်ဝင်စား ရင်ခုန်ရတဲ့ ကောင်လေးတစ်ယောက် ရှိတယ်ဆိုတာရယ်၊ ဘယ်သူလိုက် စကားပြောပြော သူရင်မခုန်ဘူးတဲ့။ နောက်ပြီး သူ့ချစ်သူကို သူကပဲချစ်မှာ မြတ်နိုးတန်ဖိုးထားမှာတဲ့'

ကျွန်တော်တွေတွေကြီး နံရံကိုစိုက်ကြည့်နေမိတယ်။ ဒွေးလွင်ပြောသမျှကို နားသာထောင်နေရပေမဲ့ ကြားတချက်မကြား တချက်ရယ်။ နောက်ပြီး ရင်ထဲမှာ ရီဝေဝေအစ်တစ်တစ်ကြီး။ ဟေမာန်ဆိုတဲ့နာမည်ကြားရုံနဲ့တင် အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တတ်နေပါပြီ။ ခုချိန်မှာတော့ ဟေမာန်ပြုစားသမျှ အလူးအလဲခံနေရတဲ့ မထင်မရှားပန်းတစ်ပွင့်လို ယိမ်းထိုးရင့်ကျက်နေရပြီပဲ။



ကိုမင်းထင်တစ်စုံတစ်ခုကို သတိရဟန်နဲ့

'ဪ . . . . . နိုင်ကြီး ကလျာ့ဆီက တို့ရခဲ့တဲ့ Data တွေထဲမှာ အရမ်းအရေးကြီးတဲ့ အချက်ပါတယ်ကွ။ ငါတို့လည်း ဘာကိုဆိုလိုမှန်း သေချာမသိတာနဲ့ စကားလုံးလိုက်ကြီးပဲ မှတ်ထားမိတယ်။ မင်းဆိုသိလောက်မှာပါ'

'ဒီလိုကွ ဟေမာန်က None Expection of Reflecting Love Theoryကိုပဲ စွဲစွဲမြဲမြဲယုံကြည်တာတဲ့။ ဘာမှန်းတော့တို့လည်း သေချာမသိဘူး'

'ဘာ'

'ကိုမင်းထင် ကျွန်တော့်ကို နောက်တစ်ခေါက် သေချာပြန်ပြောစမ်းပါဗျာ'

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားရတယ်။ အသားတွေ တဆတ်ဆတ်တုန်နေတယ်။ ကိုမင်းထင် ပြောပြီးသားစကားကို တလုံးချင်း အသေအချာ ပြန်ပြောပြပြီးချိန်မှာ ကျွန်တော့်နှုတ်က အတားအဆီး အထိန်းအချုပ်မဲ့စွာ

'Friday 12 August'

ဆိုတဲ့ စကားလုံးတွေ ထွက်ကျလာတော့တယ်။

'ဘာရယ်'

www.burmeseclassic.com

www.burmeseclassic.com



'နိုင်ကြီးရာ . . . . . စိတ်ဖောက်တာလိုလို . . . . . ရှုးကြောင်ကြောင်လိုလို မလုပ်စမ်းပါနဲ့။ ဒီခြံကြီးတစ်ခုလုံးမှာက တို့သုံးယောက်တည်းရယ်။ ယောကျ်ားတွေချည်းဆိုတာမှန်ပေမဲ့ ငါက အသဲငယ်တတ်တယ်ကွ။ မင်းကခုလို ဦးနှောက်ဖောက်ပြန် . . . . .'

'ဟေ့ကောင် တိတ်စမ်း'

ဒွေးလွင် ဘုမသိဘမသိ ပေါက်ကရလျှောက်ပြောနေတာနဲ့ ကျွန်တော် ဟောက်လိုက်ရတယ်။ ပြီးတော့ ကျွန်တော် ကိုမင်းထင်ဘက်လှည့်ကာ

'ကိုမင်းထင်ပြောသလိုဆို ဟောမာန်က Friday 12 August ထဲမှာ ငြိနေပြီ'

'ဟင်'

'ဘယ်လိုကွ'

ကျွန်တော်ခုလို တုံးတိတိကြီး ပြောလိုက်လို့ သူတို့နှစ်ယောက် ဘယ်လိုမှ နားလည်နိုင်မှာမဟုတ်ဘူး။ ဒါနဲ့ပဲ နှစ်ယောက်သားကို အားယူပြီး ထထိုင်ရတယ်။ အရေးထဲ ဒရစ်ပ်ပိုက်တွေ ပြုတ်မှာစိုးလို့ ညာလက်နဲ့အားမပြုဘဲ ဘယ်လက်ကိုသာထောက်ပြီး အသေအချာ ထိုင်ပြီးမှ သက်ပြင်းဋ္ဌေဋ္ဌေချကာ

'အေဒီ ( )ကျော်ကာလလောက်က အင်္ဂလန်နိုင်ငံရဲ့ သာယာလှပပြီး တောတောင်ထူပြောတဲ့ ရွာကြီးတစ်ရွာမှာ ထီးထီးကြီး



တစ်ကျောင်းတည်းတည်နေတဲ့ ဝတ်ကျောင်းအိုကြီး တစ်ဆောင် ရှိခဲ့တယ်။ အဲဒီဝတ်ကျောင်းထဲမှာ စကြဝဠာနယ်လွန် စိတ်စွမ်းအင် တစ်မျိုးနဲ့ ချိတ်မိဖို့ကျင့်ကြံအားထုတ်တတ်တဲ့ ပုဂ္ဂိုလ်မြတ်တစ်ပါးတည်း နေထိုင်ခဲ့တယ်။ သူတော်စင်ကြီးပဲ ဆိုပါတော့ဗျာ။ တစ်ရက်မှာ သူတော်စင်ကြီး ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မြင်မက်တယ်။ အိပ်မက်ထဲမှာ သူကနာရီစင်ကြီးတစ်ခုရဲ့ ရှေ့တူရူကို လျှောက်လှမ်း သွားနေပြီး နာရီစင်ကိုမော့ကြည့်တော့ မွန်းတည့် 12:00 am။ နာရီကို ကြည့်မိတယ်ဆိုရင်ပဲ အရှေ့ကမ္ဘာခြမ်းတစ်ခုလုံး မိုးအုံ့တွေနီမှိုင်း လာပြီး လျှပ်စီးတွေ ပြိုးပြိုးပျက်ပျက်ထကုန်တယ်။ မြေပြင်တစ်ခု လုံးလည်း အလျားလိုက်ပက်ကြားအက်တွေထလာပြီး ကွဲပေါက်လာ တယ်။ အဲဒီနောက်မှာ အရှေ့ကမ္ဘာခြမ်းတစ်ခုလုံး ကပ်ဆိုးတွေ ဆိုက်ပါတော့တယ်။ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ အနောက် ကမ္ဘာခြမ်းတစ်ခုလုံးမှာ အလင်းရောင်တဖြိုင်းဖြိုင်းနဲ့ ရောင်စဉ်တန်းတွေ တလက်လက်ဖြစ်နေပြီး အရွေးခာတ်အပြည့်ပါတဲ့ နေရောင်ခြည်တွေ ထိုးခွင်းဖြာကျနေတယ်။ အရမ်းကိုသာယာလှပတဲ့ နံနက်ခင်းလေး ဖြစ်နေတော့တယ်။ အဲဒီနံနက်ခင်းလေးဟာ ဘယ်သောအခါမှ အမှောင်မကျဘဲ အမြဲတည်နေတယ်။ စိမ်းလန်း စိုပြေတဲ့ ပန်းဥယျာဉ် ထဲမှာ အနောက်ကမ္ဘာခြမ်းသားတွေ လျှောက်လှမ်းသွားလာနေကြပြီး မိုးကောင်းကင်ဟာဆိုရင် ပကတိရှင်းလင်း ပွင့်လန်းနေကာ ငှက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေတောင် ဝေဟင်မှာပျံဝဲနေကြသေးတယ်။ ဘာအနိဋ္ဌာရုံမှ မရှိဘူး။ သွားလာနေတဲ့ လူတွေရဲ့နှုတ်ခမ်းထက်မှာလည်း မေတ္တာဖွဲ့တေးကိုပဲ သီနေကြတာပေါ့။ ဆိုလိုတာက အနောက်ကမ္ဘာခြမ်းမှာ အမုန်းတရားဆိုလို့ မြူမှုန်တောင်မရှိ။ ငြိမ်သက်ခြင်း၊ အေးချမ်းခြင်း၊ ချစ်မေတ္တာထားရှိခြင်း၊ သိမ်မွေ့နူးညံ့ခြင်းတွေနဲ့ပဲ ပြည့်နှက်နေတဲ့နေရာလေး။ အနောက်ကမ္ဘာခြမ်းရဲ့ မုခ်ဦးဝ ကျောက်သားနံရံထက်မှာ Love For All Hatred For None (အားလုံးပေါ် မေတ္တာထား၊ မည်သူ့ကိုမှအမုန်းမပွား)ဆိုတဲ့ ဆောင်ပုဒ်ကို ထွင်းထုထားတယ်။ အရှေ့ကမ္ဘာခြမ်းမှာကျတော့ ဒီဆောင်ပုဒ်ရဲ့ ပြောင်းပြန်ပေါ့ဗျာ။ အရှေ့ကမ္ဘာခြမ်းက လူတွေက လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မိစ္ဆာတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့နေတယ်။ ဒုက္ခကလွဲပြီး ဘာသုခမှမရှိဘူး။ ဝန်တိုမယ်။ စိတ်ယုတ်တွေနဲ့ပဲ ဘဝကျင်လည်ကျက်စားမယ်။ အဲဒီတော့ ကပ်ပေါင်းစုံဆိုက်တော့တာပေါ့။ မိုးကောင်းကင်ဟာ အမြဲတမ်းနီမြန်းမှိုင်းညို့နေပြီး နံနက်ခင်း အလင်းရောင်ရယ်လို့ ဘယ်တော့မှမရှိဘူး မတည်လည်း မတည်တဲ့ဘူး။ ပြီးတော့ အရှေ့ကမ္ဘာခြမ်းသားတွေဟာ သူတို့ကိုယ်သူတို့ အရှိတရားလား၊ နတ္ထိလားဆိုတာ မသိဘဲဘဝလျှောက်လှမ်း နေကြတယ်။ စိတ်ပျက်စရာကောင်းလွန်းပါတယ်ဗျာ။ ဘဝဆိုတာတခဏတာ အိပ်မက်မက်နေတာလား။ လက်တွေ့အစစ်အမှန်လား၊ မခွဲခြားတတ်ကြတဲ့သူတွေပေါ့။



ပြတ်ပြတ်သားသား ဘဝအဓိပ္ပါယ်တစုံတရာ ဖော်ဆောင်ခြင်းမရှိကြဘဲ ဘဝကိုရပ်တည်နေကြတယ်။ ပြီးတော့ သူတို့ဆီမှာက တပ်မက်စိတ်၊ မက်မောစိတ်၊ ရယူလိုစိတ်၊ မနာလိုဝန်တို မိစ္ဆာရိယပွားစိတ်တွေပဲ ရှိနေတော့ None Expection of Reflecting Love Theoryနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။

အနောက်ကမ္ဘာခြမ်းမှာကတော့ မျှော်လင့်ရောင်မဲ့ ဆိုတာပဲရှိတယ်။ အဲဒီမှာက အမုန်းတရားဆိုလို့ အမှုန်အမွှားတောင် မရှိတော့ အချစ်ရဲ့မျှော်လင့်ရောင်မဲ့ပဲရှိတယ်။ None Expection of Reflecting Love Theory ဆိုတာ အချစ်ချည်းသက်သက်ပဲ ပေးပြီးတန်ပြန်မျှော်လင့်ချက်မထားတဲ့ ပကတိပလိန်းအချစ်သီအိုရီကိုပြောတာ နောက်ပြီး . . . . . အနောက်ကမ္ဘာခြမ်းမှာက ရယူခြင်းအငွေ့အသက်မပါတဲ့ပေးဆပ်ခြင်း၊ ရိုကျိုးခြင်း၊ မြဲမြဲကြံ့ခိုင်သည်းခံခြင်း၊ သိမ်မွေ့နူးညံ့ခြင်း၊ တရားတွေပဲရှိတယ်’

ကျွန်တော့်စကားကို ခဏရပ်လိုက်တယ်။ တစ်အိမ်လုံး အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်နေတယ်။ ကိုမင်းထင်နဲ့ ငွေးလွှင်လည်း စိတ်ဝင်တစားနားထောင်နေကြတယ်။ ပြီး . . . . . ကျွန်တော့်စကားကိုပြန်ဆက်တယ်။

‘အနောက်ကမ္ဘာခြမ်းသားတွေမှာ အထူးခြားအပြောင်းမြောက်ဆုံးနဲ့ အသိမ်မွေ့အနက်နဲဆုံး ဖီလိုတစ်ခုသွားတွေ့ရတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါက သူတို့ရဲ့ ပင်မအကွရာအကျဆုံးဖြစ်တဲ့ None Expection of Reflecting Love Theoryနဲ့ နက်နက်နဲနဲ ဆက်စပ်နေတယ်။ ခုန ရယူခြင်းအငွေ့အသက်မပါတဲ့ ပေးဆပ်ခြင်းဆိုတာကိုပဲ ပြန်ကောက် ရအောင်။ ရက်ရောပေးကမ်းခြင်း (ပေးဆပ်ခြင်း) ဆိုတဲ့နေရာမှာ အဆင့်သုံးဆင့်ရှိတယ်လို့ သူတို့က သတ်မှတ်ထားကြတယ်။

ပထမအဆင့်ကို 'တုညီသော တန်ပြန်ပေးဆပ်ခြင်း' လို့ ခေါ်တယ်။ သူကကောင်းရင်ကိုယ်က ပြန်ကောင်းမယ်။ သူက ဆိုးရင် ကိုယ်ကလည်း ပြန်ဆိုးမယ်။ သူကကိုယ့်ကို နာကြည်းအောင် လုပ်ထားဖူးရင် အငြိုးအတေးအာဃာတထားပြီး ပြန်နာအောင် လုပ်မယ်။ သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါပေ့ဗျာ။ အဲဒီအဆင့်က အနိမ့်ဆုံးအဆင့်။ လူမှန်သမျှအားလုံး လုပ်နိုင်(လုပ်နေကျ)တဲ့ အဆင့်။

ဒုတိယအဆင့်က ပထမအဆင့်ထက်နဲနဲပိုခက်တယ်။ ဒုတိယအဆင့်ကို 'ရယူခြင်းအငွေ့အသက်ပါသော ပေးဆပ်ခြင်း' လို့ခေါ်တယ်။ ကိုယ်က လူတစ်ယောက်ကို စေတနာသန့်သန့်နဲ့ ကူညီလိုက်ပေမယ့် ဖုံးကွယ်တိမ်မြုပ်နေတဲ့ ချို့ယွင်းချက်ရှိတယ်။ ကိုယ့်စေတနာကို အသိအမှတ်ပြုခံချင်တာ၊ ကျေးဇူးအတင်ခံချင် တာ၊ ချီးမွမ်းခံချင်တာတွေပေါ့။ အကယ်၍ ကိုယ်စေတနာထား ကူညီလိုက်တဲ့သူက တချိန်ချိန်မှာ ကိုယ့်ကိုဆန့်ကျင်ဘက်လုပ်လာရင် ကူညီဖူးတာကို ဖော်ထုတ်သတိပေးတတ်ပြီး သူ့အပေါ်မှာ ဝန်ထုပ်



ဝန်ပိုးဖြစ်သွားစေတယ်။ ကျေးဇူးကန်းတဲ့ကောင်! လည်မျိုကို တချက်နင်းရင် ငါကျွေးခဲ့ဖူးတဲ့အစာတွေ အတောင့်လိုက်ပြန်ထွက် လာလိမ့်မယ် စသဖြင့်ပြောတတ်တဲ့ လူတွေက ဒုတိယအဆင့်သမား တွေ။ အပေါ်ယံကြည့်ရင် စေတနာသန့်သန့်နဲ့ ကူညီတယ်ထင်ရ ပေမယ့် အခွင့်အရေးရရင်ရသလို ဂုဏ်ဖော်မော်ကြွားတတ်သူတွေပေါ့။

တတိယအဆင့်က အခက်ဆုံးအဆင့်ပဲ။ တတိယအဆင့်ကို 'မျှော်လင့်ရောင်မဲ့ပေးဆပ်ခြင်း'လို့ခေါ်တယ်။ (အချစ်နဲ့ပတ်သက် ရင်တော့ *None Expection of Reflecting Love Theory) မိဘနဲ့ သားသမီးကြားက သံယောဇဉ်ဆက်သွယ်မှုမျိုး။ မိခင်ကသားငယ်ကို အရွယ်ရောက်ကြီးပြင်းလာတဲ့အထိ ပြုစုပျိုးထောင်စောင့်ရှောက် ခြင်းမှာ ဘာမျှော်လင့်ချက်မှမပါဘူး။ ပကတိ ပလိန်းရိုးရိုးရှင်းရှင်း လေးပါ။ ငါ့သားကြီးလာရင် ငါ့ကိုရှာဖွေလုပ်ကိုင်ကျွေးမွေးမှာပဲ ဆိုတဲ့ မျှော်လင့်ချက်နဲ့ နို့တိုက်နေတဲ့ ဘယ်မိခင်မှမရှိသလို ငါ့သမီး အရွယ်ရောက်ရင် မိန်းမပျက်ဖြစ်မှာမုချပဲဆိုတဲ့ အဆိုးကို မျှော်လင့် ပြီး နို့ဖြတ်စွန့်ပစ်မယ့် မိခင်မျိုးလည်း မရှိနိုင်ပါဘူး။ အဲဒါကိုက Positive ရော Negative ရော ဘာမျှော်လင့်ချက်မှ မြူတမှုန်တောင် မပါတဲ့ ရင်တွင်းဟိုးအနက်ရှိုင်းဆုံး နေရာလေးကနေ ဖြစ်တည်

* Expection အစား Exception ဆိုလျှင် ချွင်းချက်မထားသော အကြွင်းမဲ့အချစ်ဟု အဓိပ္ပါယ် သက်ရောက်ပါသည်။ ဤသည် 'အကြွင်းမဲ့အချစ်' မှာလည်း မျှော်လင့်ချက်ဟူသော ချွင်းချက်မရှိ၍ 'မျှော်လင့်ရောင်မဲ့သော ပေးဆပ်ခြင်း'နှင့် တစ်စားတည်းအဖြစ် အကြုံးဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းတောက်လာတဲ့ ဘာကိုမှ မျှော်လင့်ချက်မထား 'မျှော်လင့်ရောင်မဲ့တဲ့ချစ်မေတ္တာ' သီးသီးသန့်သန့်ကြောင့်ပါပဲ။အနောက်ကမ္ဘာခြမ်းသားတွေအားလုံး တတိယအဆင့် ပေါ်မှာပဲ ရှိနေကြတယ်။

သူတော်စင်ကြီး အိပ်မက်ကနေနိုးလာတော့ ထူးထူးခြားခြား အဲဒီနေ့က Friday 12 August ဖြစ်နေတယ်။ ဒီထိတော့ဘာမှ ဆန်းဆန်းပြားပြား ဖြစ်မလာသေးဘူး။ သူတော်စင်ကြီး သူလုပ်နေကျအတိုင်း ရက်စွဲတွေ ဂဏန်းသင်္ချာတွေနဲ့ ရှုပ်ရှုပ်ခတ်နေတဲ့ ဝတ်ကျောင်းတော်တနေရာက ကျောက်သားနံရံထက်မှာ ထွင်းထုထားလိုက်တယ်။ ဒီလိုနဲ့ အချိန်ကာလေတွေထဲမှာ နေ့တွေညတွေ အထပ်ထပ်အခါခါ ဝင်ကယ်ထွက်ကယ်ရယ်နဲ့ ကုန်ဆုံးလို့သွားတယ်။ တစ်ရက်မှာ သူတော်စင်ကြီး သီတင်းသုံးနေတဲ့ဆီကို တပည့်ခံဆည်းကပ်ဖို့ လူငယ်လေးတစ်ယောက် ရောက်လာတယ်။ အဲဒီလူငယ်လေးမှာ နူးညံ့သိမ်မွေ့ခြင်း၊ မေတ္တာတရားကြီးမားခြင်း၊ ဘာကိုမှမျှော်လင့်ချက်မထားဘဲ လူသားအကျိုးဆောင်တတ်ခြင်းစတဲ့ အလှတရားတွေနဲ့ အတိပြီးနေလေတယ်။ အဲဒီလိုအတွင်းအဋ္ဌတ္တအလှတရားတွေနဲ့ ကုံလုံပြည့်ဖြိုးနေတဲ့ လူငယ်လေးကို သူတော်စင်ကြီးက သဘောတွေကျ၊ နှစ်ထောင်းအားရတွေဖြစ်ပေါ့။ ပြီးတော့ သူ့ဆီကနေလူငယ်လေးခွဲသွားမှာကိုတောင် စိုးရိမ်နေမိ



တယ်။ လူငယ်လေးရဲ့ နာမည်ကို သူတော်စင်ကြီးက Saint = သူတော်စင်လို့ မှည့်တယ်။ (အဲတော့ လူငယ်လေးက စိန့်ပေါ့) တဖြည်းဖြည်း သူတော်စင်ကြီး သီတင်းသုံးရာ ဝတ်ကျောင်းဆီမှာ ဆရာတပည့် နှစ်ယောက် အကျင့်တရားတွေမှာ အထွဋ်အထိပ်ကို ရောက်လာကြတယ်။ ဒီလိုနဲ့ သူတော်စင်ကြီးနဲ့ စိန့်သီတင်းသုံးတရားအားထုတ်ရာ ဝတ်ကျောင်းအိုကြီးဆီကို လူငယ်အတော်များများ ရောက်လာကြတော့တယ်။ ဒီလိုနဲ့ ရက်အတန်ငယ်ကြာလာတဲ့အခါ စိန့်ရဲ့အားထုတ်မှုတွေက မြင့်သထက်မြင့်လာလေ လူငယ်တွေရဲ့ မနာလိုမိစ္ဆာရိယပွားစိတ်တွေကလည်း အရှိန်တက်လာလေဖြစ်လာတယ်။ ဒါကိုစိန့်ကလည်းသိတယ်။ သူတို့ အဲဒီလိုစိတ်ယုတ်တွေ မွေးလေ အကျင့်တရားတွေမှာ အထက်ကိုမတက်လှမ်းနိုင်ဘဲ လျှောကျလေဖြစ်လို့လာတယ်။ ဒါပေမဲ့ စိန့်က သူတို့ပေါ်မှာ ဘယ်လိုမှ သဘောမထားဘူး။ အခွင့်အရေးရရင်ရသလို သူတို့ကိုတောင် ကူညီလိုက်သေးတယ်။ အဲဒီလို လူသွမ်းတွေထဲမှာ စိန့်ကို တူးတူးခါးခါးဝန်တိုစိတ်ထား အကောက်ကြံတတ်တဲ့ လူငယ်တစ်ယောက် ပါတယ်။ (အဲဒီလူငယ်ကို စေတန်လို့ မှည့်ရအောင်) စေတန်က တသီးပုဂ္ဂလပဲ ဖယ်ခွာနေတတ်ပြီး တစုံတရာအကျင့်ကို ပွားများနေတတ်တယ်။ ဒါပေမဲ့ သူကျင့်တဲ့အကျင့်က သူ့ဆရာ သူတော်စင်ကြီးရဲ့ထုံးနည်း၊ သင်ပေးတဲ့ စနစ်တွေအတိုင်း ကျင့်တာမဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အမုန်းတရား မိစ္ဆာရိယပွားများကျင့်စဉ်ပဲ။ အဲဒီကျင့်စဉ်ကို တစိုက်မတ်မတ်ပွားများရှုမှတ်လေ ပတ်ဝန်းကျင်မှာရှိသူအားလုံးကို တိုက်ရိုက်အကျိုးသက်စေပြီး စိတ်ယုတ်တွေပျံ့နှံ့ကူးစက်စေတဲ့ မဟာမကောင်းဆိုးဝါးကျင့်စဉ်ပါပဲ။ အပေါ်ယံကြည့်ရင် စေတန်ရဲ့ရုပ်ထက်မှာ တည်ငြိမ်သယောင်ထင်ရပေမဲ့ အငွေ့တိတ်မီးကျီလို အတွင်းထဲမှာတင် လှိုက်စားလောင် မြိုက်တတ်တဲ့ သဘောရှိတယ်ဆိုပါတော့။ တည်ငြိမ်ခြင်း နှစ်မျိုးရှိတယ်။တစ်မျိုးက တည်ငြိမ်အေးချမ်းခြင်း။ အဲဒီလိုလူရဲ့ မျက်နှာဟာ ၁၄ရက်လပြည့်ဝန်းလို တိတိပပလင်းနေပြီး မျက်ဝန်းတွေကလည်း ကြည်လင်အေးမြနေမယ်။ နောက်တစ်မျိုးက တည်ငြိမ်ပူလောင်ခြင်း။ အဲဒီလို လူရဲ့မျက်နှာဟာ ပကတိတည်ငြိမ်နေပေမဲ့ ရန်လိုအမုန်းပွားခြင်း ဓာတ်ခံကြောင့် မျက်ဝန်းမှာ ရုပ်ခတ်ပူလောင်နေမယ်။ ရုပ်ခန္ဓာနဲ့ စိတ်ဝိညာဉ်ဟာ အပြန်အလှန် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသလို သက်ရောက်မှုရှိလေတော့ စိတ်ထဲမှာ ပူလောင်ရှုပ်ထွေးနေရင် မျက်နှာမှာပေါ်တယ်။ စိတ်ထဲမှာ အေးမြကြည်လင်ပြတ်သားနေရင်လည်း မျက်နှာနဲ့မျက်ဝန်းမှာပေါ်တယ်။ ဘယ်လိုမှ ဖုံးကွယ်လိမ်ညာလို့ မရနိုင်ဘူး။ စေတန်က ကဝေဆန်ဆန် စိတ်ယုတ်ကျင့်စဉ်ကိုကျင့်ရင်း အဆုံးစွန်ထိပေါက်မြောက်တဲ့ တစ်နေ့မှာ သူတော်စင်ကြီးရိပ်မိသွားတယ်။ ဒါနဲ့ တစ်နေ့မှာ သူတော်စင်ကြီးက မိမိတပည့်တွေအားလုံးကို စုရုံးခေါ်ယူပြီး



အားလုံးရှေ့မှာပဲ စေတန်ကြောင့် အကျင့်တရား ပွားများအားထုတ်နေသူတွေ စိတ်ပျံ့လွင့်မှာစိုးတဲ့အတွက်ဆိုပြီး စေတန့်ကို မကောင်းဆိုးဝါးအဖြစ်သမုတ်ပြီး နှင်လွှတ်လိုက်တယ်။ ဒါကိုစေတန်က လူပုံလယ်မှာလည်းဖြစ် သူ့ပြိုင်ဖက် စိန့်ရဲ့ရှေ့မှာ အရှက်ခွဲရကောင်းလားဆိုပြီး သူ့မွေးနံကို သက်သေထား ကျိန်စာတိုက်ခဲ့တယ်။

အားလုံးရှေ့မှာပဲ ကောင်းကင်ကိုစူးစူးရဲရဲ အကြည့်တွေနဲ့မော့ကြည့်ပြီး By Friday 12 August which is my birthday ဆိုပြီး အစချီလိုက်တယ်။ ပြီး . . . . . လက်ချင်းယှက် ဒူးနှစ်ဖက်မြေပြင်မှာပစ်ထောက်ပြီး ခေါင်းကိုငုံ့ငုံ့စားစားမော့လျက် ရွတ်ပါတော့တယ်။ စေတန်ရဲ့ခန္ဓာကိုယ်တစ်ခုလုံးလည်း သိမ့်သိမ့်တုန်အောင်ခါနေတဲ့အပြင် မြေပြင်ဟာလည်း လှုပ်ခါရမ်းလာတယ်။

'ငါ၏မွေးနံ သောကြာနေ့၁၂ရက် ဩဂုတ်လကို သက်သေထား ကျိန်ဆို၏။ ထိုနေ့နံဖွား အနောက်ကမ္ဘာခြမ်းရှိသူ အားလုံး၂၃နှစ်တင်းတင်းပြည့်တဲ့နေ့ မွန်းတည့် ၁၂းဝဝနာရီတိတိမှာ ခန္ဓာကိုယ်မှ သွေးစိမ်းရှင်ရှင်ဖြာထွက်ကာ သေပွဲဝင်နိဂုံးချုပ်စေသား'

စေတန်ရဲ့ ကျိန်စာစကားလုံးတွေကြားမှာ ထိတ်ထိတ်ပြာပြာနဲ့ အံ့ဩတုန်လှုပ်သွားသူ နှစ်ယောက်ကတော့ သူတော်စင်ကြီးနဲ့ စိန့်။ ဒီလောက်တွေ အများကြီးထဲမှာတောင် ဒီနှစ်ယောက်ပဲ မျက်လုံးအဝိုင်းသားနဲ့ မှင်တက်သွားတာ ဘာကြောင့်လဲ။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စိန့်က မဆိုစလောက်လေး အံ့ဩသွားတယ်ဆိုရုံလောက်ပါ။ သူတော်စင်ကြီးကသာ . . . . .။ ပထမတစ်ယောက်က သူတော်စင်ကြီး . . . . . သူထွင်းထုထားခဲ့တဲ့ ကျောက်သားနံရံထက်က သင်္ချာဂဏန်းတွေ ပလူပျံနေတဲ့ကြားမှာ နောက်ဆုံးထွင်းထုခဲ့တဲ့

**Friday 12 August**

က သူ့အာရုံထဲမှာ အထင်သားပေါ်လာတယ်။

'ဒါဆို ဒီငနဲသားစေတန်က အရှေ့ကမ္ဘာခြမ်းက Friday 12 August ဖွားပေါ့'

ဋ္ဌေးလွင် ကျွန်တော့်ကို အံ့ဩရိပ်ယှက်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်လျက်က မေးလိုက်တယ်။ ကိုမင်းထင်ကပါ တစုံတခု သိလိုဟန်ဖြင့်

'စိန့်က . . . အနောက်ကမ္ဘာခြမ်းက Friday 12 August လား'

'သိပ်ဟုတ်တာပေါ့'

ကျွန်တော်ပြောလက်စ စကားကိုပြန်ကောက်ပြီး

'ဒုတိယ တစ်ယောက်ကစိန့် . . . . . သူကတော့ အံ့ဩတယ်ဆိုရုံလောက်ပဲ။ စိန့်မှာ အကျင့်တရားရှိတယ်။ သိမ်မွေ့တယ်။ ခိုင်လုံရင့်ကျက်တယ်။ အလွယ်တကူ တုန်လှုပ်ခြောက်ခြားခြင်း ဖြစ်ခဲ တယ်။ ဒါပေမဲ့ သူတော်စင်ကြီးက စိန့်အတွက် စိုးရိမ်မကင်း ဖြစ်လာတယ်။ စိန့်ရဲ့မွေးနံကို သူတော်စင်ကြီးက သိတယ်။ မိမိအိပ်မက်အကြောင်းနဲ့လည်း ထူးထူးခြားခြားတိုက်နေတော့



စိန့်ကို သူတော်စင်ကြီးရဲ့ အိပ်မက်အကြောင်းလည်း ပြောပြထားဖူးတယ်။

စိန့်နဲ့ သူတော်စင်ကြီး မျက်တောင်မခတ် ဘယ်လောက်ကြာအောင်ကြည့်နေမိတယ် မသိဘူး။ စေတန်လည်း နေရာမှာမရှိတော့ဘူး။ ကျန်တဲ့လူငယ်တွေလည်း ကိုယ်စီကိုယ်စီထွက်သွားကြပြီ။ မိုးတိမ်တွေစုလာပြီး မှိုင်းညို့နီမြန်းလာတယ်။ ပြီးတော့ . . . . . မိုးရွာချလိုက်တာမှ မိုးတွေချုန်း၊ အရှေ့နဲ့အနောက် ကမ္ဘာခြမ်းကို စက္ကန့်ပိုင်းအတွင်းမှာ လျှပ်စီးတွေပြိုးပြိုးပြက်ပြက်နဲ့ ဖြတ်ပြေးကုန်တယ်။ အံ့ဩစရာကောင်းတာက မိုးသီးမိုးပေါက်တွေဟာ အဖြူစွက်စွက် အရောင်တွေ မဟုတ်ဘဲ သွေးလိုနီးမြန်းနေတယ်။ ဒါပေမဲ့ အရောင်သာပြောင်းတာပါ။ မိုးကတော့မိုးပါပဲ။ ဓာတ်သဘာဝ မပြောင်းလဲသေးဘူးပေါ့။ မိုးရွာထဲမှာ ရွဲနစ်နေတဲ့ စိန့်နဲ့ သူတော်စင်ကြီး . . . . .

စိန့်ရဲ့မွေးနေ့က နောက်ရက်အနည်းငယ်ဆိုရောက်ပြီ။ သူတော်စင်ကြီးပျာပျာသလဲ ကျောက်သားနံရံထက်က ရက်စွဲကို မသက်သာသလို အခါခါကြည့်တယ်။ လက်နောက်ပစ်လျက် လူးလားခေါက်တုန့်လျှောက်ရင်း နှုတ်ကလည်းတစ်စုံတစ်ရာ မန္တာန်ကို ရွတ်ရင်း ကျောက်သားနံရံထက်က ထွင်းထုထားခဲ့သမျှ သင်္ချာဂဏန်းတွေကို တိုက်ကြည့်နေတယ်။ ဘာမှထူးခြားမလာပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



Date ကလည်း Friday 12၊ လ ကလည်း August၊ နဲနဲမှ မလွဲဘူး။ ဒါပေမဲ့ စိန့်ကတော့ ပကတိတည်ငြိမ်နေလေတယ်။ သူ့မျက်ဝန်းတွေက တည်ကြည်ရှင်းလင်းနေတယ်။ ခြောက်ခြား တုန်လှုပ်မှုကိုပြတဲ့ ဘာအရိပ်လက္ခဏာမှမရှိဘူး။

တဖြည်းဖြည်းနဲ့ ရက်ကပိုနီးလာလေ ကျောချမ်းစရာ ကောင်းလာလေပဲ။ ဒီအခါမှာ သူတော်စင်ကြီး ဂဏန်းသင်္ချာတွေ၊ ရက်စွဲတွေ၊ အင်္ဂလိပ်လိုစာတန်းကြီးတွေ ထွင်းထုထားခဲ့တဲ့ ကျောက်သား နံရံ အခန်းကြီးထဲမှာ စိန့်ရဲ့မွေးနေ့အမှီ အဖြေရှာဖို့ အခန်းအောင်း သွားတော့တယ်။ ဒါက သူတော်စင်ကြီး ပြုနေကျ ကျင့်စဉ်တွေထဲက တစ်ခုလည်းဖြစ်တယ်။ တစ်စုံတစ်ရာ အကျပ်အတည်း၊ အခက်အခဲ၊ ဘေးကျပ်နံကျပ် အခြေအနေတစ်ခု ရင်ဆိုင်လာရပြီဆိုရင် တည်တည် ငြိမ်ငြိမ်နဲ့ တစ်စုံတစ်ရာကို အာရုံဝင်စားပြီး တစိုက်မတ်မတ် ရှုမှတ်ခြင်းထဲမှာ မြုပ်ဝင်ပျောက်ကွယ် သွားတော့တယ်။ အဲဒီလို အခါမျိုးမှာ သူ့ရဲ့စိတ်ဝိညာဉ် အာရုံ စီးဖျန်းခြင်း အင်အားစုစနစ် တစ်ခုလုံး အာရုံငါးပါးရဲ့ အလွန်ကို ဆိုက်ရောက်သွားရပြီး သဘာဝ လွန်ဖြစ်ရပ်ဆန်ဆန် ကိစ္စမျိုးတွေ ပေါ်လွင်ထင်ရှားလာတယ်။ အဲဒီလိုနဲ့ သူတော်စင်ကြီးက နေ့နေ့ညည အရာရာကိုမေ့လျော့ ဖျောက်ဖျက်ပြီး အခန်းကြီးထဲမှာ စိန့်ကိစ္စဖြေရှင်းပေးဖို့ အာရုံ ငါးပါးအလွန် အဖြေထွက်ရာဌာနမှာ အဖြေသွားထုတ်နေတော့ တယ်။ လေးရက်မြောက်တဲ့နေ့ .....



Friday 12 August ကိုရောက်တော့ .....စိန့်ဟာ

..................................

........ ..........................

ကျွန်တော် သက်ပြင်းတစ်ချက်ချကာ ရှေ့တူရူကို စိုက်ကြည့်နေစဉ် ငွေးလွင်က

'ဒါဆို.....စိန့် နောက်ဆုံး.....'

ကျွန်တော် ခေါင်းကိုလေးလံဖြည်းညင်းစွာ ခါလိုက်မိပါတယ်။

'အင်း.....အဲဒီလိုနဲ့ နောက်ဆုံးမှာ အခန်းအောင်း နေရာကနေ သူတော်စင်ကြီး ................

... .. ...... ....................'

စကားရှည်ကြီး အဆုံးမှာတော့ ကျွန်တော့် ခေါင်းထဲရီဝေလို့လာပြီး မျက်ရည်ဥတွေ ခိုတွဲအိဆင်းလို့လာတယ်။ အသံအက်ကွဲကွဲနဲ့ပဲ ကျွန်တော်စကားတစ်ခွန်းဆိုလိုက်မိတယ်။

'ငါလည်း Friday 12 August ပဲ'

'ဟေ'

'ဘယ်လို'

အံ့ဩထိတ်ပြာတဲ့ အာမေဋိတ်သံတွေ ကိုမင်းထင်နဲ့ ငွေးလွင်ဆီက ပွင့်အံ့ကျလာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



.......................................................................

.......................................................................

.......................................................................

.......................................................................

ချစ်သူရယ် . . . . . တို့နှစ်ယောက်ကိုက ကံဆိုးလွန်းတာလား။ ချစ်ခွင့်မရသေးခင်မှာ ဝေးကွာလွင့်ပြယ်ခြင်းဆိုတဲ့ စည်းတံဆိပ်နဲ့ တို့ရင်ဘတ်ကိုယ်စီမှာ တုံးထုခံရပြီး လောကထဲကို ရောက်လာကြရတာလား။


.......................................................................

.......................................................................

.......................................................................

.......................................................................

တွေးမိရုံနဲ့ နှလုံးသွေးတွေ ပွက်ပွက်ဆူလာပါတယ်။ . . . . . . . . ကျွန်တော်မျက်လုံးတွေ တင်းတင်းမှိတ်လိုက်မိတယ်။ မျက်ရည်တို့ အလုအယက်ပြိုဆင်းကျလာခဲ့တယ် . . . . . အတွေးတစ်ခု လင်းခနဲဖြတ်ပြေးသွားစဉ်မှာ ကျွန်တော့်မျက်လုံးတွေ ဆတ်ခနဲ ပြန်ပွင့်လာတယ်။. . . တပြိုင်တည်းမှာ မှိုင်းညို့ရီဝေလာရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## Chapter XI

ဆောင်းကတော့ မအိုသေးဘဲ အနုဆုံး၊ အလှဆုံး လန်းဆန်းပွင့်အာပြနေဆဲ။ နှင်းငွေ့တွေသိုင်းရစ်အုံ့မှိုင်းနေတဲ့ လမ်းတွေကိုအခါခါထိုးခွဲဖြတ်လျှောက်ရင်း ချစ်သူ့ဆိုင်လေး ပြင်ဆင်နေတာကိုသွားရောက်ကြီးကြပ်လုပ်ကိုင်ပေးနေခဲ့တယ်။ နေ့နေ့ညညဆိုင်ရဲ့ ဒက်ဂရေးရှင်းပြီးတဲ့အထိ သွားပေးမယ်လို့ ကျွန်တော်စိတ်ပိုင်း ဖြတ်ထားမိပါတယ်။ အဖြတ်အတပ်၊ အပြင်အဆင်၊ ဆေးရောင်စုံတွေကြားမှာဆိုင်လေးပွင့်အာနုပျိုလို့ လာနေပါပြီ။ နံရံတွေထက်မှာ ပန်းချီကားချိတ်ဆွဲ တပ်ဆင်နေသူတွေ၊ Computer Server (Host) ထိုင်ပြီး တသီးတသန့် အင်တာနက်သုံးရင်း သီချင်းနားထောင်လို့ရအောင် တပ်ဆင်ပေးနေတဲ့ ကွန်ပျူတာ Network ချိတ်ဆက် တပ်ဆင်ပေးရေးအဖွဲ့၊ နာဂစတိုင်တဲအိုလေးတွေထိုးပြီး သေသေသပ်သပ် စနစ်ကျနစွာတည်ဆောက်ပေးနေတဲ့ အင်ဂျင်နီယာအဖွဲ့၊ အိမ်ကိုဆေးပြန်တင်နေတဲ့ အဖွဲ့တွေရယ်ကို ကူညီလုပ်ကိုင် ညွှန်ကြားပေးရင်း ချစ်သူနဲ့ကျွန်တော် စကားတွေအများကြီးပြောဖြစ်တယ်။ မျက်လုံးချင်း အခါခါညိယှက်မိ၊ ဖယ်ခွာကွယ်ဝှက်မိကြတယ်။ သွားရင်းလာရင်း လှုပ်ရှားလုပ်ကိုင်ရင်းက လက်ချင်း၊ ကိုယ်ချင်း မရေတွက်နိုင်လောက်အောင်ယှက်မိ၊ ရှိန်တိန်လေးတွေ ဖြစ်မိကြတယ်။ အရောင်ဒဿနတွေ၊ ကဗျာတွေအကြောင်း ဆွေးနွေးရင်း တခါတလေတော့လည်း ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပင် ကျွန်တော့်ဝိညာဉ်ရောင်ရောစွက်နေတဲ့ ကဗျာလေး တစ်ပုဒ်ဖြစ်လို့ နေတတ်တယ်။ တစ်ခုသော ညချမ်းမှာ ဂစ်တာလေး တီးပြီး ချစ်သူအတွက် ကျွန်တော်ကိုယ်တိုင် Vocalist အဆိုတော် ဖြစ်ခဲ့ရပေါ့။ ကျွန်တော်ဖြင့် ကြည်နူးလိုက်ဖိုလိုက်တာ ပြောမနေ ပါနဲ့တော့။ ကျွန်တော် ဂစ်တာတီးတော့ မယ်လိုဒီတွေနဲ့အညီ ချစ်သူ ခြေဖဝါးလေးတွေနဲ့ ရစ်သမ်ညှိပြီး စည်းချက်ရိုက်ခတ်နေခဲ့တယ်။

ဆောင်းလေတချက်အဝှေ့မှာ ချစ်သူ့ခန္ဓာကိုယ်လေး သိမ့်ခနဲတုန်ခါသွားတာနဲ့ ကျွန်တော့်အနွေးအင်္ကျီလေးချွတ်ပြီး လွှားရုံပေးလိုက်တော့ ခေါင်းလေးငုံ့နေလေရဲ့။ ပြီးတော့ ကျွန်တော့် ပုခုံးမှာ ခေါင်းလေးမှီလို့ သံစဉ်တွေထဲ လူးလွန့်မျောပါနေခဲ့တယ်။ ချစ်သူရယ် . . . . . ငါ့ရင်ခွင်ဟာ နင့်အတွက် ဆောင်းလေလိုအမြဲ အေးမြစေရမယ်။ မင်းကိုယ်ပေါ်က ငါ့အနွေးအင်္ကျီလို နွေးထွေး စေရမယ်။ သံစဉ်တွေလို ချိုမြိန်စွဲလန်းစေရမယ်လို့ သီချင်းလေး ညည်းဆိုရင်း ကျွန်တော့်ပုခုံးထက်မှာ ခေါင်းမှီနေတဲ့ ချစ်သူကို စိတ်ထဲကနေ သက်သေပြုတိုင်တည်သစ္စာဆိုမိပါရဲ့။

ကျွန်တော့်သီချင်းလေးအဆုံး ဂစ်တာအတီးရပ်လိုက်တော့ ချစ်သူရှက်သွေးဖြာလျက် ခေါင်းလေးဖယ်ခွာလိုက်ပြီး ဆံနွယ်မျှင် တွေနဲ့ ကွယ်ဝှက်နေလေရဲ့။ ရင်ခုန်လှိုက်မောရပါတယ် ချစ်သူရယ်။ မျက်ဝန်းမှာမျက်ရည်စတွေ တွေ့လိုက်ရတာနဲ့ . . . . .



'ဟင် . . . . . ဟေမာန် . . . . . ငိုနေတယ်'

ကျွန်တော့်ရင်တွေဗလောင်ဆူသွားတယ်။ ဒါပေမယ့် ချစ်သူက ဘာမှမဖြစ်သလိုပုံမျိုးနဲ့ . . . . .

'မဟုတ်ပါဘူး။ လေတချက်တိုက်လိုက်တော့ မျက်စိထဲ ဖုန်ဝင်သွားလို့ပါ' ဆိုပြီး အတင်းမျက်စိကို လက်နဲ့ပွတ်၊ ပုတ်ခတ် ပုတ်ခတ်လုပ်နေတယ်။ ချစ်သူရယ် . . . . . မညာတတ်ဘဲ ဘာလို့ ညာချင်ရတာလဲ။ မင်းဘာဖြစ်နေလဲ။ ဘာတွေခံစားနေရလဲ။ ငါ့ကို ပြောပါ။ ငါ့အပျော်တွေ မင်းယူပါ။ မင်းရဲ့ကြေကွဲစို့နင့် နာကျင်စရာ တွေ ငါ့ကိုပေးလိုက်စမ်းပါ။ ငါ ခံယူပစ်လိုက်ချင်လို့ပါ။ မင်းက အဲဒီလိုဖြစ်နေတော့ ငါဘယ်ရင်နဲ့ သွားခံစားရမှာလဲ။ ကျွန်တော် စိတ်ထဲမှာ ရေရွတ်နေမိတယ်။ ပြီး . . . . . သက်ပြင်း တစ်ချက် ချကာ

'ဟေမာန် . . . . . ညလည်းအတော်နက်နေပြီ . . . . . . ခြံထဲမှာတောင် ဘယ်သူမှမရှိတော့ဘူး။ ကိုယ်ပြန်တော့မယ်နော်'

ကျွန်တော့်ရင်ခွင်ထဲက ဂစ်တာလေးဘေးချပြီး ထရပ်တော့ ချစ်သူပါ အလိုလိုလိုက်ရပ်တယ်။ မျက်နှာတော့မကောင်း။ မျက်ဝန်းမှာ အနည်းငယ်မှိုင်းညို့နေတယ်။ ကျွန်တော်ချစ်သူ့မျက်ဝန်းကို စူးစူး ရှရှလေးကြည့်လိုက်တော့ မျက်လွှာချသွားတယ်။ ဒါနဲ့ ကျွန်တော်လည်း ချမ်းလွန်းတော့ ဘယ်လက်နဲ့ညာလက်မောင်းကို ခပ်ဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com


ပွတ်ပြီး ပြုံးလျက်ကပဲ. . . . .

'ဟိတ်'

ချစ်သူမော့ကြည့်တယ်။ ကျွန်တော်မျက်ရိပ်မျက်ကဲနဲ့ မျက်ခုံးလေး ပင့်ပြီး ချစ်သူကိုယ်ပေါ်က အနွေးအကျႌကို ပြန်ပေးဖို့ ညွှန်းသလို လုပ်တော့ နှုတ်ခမ်းလေးဝိုင်းသွားပြီး

'အို!ဟုတ်ပါရဲ့ . . . . . မေ့နေလိုက်တာ'

'ဟင်း. . . . . . . သိနေပါတယ်နော်. . . . . . . . သူများ အကျႌကို ပြန်မပေးတော့ဘူးဆိုပြီး အမေ့ခံဖို့မှတ်လား'

'ကိုနိုင်သစ္စာနော် . . . . . အဲဒီလိုမပြောနဲ့'

ဆိုပြီး နှုတ်ခမ်းလေးစူ ဆောင့်အောင့်တဲ့အမူအရာမျိုးနဲ့ တဖက်သို့ လှည့်သွားပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော် (အဲဒီအချိန်) ချစ်သူကို တင်းတင်းကြပ်ကြပ်ဖက်ပြီး ပါးအိအိဖောင်းဖောင်းလေးကို ကိုက် လိုက်ချင်တာ။ အသဲယားလွန်းလို့ပါ။

'ဒါဆို ကျွန်တော်သွားမယ်နော်'

'ဟာ. . . . . လုပ်ပြန်ပြီလား'

'အို ဆောတီး ဆောတီး ကိုယ်. . . . . ကိုယ် . . . . . ဟဲ ဟုတ်တယ်နော်'

ထိုအခါမှ ချစ်သူ မကျေမချမ်းတဲ့ မျက်နှာပေးနဲ့ နှုတ်ခမ်းကို ရှစ်ခေါက် ချိုးပြတယ်။ ပြီး . . . ကျွန်တော့်ကို ချစ်သူကိုယ်တိုင် အနွေးအကျႌ



ပြန်ဝတ်ပေးတယ်။ အအေးဓာတ်ကဲလွန်းနေတော့ ချစ်သူရဲ့လည်စည်း မာဖလာလေးကိုတောင် ချစ်သူကိုယ်တိုင် ကျွန်တော့လည်ပင်းမှာ အကျအနစည်းပေးရင်း အစစ်ပေးလိုက်ပါတယ်။ မာဖလာမှာ ချစ်သူလည်တိုင်ဆီမှ ထုံသင်းနေတဲ့ ကိုယ်သင်းနံ့လေး။ ကျွန်တော် မျက်စိမှိတ်ပြီး ခေါင်းမော့ကာ တရှိုက်မတ်မတ်ရှူရှိုက်တော့ ချစ်သူ နှုတ်ခမ်းလေးကိုက်ရင်း ခေါင်းငုံ့သွားတယ်။

ကျွန်တော်လှည့်ထွက်လာလိုက်ပါတယ်။ ခြံထဲမှာတော့ ကောင်လေးကျောပြင်ကိုငေးကြည့်နေတဲ့ ကောင်မလေးရယ်၊ ဂစ်တာရယ်၊ ဗလာကျင်းနေတဲ့ ချိုကျနှစ်ခွက်ရယ် ကျန်ရစ်တယ်။ ဟိုတခါချစ်သူ လှည့်ကြည့်တာ ဒါကြောင့်မို့နဲ့တူပါတယ်။ ချစ်သူ လည်း ကျွန်တော်နဲ့ အကြိုက်ချင်းတူသည်ပဲကိုး။ လမ်းတလျှောက် လုံး ကျွန်တော့်ရင်တွေ တအုံ့နွေးနွေး။ ကျွန်တော်ချစ်ရပါသော ဆောင်းက သူ့နာမည်နဲ့လိုက်ဖက်တဲ့သံတူကြောင်းကွဲ ကောင်မလေး တစ်ယောက် လက်ဆောင်ပေးတယ်။ ဟေမာန်တဲ့။ ချစ်သူ့မာဖလာ လေးကို ကိုင်ကြည့်ရင်း ပြုံးမိပါတယ်။ ဆောင်းလေတွေနဲ့ ရောစွက်ပြီး မာဖလာထဲက ချစ်သူကိုယ်သင်းနံ့က ကျွန်တော့်ခန္ဓာ အနှံ့မှာ ပျံ့နှံ့နေရာယူပါတော့တယ်။ လျှောက်လာရင်း ချစ်သူနဲ့ အရောင်တွေအကြောင်း ဆွေးနွေးတာကို သတိရမိတော့ . . . . .

'ကိုနိုင်သစ္စာ'

www.burmeseclassic.com

www.burmeseclassic.com



'ပြောလေ ဟေမာန်'

'အနက်ရောင်က ရမ္မက်ကြီးတဲ့ကောင်ဆို'

'အယ်'

ကျွန်တော် 'အယ်' သွားတဲ့ပုံကိုကြည့်ပြီး ချစ်သူရယ်ပါတယ်။ ပြီး . . .

'ဒီလိုလေ. . . . . အနက်ဆိုတာ အရောင်အားလုံး ရောပြွန်း ပေါင်းစုသွားတဲ့အခါ အနက်ရောင်ဖြစ်လာတာမှတ်လား။ အဲဒါ ကြောင့် ဒီကောင်က အရောင်တွေအားလုံးကို မလွှတ်တမ်းဖမ်း ဆုပ်ပြီးမှ သူ(အနက်ရောင်)ဆိုတာကြီး ရပ်တည်နေရတာပေါ့။ မလွှတ်လပ်ဘူးလေ . . . . . ဟုတ်တယ်မလား။'

သူ့ဟာသူပြောပြီး ကျွန်တော့်ကို ထောက်ခံခိုင်းနေတယ်။ ဒါပေမယ့် ပြောမဲ့သာပြောတာ။ ဂွတီးဂွကျဒဿနဆရာမလေးပါ။ ချစ်သူ စဉ်းစားသလိုလုပ်ပြီး နှုတ်ခမ်းချွန်ကာ

'အင်း အဲဒီလိုကျတော့လည်း'

'ဘာဖြစ်လဲ'

'ဩော် . . . . . တွေးကြည့်တာပါ'

'အင်း'

'အဖြူအစက်အပေါက်လေးတစ်စက်ကတောင် ဘယ်လောက် သေးသေး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတယ်။ လုံခြုံတယ်။ ဖြူစင်တယ်။



လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးလေးရှိတယ်။ ကိုယ်ရပ်တည်ဖို့ အတွက် အမှီအတွယ်ကင်းတယ်။'

'ဟုတ်လား. . . . . ဘာဖြစ်လို့လဲ။'

သိရက်နဲ့မေးနေတယ်ဆိုတဲ့ပုံမျိုးနဲ့ ကျွန်တော့်ကို မချိုမချဉ် ကြည့်ပြီး စကားပြန်ဆက်တယ်။

'အဖြူဆိုတာ ဘာအရောင်ကိုမှ ဆုပ်ယူမှုမရှိဘဲ အရောင် အားလုံးမဲ့နေတာ။ အစွန်းအထင်းမရှိတာ။ အရောင်အားလုံးကို လွှင့်ထုတ်ပြီး ကျန်နေခဲ့တာကို ခေါ်တာလေ။ အရောင်စုံစုပေါင်း ခြင်းကို အနက်, အရောင်တာမှမရှိ မဲ့နေခြင်းဟာ အဖြူပေါ့။ Black Hole ကိုကြည့်လေ။ မြန်ပါပေ့ဆိုတဲ့ အလင်းတောင်သူ့ရှေ့က အဖြတ်မခံဘူး။ ဖမ်းဆုပ်ယူလိုက်တာပဲ။ အရမ်းဆုပ်ယူ အားကောင်း လွန်းလို့မှည့်ထားတဲ့ နာမည်ကိုပဲကြည့်။ အမဲပေါက်တဲ့ ဟိ. . . ဟိ' သေချာပါတယ်။ ချစ်သူဟာ ကျွန်တော့်အတွက် တစ်စစီကျိုးပဲ့နေတဲ့ ဒဿနတွေနဲ့ တည်ဆောက်ဖွဲ့စည်းထားတဲ့ 'စိတ္တရလေခါ'ပါပဲ။ လျှော့တွက်လို့မရပါ။ အင်မတန်ကြောက်စရာကောင်းပါတယ်။

'ကိုသစ်'

'ကြောက်စရာကောင်းလို့ပါ'

'ဘာ'

'ဩော် . . . ဟိုဥစ္စာလေ။ ဟို ဟဲ ဟဲ ဘာမှမဟုတ်ဘူး။'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ . . . . ဟောမာန် ခုန ကိုယ့်ကို ဘယ်လိုခေါ်လိုက်တယ်'

'ကိုသစ်လို့'

'ကသစ်'

'အာ. . . . . ကိုသစ်ပါ'

'မသိဘူး။ ကိုယ့်နားထဲမှာတော့ . . . ကသစ်လိုလို . . . ကျားသစ်လိုလို. . . ယားကျိကျိနဲ့ . . . . . ဟီး'

'မရဘူးကွာ။ ဘာကြီးဖြစ်ဖြစ်။ ဟောမာန်က ဘယ်သူနဲ့မှ မတူချင်ဘူး။ ကိုနိုင်တို့ ၊ ကိုသစ္စာတို့က သူများတွေခေါ်နေကျ။ ဒါကြောင့် သစ္စာထဲက သစ်ကိုယူပြီး ကိုသစ်လို့ခေါ်တာ။ ဘာလဲ . . . အဲလိုခေါ်တာ မကြိုက်ဘူးလား။'

နှုတ်ခမ်းစူပြီး ရန်တွေ့သလိုပြောတော့ ဒီကကောင်ကလည်း ခေါင်းငိုက်စိုက်လဲကျ။ အလံဖြူထောင်ပြရတော့တာပေါ့။

'ကဲ. . . . . သဘော. . . . . သဘော'

ဒီလိုမှပေါ့ကွဆိုတဲ့ ပုံမျိုးနဲ့သူနဲ့အတူယှဉ်ထိုင်နေတဲ့ ကျွန်တော့်ကို ပုန်းချင်းတိုက်လိုက်သေးတယ်။ ကိုယ်တောင် ရုတ်တရက်မို့ နဲနဲဘေးကို ယိုင်သွားတော့ ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်တယ်။ (အဲဒီအချိန်) ရင်ထဲမှာ နတ်ပူးသလိုလို၊ ပူပူလောင်လောင်၊ အေးအေးစက်စက် ကြီးရယ်။ ဘယ်လိုကြီးမှန်းကို မသိတာ။ ပြီး . . . . . ချစ်သူကပဲ နှုတ်ခမ်းလေးကိုက်ပြီး ရယ်နေသေးတယ်။ ထို့နောက် တစ်စုံတစ်ခု



သတိရဟန်ဖြင့်

'ကိုသစ်. . . . . ခဏနေဘ်'

ဆိုပြီး အိမ်ထဲပြေးဝင်သွားတယ်။ ပြန်ထွက်လာတော့ လက်ထဲမှာ ဒိုင်ယာရီတစ်အုပ် နှိပ်စိပတ်တာနဲ့ အနက်ရောင်လေး။ ချစ်သူ ဒိုင်ယာရီစာအုပ်က နှိပ်စိလေးဖြုတ်လိုက်ပြီး

'ကိုသစ်. . . . . မျက်စိမှိတ်ထား'

'ဟော. . . . . ကြည့် . . . ဘာလုပ်ဦးမလို့လဲ'

'မှိတ်ဆိုမှိတ်ကွာ'

ကျွန်တော်လည်း မလွန်ဆန်နိုင်တာနဲ့ (မလွန်ဆန်ချင်တာပါ) မှိတ်လိုက်ရပါတယ်။ တအောင့်ကြာတော့ . . . . .

'ရပြီ ဖွင့်တော့'

မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်တော်အရမ်းကို အံ့သြတုန်လှုပ် သွားရပါတယ်။ သစ်ရွက်ခြောက်လှလှလေးတစ်ရွက်။ သစ်ရွက်ပေါ် မှာ ကဗျာတပုဒ်။

'အဲ အဲဒါ ကိုယ့်'

'ဟုတ်တယ် ဒါကိုသစ်ဟာလေ မှတ်မိသားပဲ'

ကျွန်တော်ကိုယ်တိုင်သစ်ရွက်ခြောက်တစ်ရွက်ပေါ်မှာ ရေးထားတာ မမှတ်မိဘဲနေပါ့မလား။ ဒါကချစ်သူဆီ ဘယ်လိုလုပ်ရောက် နေတာ လဲ။ ကျွန်တော်လည်း အမှုမဲ့အမှတ်မဲ့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ကိုသစ် မှတ်မိမလားတော့မသိဘူး။ ကိုသစ်နဲ့ဟေမာန် စဆုံတဲ့နေ့ကလေ'

'အင်း'

'ကိုသစ် ကိုညီညီလတ် ဘယ်မှာလဲလို့ မေးတာလေ'

'အင်း'

'အဲဒီတုန်းက ကိုသစ်ထွက်သွားပြီး ကျကျန်ခဲ့တာ'

'ပထမတော့ ရိုးရိုးသစ်ရွက်ခြောက်ပဲဆိုပြီး ထားလိုက်တာ။ လေတိုက်သွားတော့မှ သစ်ရွက်လေးတစ်ဖက်လန်သွားပြီး ကဗျာ ရေးထားတာတွေ့တာ'

'ဒါကြောင့် သိမ်းထားလိုက်တယ်ဆိုပါတော့'

ချစ်သူမျက်မှောင်လေးကြုတ်ကာ တချက်စဉ်းစားသလိုလိုလုပ်တယ်။ ပြီး ...... နှုတ်ခမ်းလေးချွန်ပြီး

'ဟေမာန်ကလေ'

'အင်း'

'အဖြူရောင်လေးလိုပဲ .... ဘာကိုမှမမှီမတွယ် လွတ်လွတ်လပ်လပ်ပဲ ဘဝကိုရပ်တည်ချင်တာ..... ရှိနေတဲ့ အချိန်တိုလေးကို အမှီအတွယ်ကင်းကင်း၊ အလွတ်လပ် အပေါ့ပါး ဆုံးနဲ့ တခြားသူတွေကို အလင်းရောင်ပေးရင်း ကုန်ဆုံး သွားချင်တာ'

'အဲတော့'



'အဲတော့ ..... ကိုသစ်ရယ်'

သူမစကားခဏရပ်ပြီး ကျွန်တော့်ဘက် ၄၅ ဒီဂရီလှည့်ကာ ပြင်ထိုင်တယ်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ကာ

'ဟေမာန်က ဒီမြို့လေးမှာ ဟေမာန်တစ်ယောက်တည်း ရှိမယ်ထင်ထားခဲ့တာ..... ခုတော့'

ချစ်သူ့အသံမှာ နဲနဲအက်ရှရှဖြစ်နေတယ်။ နောက် .....

'ကိုသစ်လည်းရှိနေတာပဲ'

ချစ်သူတခုခုကို လျှို့ဝှက်ထားသလိုလို ကြေကွဲရိပ်သန်းနေတာနဲ့ ကျွန်တော်ကပဲ စကားတွေကို ဖော့ပစ်လိုက်ရတယ်။

'ဟာ..... ဟုတ်လား..... ဩော်..... ကိုယ်ကတော့ အဲဒီလိုမထင်ဘူး'

ဘာဖြစ်လို့လဲဆိုတဲ့စကားကို ချစ်သူက မျက်ဝန်းဘာသာစကားနဲ့ မေးပါတယ်။

'ဟုတ်တယ်လေ..... ကိုယ်နဲ့ဟေမာန် နှစ်ယောက် တည်းရှိရအောင် ဒီမြို့က ဧဒင်ဥယျာဉ်မဟုတ်သလို ခေတ်ကလည်း ကမ္ဘာဦးမဟုတ်ဘူး။ ပြီးတော့ ကိုယ်တို့နှစ်ယောက်ကလည်း အာဒံနဲ့ ဧဝမှ မဟုတ်တာ။ လူတွေအများကြီးရှိနေတာပဲ ဟာကို'

ထိုအခါ ချစ်သူတသောသောရယ်ပါတော့တယ်။ ကျွန်တော် ချစ်သူ ရယ်မောနေတာလေးကိုကြည့်ရင်း တိမ်လွှာထဲမှာ စိမ်ပြေနပြေ

www.burmeseclassic.com

www.burmeseclassic.com



ကစားနေရသလို ကြည်နူးလိုက်ဖိမိတယ်။ အရယ်တဝက်နဲ့ပဲ ချစ်သူက

'ကိုသစ်ကလည်း . . . . . ဟေမာန်ဆိုလိုတာက . . . . ဟေမာန့်ရဲ့ကိုယ်ပွားလေးကို တွေ့လိုက်ရသလိုပဲလို့ပြောတာ . . . ခံစားချက်ချင်း၊ အကြိုက်ချင်း၊ ရည်ရွယ်ချက်ချင်း တူနေလို့ပေါ့'

'အင်း ဒါဆို ကဗျာကတော်တော်ထိရောက်သွားပုံရတယ်'

'ဒါလည်းပါတာပေါ့ . . . . . နောက်တစ်ခုက'

ကျွန်တော့်မျက်လုံးကို ချစ်သူရီရီဝေဝေလေးကြည့်ရင်းက

'ကိုသစ်မျက်လုံးတွေပဲ'

'ကိုယ့်မျက်လုံးတွေ'

'ဟုတ်တယ် ကိုသစ်မျက်လုံးတွေက ဖြူဖွေးကြည်လင်နေတယ်။ ဘာအရောင်မှမရှိဘူး။ ပကတိပလိန်းပေါ့၊ အဲဒီ မျက်လုံးတွေကပဲ ဟေမာန့်ကို တခဏအတွင်းမှာ စကားတွေအများကြီး ပြောသွားတယ်။ ပြီးတော့ ကိုသစ်ရဲ့ အမူအရာ၊ စကားပြောတဲ့ လေယူလေသိမ်း၊ အေးဆေးတည်ငြိမ်တာတွေနဲ့ ခုဒီကဗျာကို ဆက်စပ်ကြည့်လို့ရတဲ့ အဖြေက ဟေမာန့် ကိုယ်ပွားလေးပဲဆိုတာ ချက်ချင်းခံစားမိလိုက်တယ်'

ဟိုက်ရှားပါး! ကျွန်တော်တိမ်စိုင်တိမ်ခဲတွေကြားမှာ ဖျတ်ဖျတ်လူးနေလား အောက်မေ့ရတယ်။ အိမ်ရောက်လို့ကတော့ မှန်ထဲမှာ မျက်လုံးကို ကောင်းကောင်းကြီးရှုစားရမယ်။ မျက်လုံးက ပကတိ



ပလိန်းဆိုပဲ။ ကျွန်တော်ခေါင်းငုံ့ပြီး မျက်ခွံ့ကို ဆယ်ခေါက်လောက် ပုတ်ခတ်ပုတ်ခတ်လုပ်နေတာ သူ့ကိုဖောက်တယ်ထင်ပြီး နှုတ်ခမ်းစူလျှက်

'ကိုသစ်နော်. . . . . ဟေမာန်က အကောင်းပြောနေတာ'

'ရော် . . . . . ဒီကကော ဘာပြောလို့လဲ'

သစ်ရွက်ခြောက်လေးကို ကျွန်တော့်လက်ထဲက ဆတ်ခနဲဆွဲယူရင်း

'ကိုသစ်'

ကျွန်တော်က'ပြော'ဆိုတဲ့ပုံနဲ့ မေးဆတ်ပြလိုက်တယ်။

'ကိုသစ်က ဘယ်လိုကဗျာမျိုးတွေကြိုက်လဲ'

ကျွန်တော်တချက်စဉ်းစားရင်း

'အင်း . . . . . မော်ဒန်ကဗျာတွေကိုလည်း ကြိုက်တယ်။ Two line, Three line, Four line Stanzares တွေလည်း ကြိုက်ပါတယ်။ သက်မဲ့အရာဝတ္ထုတွေကို သက်ရှိသဏ္ဍာန်မျိုးနဲ့ ပါးစပ်ပေါက်တပ်ပေးပြီး သူတို့နဲ့စကားပြောရင်း လောကနဲ့လူ့စိတ်သဘာဝတွေ အကြောင်း ဖော်ကျူးပြတဲ့ကဗျာတွေဆို တော်တော်ကြိုက်တယ်'

'ကိုနိုင်ကြီး. . . . . ညတောင်အတော်နက်နေပြီ။ ဘယ်က ပြန်လာတာလဲဗျ'

လမ်းလျှောက်လာနေတုန်း မိတ်ဆွေတစ်ယောက်နှုတ်ဆက်တာနဲ့ ကျွန်တော့်အတွေးစတို့ ပျက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ညြော်. . . အေး. . . သန်းဝင်း . . . အလုပ်ကကွ'

သန်းဝင်းလက်ထဲက နာရီကြည့်လိုက်၊ ကျွန်တော့်ကြည့်လိုက်နှင့် ခေါင်းတဗျင်းဗျင်းကုတ်ကာ သူ့လမ်းသူဆက်သွားပါတော့တယ်။ အေးလေ. . . . . အလုပ်ကပြန်ချိန်က ည ၁၂း၃၀နာရီဖြစ်နေမှာပဲ။ အိမ်ရောက်တော့ ဟိုနှစ်ယောက်ကခြံတံခါးတောင် သော့ခတ်လိုက်ပြီ။ တော်တော်သစ္စာရှိတဲ့လူတွေ။ သော့အပိုလုပ်ထားပေလို့သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# ခြောက်လခန့်ကြာသော်

www.burmeseclassic.com

www.burmeseclassic.com

# Chapter XII

Friday 12, August, 2011 (6:30 am)

လမ်းသွယ်လေးတစ်ခုရဲ့ ဘေးတဖက်တချက်စီမှာ ဝါဖန့်ရင့်ရော်နေပြီဖြစ်တဲ့ အပင်အိုကြီးတွေ လက်ပြင်ကုန်းထိုး ငိုက်ဆင်းကျနေပြီး မြေပြင်ပေါ်မှာရော်ရွက်ဝါတွေ ဖွေးဖွေးလှုပ်လို့နေတယ်။ အပင်အိုကြီးတွေရဲ့ ဆွေးမြေ့နွမ်းလျနေတဲ့ သစ်ခက်တွေကြားက ဝတ်ကျောင်းအိုကြီးတစ်ဆောင်ကို နေရောင်ခြည်ဖျဖျ ထိုးစိုက်ဆင်းကျနေတယ်။ လူသူအရောက် အပေါက်မရှိတဲ့ ဝတ်ကျောင်းအိုကြီးထဲက ကြမ်းခင်းပေါ်မှာ ခေါင်းငိုက်စိုက်ကာ လက်ချင်းယှက်၊ ဒူးထောက်လျက်ရက်ပေါင်းများစွာကပင် နေ့စဉ်ဆုတောင်းလာနေတတ်သည့် လူငယ်တစ်ယောက်။

မိုးစွက်လေတစ်ချက်အမှုတ်မှာ ဖုန်မှုန့်တွေနဲ့ ရော်ရွက်ဝါတွေ လွင့်စင်ထွက်သွားတယ်။ ကောင်လေးရဲ့ မျက်ကွင်းတွေညိုညစ်နေပြီး နှုတ်ခမ်းနှစ်လွှာမှာ ဖျော့တော့ခြောက်ကပ်နေတယ်။ အားအင်မရှိတော့သလို ယိုင်လဲချင်နေတယ်။ ဆံနွယ်တွေဖွာဆံကျဲရှုတ်ခက်နေပြီး လည်ဂုတ်ပေါ်ဝဲပျံ့ကျနေလေတယ်။ မျက်နှာမှာနွမ်းဖတ်ဖတ်နှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ ထူပိန်းလို့နေတယ်။ အဝတ်အစားတွေက ညစ်ထေးထေးရယ်။ သူ့မျက်လုံးတွေက လျော့တိလျော့ရဲ မှိန်းစင်းနေပေမဲ့ မျက်ဝန်းတွေက ပကတိဖြူဖွေး



ကြည်လင်နေလေရဲ့။ သူ့ပုံကြည့်ရတာ စိတ်ဝေဒနာရှင်လိုလို။ ဘယ်အချိန် ကြုံလာမယ်မှန်းမသိတဲ့ အန္တရာယ်တစ်စုံတစ်ရာကို တွန်းကန်နိုင်တဲ့ မျှော်လင့်ချက်မဲ့နေသလိုလို။ ခဏနေတော့ ယခင်နေ့တွေကလိုပဲ သင်းအုပ်ဆရာတော် သူ့ရှေ့လာရပ်တယ်။ ပြီး . . . . . ခပ်ဖွဖွ စကားဆိုတယ်။

' သား . . . . . ခုချိန်မှာ အရာရာကို ဘုရားသခင်လက်ထဲအပ်ထားလိုက်တာ အကောင်းဆုံးပဲ။ ဘုရားသခင်ကိုပဲ အာရုံပြုနေပါ။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲပေါ့'

သင်းအုပ်ဆရာတော်က ကောင်လေးရဲ့သွင်ပြင်ကိုကြည့်ပြီး သက်ပြင်းခပ်ဖွဲဖွဲချကာ

'သားရယ် . . . ကျန်ရှိနေသေးတဲ့ အချိန်တွေကို အကောင်းဆုံး အသုံးချရပ်တည်သွားနိုင်ဖို့ပဲ အရေးကြီးတာပါ။ . . . ဆုတောင်းပါ။ သား . . . ဆုတောင်းပါ . . . ဘုရားသခင်ကပဲ မင်းကိုစောင့်ရှောက်မှာပါ'

လေးပင်စွာ ခေါင်းညိတ်ခေါင်းခါပြုလျက် သင်းအုပ်ဆရာတော် ထွက်ခွာသွားလေသည်။

ကောင်လေးကတော့ ထိုအတိုင်းပုံမပျက်ငူငူကြီး။ ကောင်လေး ဘာကို အငမ်းမရဆုတောင်းနေတာလဲ။ ဘာကြောင့် နေ့ရက်ပေါင်းများစွာ ဒီဝတ်ကျောင်းအိုကြီးထဲမှာပဲ ရှိနေရတာလဲ။ ဘာ[illegible]သူမှ

www.burmeseclassic.com

www.burmeseclassic.com



မသိကြ။ ဝတ်ကျောင်းအိုက မြို့စွန်လေးမှာပါ။ လူသူကင်းမဲ့လို့ရယ်ပေါ့။ သူ့မှာ မိဘဆွေမျိုးအသိုင်းအဝိုင်းရောရှိရဲ့လား။ ဘယ်ကလဲ။ ဒီမြို့ကပဲလား။ သူနဲ့ပတ်သက်လို့ ဘာဆိုဘာမှ ဘယ်သူမှမသိကြ။ သူ့ကိုယ်သူရော ဘယ်သူဆိုတာသိရဲ့လား။ ကောင်လေးကြည့်ရတာ အသက် ၂၀ ဝန်းကျင်သာသာ ရှိမည်ထင်ရသော်လည်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထူထူ၊ လည်ဂုတ်ထိဝဲပျံ့ကျနေသော ဖွာဆံကျဲကော့လန်နေတဲ့ ဆံနွယ်တွေကြောင့် အိုဖန့်နေသည်ဟုပင်ထင်ရ၏။

'ချောက်'

လက်ကိုင်ဗွီဒီယိုကင်မရာ စခရင်လေးကို ပိတ်လိုက်သံနှင့်အတူ လူနှစ်ယောက်ဝတ်ကျောင်းအိုကြီးထဲ ဝင်လာတယ်။ မျက်နှာမကောင်းကြ။ ကောင်လေးဘေးမှာရပ်ပြီး စူးစူးစိုက်စိုက်၊ ရီရီဝေဝေကြည့်လျက် ကောင်လေးပုခုံးကို ညင်သာစွာပုတ်ပြီး ပြန်ထွက်သွားကြတယ်။ ထိုလူနှစ်ယောက်မှာလည်း တနင်္ဂနွေနေ့တိုင်း ဗွီဒီယိုကင်မရာလေးတစ်လုံးနှင့် ရောက်လာတတ်ကြစမြဲ။ ပြီး. . . . ကောင်လေးနားမှာရပ်ကာ ထိုအတိုင်းပြုမူလျက် ထွက်ခွာသွားကြမြဲ။ ကောင်လေးကတော့ ဘာကိုမှ မသိလိုက်ဘာသာရှိနေ၏။ ကမ္ဘာခြားကို ရောက်နေပြီပဲ။

# Chapter XIII

Friday 12, August, 2011 (7:30 am)

သူမဆေးရုံရောက်နေတာ ဒီနေ့နှင့်ပါဆို ရက်သတ္တလေးပတ်ကျော်ငါးပတ်ထဲမှာ။ ကိုးမာဖြစ်နေသလိုလို လောကနှင့် အဆက်အသွယ်ပြတ်လို့နေတယ်။ တစ်ကိုယ်လုံးလည်း ဆေးထိုးအပ်ပေါက်ရာ ဗရပွနဲ့။ ပြီးတော့ ဒရစ်ပ်ပိုက်တွေနဲ့ ရှုပ်ခတ်နေတယ်။ နှလုံးခုန်နှုန်းကိုပြတဲ့စက်လေးက သူမခေါင်းရင်းဘေးကပ်ရပ်မှာ။ သူမဘေးပတ်လည်ရှိသူအားလုံး ထိုစက်လေးဆီသို့သာ အာရုံရောက်နေကြသည်။ စက်အတွင်းရှိ နှလုံးခုန်နှုန်းပြလှိုင်းများ ပြေးလွှားလှုပ်ရှားသွားလိုက်၊ မျဉ်းဖြောင့်အတိုင်းဖြစ်ကာ ထိုးရပ်သွားလိုက်နှင့်။ သူမမျက်ခမ်းစပ်တွေ ညိုမှိုင်းနေပြီး နှုတ်ခမ်းနှစ်လွှာမှာ တုန်ယင်ဖျော့တော့နေတယ်။ ရွှေအိုရောင်ဆံနွယ်ခက်တွေက ကြပြန့်လျက်ရှိတယ်။ သူမပတ်လည်မှာတော့ ငိုသူငို၊ ရှိုက်သူရှိုက်နှင့်။ သူမရဲ့ နှာခေါင်းနှင့်နှုတ်ခမ်းထောင့်စွန်းမှ သွေးစများ ယိုစီးကျစပြုနေပြီ။ သတိလည်လာတိုင်းလည်း "ကို. . . . . ကိုသစ်" ဟုသာ ကရောင်ကတမ်း တတွတ်တွတ်မြည်တမ်းနေသည်။ ဘေး၌မူ လူတစ်ယောက် ဟန်းဖုန်းတစ်လုံးနှင့် သောကကြီးစွာ အပူတပြင်း အလုပ်ရှုပ်လျက်ရှိသည်။ ဆေးရုံကြီး၏ အခန်းလေးတစ်ခန်းထဲမှာ ပူလောင်ခြင်းတွေစို့နင့်ကြေကွဲ ငိုကြွေးမှုပေါင်းများစွာနှင့် သိုင်းခြုံရစ်ထွေးလို့နေတယ်။ အသက် ၅၀ ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်ခန့် လူကြီးတစ်ယောက်က ခုနဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေတဲ့ လူငယ်ကို

'သား. . . . . နိုင်သစ္စာကို စုံစမ်းလို့ရလား'

လူငယ်က သက်ပြင်းရှည်ကြီးချလျက်

'သူတို့ အဲဒီအိမ်ကနေ ပြောင်းသွားတာ ၃ လ လောက်ရှိပြီ . . . . . ဘယ်မှာမှလည်း စုံစမ်းလို့မရဘူး. . . . . အဖေ'

လူကြီးမှာ စိတ်ပျက်လက်ပျက်ဖြင့် တဖက်သို့လှည့်သွားကာ ကုတင်ပေါ်လဲနေတဲ့ မိန်းကလေးကိုသာ ဆွေးဆွေးကြီး ကြည့်ပြီး မျက်ရည်တွေ ယိုစီးကျလာတယ်။ ထိုအခိုက် လူလတ်ပိုင်းနှစ်ယောက်မှာ ခေါင်းငိုက်စိုက်လျက် တိုးတိတ်ကြေကွဲစွာ အခန်းထဲကိုဝင်လာတယ်။ လူငယ်က

'ဟာ. . . . . ကိုမင်းထင်နဲ့ ကိုဌေးလွင်'

တစ်ခန်းလုံး ထိုလူနှစ်ယောက်ကြောင့် အုံ့အုံ့ကြွပ်ကြွပ်ဖြစ်သွားပြီး ရှိုက်ကြီးတငင်ငိုနေတဲ့ မိန်းမငယ်လေးတစ်ယောက် ထိုလူနှစ်ယောက်ဆီ ပြေးလာကာ နှစ်ယောက်ထဲမှ အသက်အရွယ်ပိုကြီးမည်ဟု ထင်ရသော လူတစ်ယောက်၏ လက်မောင်းကို ဆွဲခါရမ်းလျက်

'ကိုမင်းထင်ရယ်. . . . . ကြည့်ပါဦး. . . . . ကလျာ့သူငယ်ချင်းကိုလည်း' ဆိုပြီး ငိုပြန်တယ်။ ထိုလူနှစ်ယောက်မှာတော့ နှုတ်မှဘာစကားတလုံးတပါဒမှ ထွက်ကျမလာဘဲ ကြေကွဲစွာ



ဖြင့်သာ ခေါင်းငိုက်စိုက်လျက်။ ခုနလူငယ်ကပင် ထိုလူနှစ်ယောက်ကို

'ဟော့လူတွေ . . . နိုင်သစ္စာရော . . . ကိုနိုင်ရော . . . ကျွန်တော့်ညီမက တချိန်လုံး သတိရလာတိုင်း သူ့ကိုပဲတမ်းတနေတာဗျ'

ပြီး . . . လူငယ်က ကျောက်ရုပ်လိုရပ်နေတဲ့ ထိုလူနှစ်ယောက်ကို အားမလို အားမရ လှုပ်ခါရမ်းပစ်လိုက်ပြီး တက်တစ်ချက်ခေါက်ကာ

'တောက်. . . . . ခင်ဗျားတို့ လူဗျာ. . . . . တော်တော်ရက်စက်တယ်. . . . . ကျုပ်ညီမ ဘယ်လောက်သူ့ကို မြတ်မြတ်နိုးနိုး ချစ်ခဲ့တယ်ဆိုတာ ကျုပ်အသိဆုံး. . . . . ဒါကို ဒီလို လုပ်ရက်တယ် . . . ထားသွားရက်တယ်. . . ကွာ . . . '

ထိုလူငယ်မှာ ပြောလည်းပြော. . . . . မျက်ရည်ပေါက်ကြီးတွေလည်းကျရင်း အုတ်နံရံကို လက်သီးဖြင့် တဒိုင်းဒိုင်းထိုးတော့တယ်။ ထိုအခါမှ ကျောက်ရုပ်နှစ်ရုပ် အသက်ဝင်လာပြီး ထိုလူငယ်ကို ထိန်းရင်း

'တော်ပါတော့ ကိုလတ်ရာ. . . . . စိတ်ထိန်းပါဦး'

'ဘာကို ထိန်းရမှာလဲဗျ. . . . . ခင်ဗျားတို့လူ ခုလိုလုပ်တာကောင်းလား. . . . . လူဆန်လား ပြော'

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ ရှင်းပြပါရစေဦး'

'ခင်ဗျားတို့က ခုမှဘာကိုရှင်းပြမှာလဲ. . . . . သွားပြီ . . အားလုံးသွားပြီ . . . နောက်နာရီပိုင်းအတွင်းဆို. . .'

ထိုလူငယ်စကားတို့ အက်ကွဲကြေမွကာ ရပ်ဆိုင်းသွားပြီ . . . . . ကိုမင်းထင်နဲ့ ဒွေးလွင်ဆိုတဲ့လူနှစ်ယောက်မှာ လူငယ်ပြောလိုက်တဲ့

'နောက်နာရီပိုင်းအတွင်း'

ဆိုတဲ့စကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက် ကုတင်ပေါ်မှာလဲနေတဲ့ မိန်းကလေးကိုကြည့်လိုက်နဲ့ ဘာကိုမှ နားမလည်နိုင်တော့ဟန်ဖြင့် တွေဝေမိန်းမောနေတယ်။ ထိုစဉ် အနီးရှိ ရှိုက်ငိုနေတဲ့ မိန်းကလေးထရပ်ကာ ကိုမင်းထင်တို့အနား ရောက်သွားတယ်။ ပြီး. . . . .

' ကိုမင်းထင် '

အသံမှာ ငိုညီးညီး၊ အက်ရှရှဖြစ်နေတယ်။ ထိုလူ အနည်းငယ် ခေါင်းမော့လာတယ်။

'ဟေမာန် ရင်ခုန်ရတဲ့ တစ်ယောက်တည်းသောသူဆိုတာ ကိုနိုင်သစ္စာပဲ '

' ဘာ '

' ဘယ်လို '

ထိုလူနှစ်ယောက် အံ့ဩထိတ်ပြာကုန်ကြတယ်။



'ဟုတ်တယ်။ ကလျာပြောခဲ့ဖူးတဲ့ ဟေမာန်ရင်အခုန်ဆုံး လူဆိုတာ နိုင်သစ္စာမှန်း သူ့ဒိုင်ယာရီဖတ်တော့မှ ကလျာတို့ သိလိုက်ရတာ. . . . . ခုတော့ '

မိန်းကလေးမှာ ပြောရင်းမျက်ရည်ဖြိုင်ဖြိုင် ကျလာတယ်။ ပြီး . . . . . ငိုရင်းနှင့်ပင်

'သူ အရမ်းချစ်တဲ့ သူက . . . . . သူ့နောက်ဆုံး အချိန်လေးမှာတောင် သူ့အနားမှာရှိမပေးနိုင်ဘူး. . . . . ဟေမာန့်ဘဝက တော်တော်ကံဆိုးပါတယ် '

ဒွေးလွင်ဆိုတဲ့လူ ရေးကြီးသုတ်ပျာအထိတ်တလန့်ဖြင့် ဝင်ပြောတော့တယ်။

'ဟာ . . . . . သွားပြီ . . . . . အဲဒါဆိုရင်တော့ . . . . . အားလုံးသွားပြီဗျာ။ ကျွန်တော်တို့ သူငယ်ချင်း နိုင်ကြီးလည်း သူ့နောက်ဆုံးအချိန်ကို ရောက်နေပြီဗျ'

' ဘာ '

' ဟေ '

' ဘယ်လို '

အံ့ဩထိတ်ပြာသော အာမေဍိတ်အသံတို့ဖြင့် တစ်ခန်းလုံး ဆူဆူညံညံ ဖြစ်ကုန်တော့တယ်။ ထို့နောက်တွင် ကိုမင်းထင်ဆိုသူက တည်ငြိမ်လေးနက်သောပုံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



' ဟုတ်ပါတယ်။ ကျွန်တော်တို့ သူငယ်ချင်း နိုင်သစ္စာက ဟိုးအရင် ဟေမာန်နဲ့ မဆုံခင်ကတည်းက သူသေရမဲ့ရက်ကို ကြိုသိပြီးသားပါ။ အဲဒီရက်ကတော့ ဒီနေ့လို (၂၃) နှစ်ပြည့်တဲ့ သူ့မွေးနေ့ Friday 12 August မွန်းတည့် 12:00 am တိတိမှာ သူသေရမယ်ဆိုတာပါပဲ။

အခန်းတစ်ခန်းလုံး ပူဆွေးသောကဗျာပါဒ မီးလျံတွေတောက်လောင်သံ တဖျစ်ဖျစ်မြည်ထွက်လာပါတော့တယ်။

' အဲဒီကိစ္စကို နိုင်သစ္စာက ဘယ်သူ့ကိုမှဖွင့်မပြောဘဲ တစ်ယောက်တည်း နှစ်လရက်ပေါင်းများစွာ ကြိတ်ခံစားနေခဲ့တာပါ။'

ကိုမင်းထင်ဆိုသူ လေးလံစွာခေါင်းငုံ့ဆင်းသွားတယ်။ အခန်းတစ်ခန်းလုံး ခေတ္တမျှအပ်ကျသံမကြားရလောက်အောင် တိတ်ဆိတ်သွားသည်ဟုပင် ထင်ရတယ်။

' ကျွန်တော့် သူငယ်ချင်း နိုင်သစ္စာရဲ့ လက်ရှိအခြေအနေပါပဲ '

ဒွေးလွင်က အသင့်ယူလာတဲ့ လက်ကိုင်ဗွီဒီယိုကင်မရာလေးကို လက်ပ်တော့နဲ့ ဂျိုင်းလိုက်တယ်။ ပြီး . . . . . လက်ပ်တော့ ကနေတဆင့် အခန်းကျဉ်းလေးထဲရှိ ဆေးရုံ သီအေတာသုံး (Projector)နဲ့ ချိတ်ဆက်ကာ နံရံကိုထိုးပြလိုက်ချိန်မှာတော့ ဝတ်ကျောင်းအိုကြီးထဲက ခေါင်းငိုက်စိုက်ကျနေတဲ့ စိတ်ဝေဒနာရှင်ဆန်ဆန် လူငယ်လေးရဲ့ ပုံရိပ်တွေ ဖြူဖွေးဝင်းပနေတဲ့ နံရံထက်မှာ ပေါ်လာပါ တော့တယ်။ အားလုံး မယုံကြည်နိုင်လောက်အောင် အံ့ဩမှင်တက်မိကုန်ကြတယ်။ ကိုလတ်ဆိုသူက ' ဟာ ' ခနဲဖြစ်လျက် လက်ကိုင်ဖုံးလွတ်ကျကာ မျက်လုံးအပြူးသားနဲ့ နံရံထက်မှာထင်ရှားနေတဲ့ ပုံရိပ်တွေကို မျက်ရည်တို့ဝေဝဲကာ ကြောင်ငေးကြည့်နေမိတယ်။ အခန်းတစ်ခုလုံးမှာ ပိုပြီးတိုးတိတ်သထက် တိုးတိတ်လာတယ်။ ထိုအခိုက်

' တီ တီ တီ တီ တီ '

အာရုံတွေအားလုံး ထိုအော်မြည်သံလာရာဆီ ရောက်ကုန်ကြပါတယ်။ နှလုံးခုန်စက်မှ ထမြည်ခြင်းပါပဲ။ စက်အတွင်းရှိ လှိုင်းတို့မှာ ပုံမှန်အတိုင်း ပြေးခက်ကုန်ပြီ။ အပြုံးရိပ်များစွာနှင့် အိပ်ယာထဲလဲနေသည့် မိန်းကလေးအနားကို အပြေးတပိုင်းကပ်လာကြတယ်။

'သမီး . . . ဟိုမှာကြည့်စမ်း . . . နိုင်သစ္စာလေ . . . သမီးတွေ့တယ်မှတ်လား'

လူကြီး၏အသံမှာ ငိုသံနှောကာ တုန်ယင်နေတယ်။ ကုတင်ပေါ်လဲနေတဲ့ မိန်းကလေးကို သူမရှေ့တည့်တည့်ရှိ နံရံထက်က ပုံရိပ်တွေကို ကြည့်ခိုင်းနေတယ်။ မိန်းကလေးမျက်လုံးတွေ ဖွင့်ဖို့ကြိုးစားနေပေမဲ့ ပွင့်မလိုလိုနှင့် ပြန်မှိတ်သွားလိုက်၊ ဝေဝါးလာလိုက် ဖြစ်လို့နေတယ်။ ပြီး . . . . . သူမ မိမိရှေ့ရှိ နံရံထက်က ပုံရိပ်သို့ လက်တစ်ဘက်ကို ဆန့်တန်းအားယူကာ လှမ်းဆုပ်ကိုင်ဖို့လုပ်နေတယ်။ ခြေတွေ



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ တဖြည်းဖြည်းရှန်းကန်လှုပ်ရှားလာတယ်။ နှုတ်ခမ်းထက်မှလည်း ဗလုံးဗထွေးနှင့်

'သမီးကို . . . ကိုသစ်ဆီ လိုက်ပို့ပေးပါ . . . ဖေဖေရယ်'

လူကြီး၏မျက်လုံးမှ မျက်ရည်တို့ ယိုစီးကျနေရင်း တစ်ချက်ပြုံးသွားပြီး . . . . .

'အေးပါ . . . အေးပါ သမီးရယ် . . . သမီးရဲ့ ကိုသစ်ကလေ . . . သမီးကို စောင့်နေတာပါ'

ဆေးရုံခန်းကျဉ်းလေးတွင်ရှိသူအားလုံး သူမပတ်လည်မှာ ဝန်းရံလျက် အားပေးစကားဆိုနေကြတယ်။ တစ်ယောက်က သူမလက်ကလေးတွေကို ဆုပ်ကိုင်လို့ . . . တစ်ယောက်က ခေါင်းကိုပွတ်သပ်လို့ရယ်။ တစ်ယောက်က . . . တစ်ယောက်က . . . ဒါပေမဲ့ သူမကတော့ ကုတင်ပေါ်က ဆင်းဖို့အတင်းရုန်းနေတယ်။ စိတ်လှုပ်ရှားလွန်းအားကြီးနေတော့ နှလုံးခုန်နှုန်းပြစက်အတွင်းမှာ လှိုင်းအလျားတွေ အရှိန်အဟုန်ဖြင့် ခုန်ပေါက်ပြေးလွှားနေကြတယ်။ ခဏကြာတော့ ဆရာဝန်ကြီး အခန်းတွင်း ဝင်လာတယ်။ လူကြီးက ငိုသံအက်အက်နှင့်

'ဆရာရယ် . . . ကျွန်တော့်သမီးလေးကို ကယ်ပါဦး . . . ကယ်ပါဦး ဆရာရယ်'

မိန်းကလေးကို စမ်းသပ်နေရင်း ဆရာဝန်ကြီး မျက်နှာထက်မှာ



အပြုံး ရိပ်သန်းလာပြီး

'ဟာ. . . ကိုစိုးလတ် . . . ဒါဝမ်းသာစရာဗျ . . . ဝမ်းသာစရာ . . . ခင်ဗျားသမီး အခြေအနေ ပြန်ကောင်းလာနေပြီ . . . သူ့ဆန္ဒကိုသာ အမြန်ဆုံးဖြည့်ဆည်းပေးလိုက်ပါတော့ဗျာ'

ဒရစ်ပ်ပိုက်တွေဖြုတ်ပြီး သူမကုန်းရုန်းထဖို့ကြိုးစားပေမဲ့ အားအင်မရှိတဲ့အတွက် အိပ်ယာပေါ် ပြန်လဲကျသွားတယ်။ ဘေးကလူတွေရဲ့ အထောက်အမှီ၊ အကူအတွဲတွေနဲ့ သူမကုတင်ပေါ်က ဆင်းလိုက်ပြီး တစ်လှမ်းချင်းရှေ့သို့ လျှောက်သွားနေတယ်။ ဆေးရုံပြင်ပမှာ ထိုးရပ်လာတဲ့ အဖြူရောင်ဝင်းနေသည့် ကားတစ်စီးရဲ့ နောက်တံခါးကို လူတစ်ယောက်က ဆွဲဖွင့်ပေးလိုက်တယ်။ သူမဒယိမ်းဒယိုင်ဖြစ်နေတဲ့ ခြေလှမ်းတွေကိုသုတ်ချေတင်ပြီး ကားထဲဝင်ထိုင်လိုက်ပါတယ်။

မိုးဖွဲတွေကျလာပြီး မိုးလေတွေ ညိမ့်ညိမ့်ညောင်းညောင်းတိုက်ခိုက်လာပြီ။ မိုးတိမ်တွေ ညွှန့်ဝေစုရုံးလာပြီး ညို့မှောင်လို့လာတယ်။ မြေပြင်ရှိ စိုစိစိသစ်ရွက်ခြောက်တွေနဲ့ အမှိုက်သရိုက် အစအနတွေ လေတစ်ချက်အဝှေ့မှာ လေဟာနယ်ထဲ ဝေ့ဝဲပျံသန်းနေကြတယ်။ ကားနောက်ခန်းမှာ သူမ လူကြီးကိုအမှီပြုလျက်သား လိုက်ပါလာပြီး ရှေ့ခန်းမှာ ကားမောင်းသူလူငယ်နဲ့ ဘေးတွင်နောက်လူငယ်တစ်ယောက်။ ကားဖြူလေးကတော့ တဖြည်းဖြည်းသဲစပြုလာနေပြီဖြစ်တဲ့ မိုးပေါက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ထိုးခွဲရင်းတရှိန်ထိုးပြေးလေပြီ။ မိုးတွေအုံ့မှိုင်းနေတဲ့အတွက် လမ်းသွယ်လေးတွေထဲ ကွေ့ကာဝိုက်ကာ တစ်လမ်းဝင် တစ်လမ်းထွက် ဖြတ်မောင်းလာနေတာ အမှောင်စွက်လျက် ရှိနေတယ်။ ကားမီးလုံးနှစ်လုံးမှာ ဖတ်ကနဲလင်းလာပြီး မှန်သုတ်တံ ဝိုက်ပါတွေ တလှုပ်လှုပ်လှုပ်ရှားလာတယ်။ တဖြည်းဖြည်းနဲ့ကားလေးမှာ မြို့နဲ့ ဝေးကွာလာရင်း မြို့စွန်ဘက်ကိုတောင် ရောက်ရှိလို့လာပြီ။ လမ်းချိုး တစ်ခုကို ချိုးကွေ့ဝင်လိုက်ပြီး ဝတ်ကျောင်းအိုကြီးတစ်ဆောင်ရှေ့ ရောက်တော့ ကားလေးအိခနဲထိုးရပ်သွားတယ်။ ကားတံခါးအတင်း ဆောင့်ဖွင့်ပြီး သူမယိုင်နဲ့နဲ့ဖြစ်လျက်နဲ့ပဲ ပြေးထွက်သွားတယ်။ ဘေးမှ လူကြီးပင်တားဆီးချိန်မရလိုက်။ အားအင်မရှိတဲ့ ကိုယ်ခန္ဓာကို သူမ မနဲထိန်းကာ အားပြုရင်း ဝတ်ကျောင်းအိုကြီး၏ အဝင်ဝဆီ ရောက်သွားတယ်။ ဝတ်ကျောင်းအိုကြီးတစ်ခုလုံးမှာ ကြက်ခိုးစော်တွေ ညီစို့စို့အနံ့ထွက်နေပြီး မျက်နှာကျက်တွေမှာ ဝါကျင့်ကျင့်ဖြစ်နေပြီ။ ကြည့်ရတာနှစ်အတော်ကြာက ဝတ်ကျောင်းအိုကြီး ဖြစ်မည်။ သိုးငယ်ကို တယုတယ ပွေ့ပိုက်ထားတဲ့ အဘဘုရားသခင် ပုံတော်မှာပင် ဖုန်တွေနဲ့ကြက်ခိုးတွေ ညိယှက်နေတယ်။ ဘုရားစင်ကြီးပေါ်တွင် ယိုင်လဲနေတဲ့ ကြေးသွန်းပန်းအိုးတွေ၊ ခြောက်သွေ့နေပြီဖြစ်တဲ့ ပန်းခြောက်တွေ၊ ဟိုတစ ဒီတစကြဲပြန့်နေတဲ့ ရောင်စုံဖယောင်းတိုင် အစအနတွေနဲ့ ဖယောင်းစက်တွေ။ သူမ



ခန်းဝကနေ ဝတ်ကျောင်းခန်းမကြီး တစ်ခန်းလုံးကို ဖြုံကြည့်နေရင်းက ဘယ်ဘက်ထောင့်စွန်း ဖုန်အလိပ်လိပ်တက်နေတဲ့ ခုံတန်းရှည်လေးတစ်ခုမှာ လူငယ်တစ်ယောက် ခေါင်းငိုက်စိုက်ချလျက် လက်နှစ်ဖက်ယှက်ထားရင်း ထိုင်နေတာကိုမြင်လိုက်ရတယ်။ ကောင်လေးမျက်ကွင်းတွေ ညိုညစ်နေပြီး ခုံတန်းပေါ်မှာ မျက်ရည်စတွေ ဖုန်နဲ့ရောပြီး စိုထိုင်းထိုင်းဖြစ်လို့နေတယ်။ သူမကိုယ်ကို မနည်းထိန်းကာ တစ်လှမ်းချင်းရှေ့သို့ တိုးလှမ်းသွားနေရတယ်။ လျှောက်နေရင်း တစ်ချက်တစ်ချက် ရှေ့သို့ဟပ်ထိုးလဲကျတော့မလို။ ဘေးသို့ပဲ ယိုင်လဲခွေကျသွားတော့ မလိုလိုနဲ့။ ဘေးတစ်ဖက်တစ်ချက်ရှိ ခုံတန်းတွေကို အားယူကိုင်တွယ်ကာ အမှီအတွယ်ပြုရင်း ဖြတ်လျှောက်လာနေပြီ။ သူမရဲ့ သွယ်လှတဲ့ လက်တစ်ဖက်က ဘယ်ဘက်ရင်အုံကိုဖိထားပြီး ခပ်ပြင်းပြင်းအသက်ရှူလျက်ရှိတယ်။ နဖူးမှာ ချွေးသီးချွေးပေါက်တွေ ယိုစီးကျနေတယ်။ မိုးစွက်လေအေးတချက်အဝှေ့မှာ သူမရဲ့ ရွှေအိုရောင်ဆံနွယ်တွေ စိတ္တဇဆန်စွာမျောလွင့်သွားတယ်။

သူမ ကောင်လေးဘေးမှာ ငူငူကြီးရပ်လျက် စိုက်ကြည့်နေတယ်။ သူမလက်တစ်ဖက်က ဘယ်ဘက်ရင်အုံကို ဖိထားတုန်း။ အသက်ကိုလည်း မဝတဝပြင်းရှရှ ရှိုက်နေတုန်း။ သူမဖြည်းညင်းစွာ ကောင်လေးဘေးမှာထိုင်လိုက်ပြီး မျက်ဝန်းအကြည့်တွေက ကောင်လေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်ကနေ ဖယ်ခွာမသွား။ ပြီး . . . ကောင်လေးကို ကျောပြင်ကနေ သိုင်းဖက်ထားလိုက်ပြီး လက်နှစ်ဖက်ယှက်ထားတဲ့ ကောင်လေးလက်တွေပေါ်ကို သူမလက်ဖဝါးနုနုတွေနဲ့ အုပ်မိုးဆုပ်ကိုင်ထားလိုက်တယ်။ နောက် . . . . . ကောင်လေးကျောပြင်မှာ ခေါင်းအပ်လို့ မျက်လုံးတင်းတင်း မှိတ်လိုက်ချိန်မှာတော့ ယိုးစီးရန်တာဆူနေတဲ့ ပုလဲတွေခကုန်ပါတော့တယ်။

ကောင်လေး တဖြည်းဖြည်း မျက်လုံးမှိတ်ထားရာကနေ ပွင့်လာပြီး ခေါင်းမော့လာတယ်။ သူမ . . . ကောင်လေး ကျောပြင်မှာ အပ်ထိထားတဲ့ခေါင်းကို လေးပင်စွာခွာလိုက်ပြီး ကောင်လေးကို ရွှန်းရွှန်းစားစားကြည့်ကာ ငိုရှိုက်ပြန်ပါတယ်။ ကောင်လေးကတော့ သူမကို သူရှူးတစ်ယောက် ပိုင်ဆိုင်ထားတဲ့ မျက်လုံးတွေနဲ့သာ အတန်ကြာတဲ့အထိ စိုက်ကြည့်နေတယ်။ ပြီးတော့မှ ကောင်လေး အကြည့်ပြန်ခွာကာ အဘဘုရားသခင်ပုံတော်ကို ကြည့်ရင်း တဖြည်းဖြည်း ခေါင်းငုံ့ဆင်းသွားပြန်တယ်။ သူမတိုးညင်းစွာ ငိုရှိုက်လျက်ကပဲ ကောင်လေးကျောပြင်မှာ ပါးပြင်ထိအပ်သိုင်းဖက်ထားမိပြန်တယ်။

'ဩော် . . . သားနဲ့သမီးတောင်ဆုံဖြစ်ကြပြီကိုး . . . အေးလေ ဆုံဆည်းရခြင်း၊ ဝေးကွာရခြင်းတွေကလည်း ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲပေါ့'



ပထမတော့ သူမဘာ့မှမထူးခြားသလို အသံလာရာသို့ တဖြည်းဖြည်းချင်း မော့ကြည့်တယ်။ ပြီး . . . စိတ်လှုပ်ရှားထိပ်ပြာလျက် ငေါက်ခနဲ ထရပ်လိုက်ကာ . . . . .

'ဖာသာ . . . ဖာသာ . . . အချိန်မရှိတော့ဘူး . . . (၁၂)နာရီ ထိုးတော့မယ် . . . သမီးတို့နှစ်ယောက်ကို ကယ်ပါ . . . ဖာသာရယ် . . . သူတော်စင်ကြီး သစ္စာပြုတိုင်တည်ခဲ့တာဘာလဲ။ သမီးတို့လည်း သစ္စာဆိုမယ်လေ။ စိန့်တောင် ဒီသစ္စာစကားတော်ကြောင့် လွတ်မြောက်ခဲ့သေးတာဆို . . .။ ဖာသာပဲ သမီးကိုပြောခဲ့တယ်လေ'

သင်းအုပ်ဆရာတော်ကြီးရှေ့ ဒူးနှစ်ဖက်ထောက်ကာ လက်အုပ်လေးချီလျက် သူမရင်ကွဲလုမတတ် မြည်တမ်းတောင်းဆိုနေလေရဲ့။ သူမ ရှိုက်ကြီးတငင် ငိုကြွေးလျက်

'ခုဆို . . . သမီးတို့နှစ်ယောက်က တစ်နေ့တည်းမွေးပြီး တစ်နေ့တည်းသေကြရမဲ့ အဖြစ်ဆိုးကိုကြုံရတော့မှာပေါ့ . . . ဟုတ်လား . . . ဖာသာ . . . သမီး ကိုသစ်ကို ချစ်နေခွင့်လေးတောင် မရှိတော့ဘူးလား . . . သူ့ကို သမီးဘာမှမပေးဆပ်ရသေးဘူး . . . သူ့ကို သမီးရင်ခွင်ထဲမှာထားပြီး အားလုံးကိုငြိမ်းချမ်းစေချင်သေးတယ် . . . ဖာသာ . . . ပြောပါဦး . . . ဖာသာရယ်'

သူမသင်းအုပ်ဆရာတော်ရဲ့ လက်နှစ်ဖက်ကို လှုပ်ခါရမ်းရင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိက်ကြီးတငင် ငိုကြွေးနေပြန်တယ်။ တဖြည်းဖြည်း သင်းအုပ်ဆရာတော်ကို ဆုပ်ကိုင်ထားတဲ့ လက်နှစ်ဖက်ပြုတ် ဆင်းလာပြီး ခေါင်းငိုက်ကျသွားလေသည်။

**' For I Desire Steadfessness Love Not The Scrifice '**

ဆရာတော်ရဲ့နှုတ်ကနေ ရေရွတ်လိုက်တဲ့ အင်္ဂလိပ်ဝါကျတစ်ကြောင်းကြောင့် သူမဒူးထောက်ဦးညွှတ်ပြီး ရှိုက်ငိုနေရာကနေ တဖြည်းဖြည်းမော့လာတယ်။ သင်းအုပ်ဆရာတော်က သူမပုခုံးနှစ်ဖက်ကို တယုတယ ဆုပ်ကိုင်ရင်းထူပေးလိုက်တယ်။ ပြီး . . . သင်းအုပ်ဆရာတော်ရဲ့ နှုတ်ခမ်းထက်မှာ နှစ်လိုဖွယ်အပြုံးရိပ်တို့ သန်းလာတယ်။ နောက် . . . သူမနဲ့ ခုံတန်းတွေကြားမှာ အဘဘုရားသခင်ပုံတော်ကိုပဲ ရီဝေလို့က်ဖို့စွာရှုစားနေတဲ့ ကောင်လေးကို တလှည့်စီကြည့်ပြီး ရှေ့သို့လျှောက်သွားရင်း သင်းအုပ်ဆရာတော် အလေးအနက်စကားဆိုတယ်။

'အဲဒီလောက်လည်း ကြေကွဲမနေပါနဲ့ သမီးရယ် . . . သမီးတို့ ဘာမှဖြစ်မှာမဟုတ်တော့ပါဘူး'

'ရှင်'

'ဘယ်လို . . . ဖာသာ'

သူမ အံ့ဩထိတ်ပြာလျက် ဆရာတော်ကို ငေးကြည့်မိနေတယ်။ သင်းအုပ်ဆရာတော် လက်နှစ်ဖက်နောက်ပစ်ကာ လျှောက်သွား



ရင်းကပဲ စကားဆက်တယ်။

'ဟုတ်တယ် . . . သမီးဟေမာန်နဲ့ သားနိုင်သစ္စာတို့ ဘာမှမဖြစ်တော့ပါဘူး . . . သူတော်စင်ကြီးရဲ့ သစ္စာစကားတော်ဆိုတာ ခုန ဖာသာရွတ်ပြခဲ့တဲ့ ဝါကျလေးပါပဲ'

'For I Desire Steadfessness Love Not The Sacrifice'

'ငါတို့သည် ချစ်မေတ္တာသစ္စာတရားကိုသာလိုလားပြီး စတေးခံခြင်းကိုကား မလိုလားကြ'

သင်းအုပ်ဆရာတော် ရွတ်ပြခဲ့ပြီးသည့် အင်္ဂလိပ်ဝါကျကိုပင် တလုံးချင်း ဖြည်းဖြည်းမှန်မှန် ပြန်လည်ရွတ်ပြပြီး

'အဲဒီသစ္စာစကားတော်ကတိုပေမဲ့ အဓိပ္ပါယ်လေးနက်မှု အရမ်းနက်ရှိုင်းတယ် သမီး'

သင်းအုပ်ဆရာတော် သူမကို တချက်လှည့်ကြည့်ကာပြုံးရင်း

'တကယ်တော့ စိန့်နဲ့ သူတော်စင်ကြီးက Master Plan တစ်ခုကို တိုးတိုးတိတ်တိတ်စီစဉ်ပြီး တပည့်လူငယ်တွေ အကုန်လုံးကို ဖြူစင်လာအောင် ချေးချွတ်ယူခဲ့ကြတာ။ ဘာဖြစ်လို့လဲဆိုတော့ စေတန် ကျင့်နေတာတွေက လူတွေကိုအကျိုးမပြုတဲ့ ဆိုးကျိုးပေးမဲ့ ကျင့်စဉ်လေ။ သူက အဲဒီကျင့်စဉ်ကို ဟုတ်လှပြီထင်နေတာ' သင်းအုပ်ဆရာတော် သက်ပြင်းဖွဲ့ဖွဲ့ချလိုက်သည် ထင်တယ်။

'လူမှာ တန်ခိုးအရှိဆုံးက စိတ်ပဲသမီးရဲ့။ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို တန်ခိုးထွားလာအောင် လုပ်ပေးနိုင်တာ ကိုယ်ရဲ့ပြင်ပမှာ မရှိဘဲ အတွင်းထဲမှာပဲရှိတဲ့ စိတ်ပေါ့။ လူတစ်ယောက်ရဲ့ အာရုံစီးကြောင်းတွေက တစ်ဖက်တည်းကို အပြင်းအထန်အရှိန်အဟုန်နဲ့ စီးဆင်းသွားပြီဆိုရင် လောကမှာဘယ်အရာမှ တားလို့ဆီးလို့မရတော့ဘူး။ အဲဒီတော့ ကျန်တဲ့တပည့် လူငယ်တွေကိုလည်း လက်တွေ့သင်ခန်းစာပေးချင်၊ ပြောင်းလဲလာအောင်လည်း ပြုပေးချင်တာနဲ့ ယုတ္တိရှိရှိ Plan တစ်ခုဆွဲခဲ့ကြတာ။ သူတော်စင်ကြီး အခန်းထဲအောင်းသွားပြီး ပြန်ထွက်လာတော့ သစ္စာစကားတော် ရရှိလာတယ်ဆိုပြီး တပည့်လူငယ်တွေကိုပါ တိုင်တည်သစ္စာဆိုစေတယ်။ လူငယ်တွေရဲ့ စိတ်ထဲမှာ 'တကယ်တမ်းအရာတိုင်းကို အောင်မြင်နိုင်တာ၊ ငြိမ်သက်စေနိုင်တာ၊ ငြိမ်းချမ်းသိမ်မွေ့စေနိုင်တာ ချစ်မေတ္တာသာဖြစ်ပြီး အမုန်းတရားရောယှက်တဲ့ Bad Sense တွေမဟုတ်ကြောင်း လူငယ်တွေရဲ့ စိတ်မှာစွဲကျန်ရစ်အောင် လက်တွေ့သက်သေပြလိုက်တာပဲ။ စေတန်ရဲ့ ကျိန်စာကိုတောင် တွန်းလှန်ပစ်နိုင်တဲ့ သစ္စာစကားတော်မှာပါတဲ့ စာသားအနက်သဘောတစ်ခုလုံးက Stedfessness Love ဆိုတဲ့ စကားလုံးတစ်ခုတည်းနဲ့ချုပ်ထားတယ်။ နောက်မှာက Sacrifice။ အဲဒီတော့ သမီးရယ် . . . ဆိုလိုတာက ဘယ်လို Sacrifice ပဲဖြစ်စေ ရိုးရိုး Love မဟုတ်ဘဲ Steadfessness Loveလို့ခေါ်တဲ့ သံမဏိလို မြဲမြံခိုင်ကြည်တဲ့ အချစ်နဲ့တွေ့ရင်လွှမ်းမိုးခံရပြီး ချေဖျက်လွှင့်ပြယ်



ပစ်ခံလိုက်ရတာချည့်ပဲ။ Sacrificeဆိုတာ ယဇ်ပူဇော်ခြင်းကို ခေါ်ဆိုပြီး အနိဋ္ဌာရုံလွှမ်းရုံနေတဲ့ အရာအားလုံးအကြုံးဝင်တယ်။

အဲဒီတော့ စေတန်က Sacrificeဆိုတဲ့ ကဝေဆန်ဆန် စိတ်ယုတ်တွေနဲ့ ယှက်ပြီး နှောင်ဖွဲ့တတ်တဲ့လူစား။ စိန့်ကကျတော့ Steadfessness Love အပိုင်းပေါ်မှာ ခြေကုပ်ယူရပ်တည်တဲ့လူ။ လူငယ်တွေအားလုံးလည်း 'တကယ်တော့ ဆိုးညစ်တဲ့အဖျက်အင်အားစု စိတ်အကုန်လုံးကို အောင်နိုင်တာ အားပြင်းတဲ့မြဲမြံခိုင်ကြည်တဲ့ အချစ်ဓာတ်ပဲ' ဆိုတာသိသွားကြတယ်။ အဲဒီလိုသိအောင်လို့လည်း သူတော်စင်ကြီးကို စိန့်ကပဲ အကြံပေးတိုင်ပင်ပြီး Master Plan ကို ချခဲ့တာ'

ထိုအခါမှ သူမသဘောပေါက်သွားဟန်ဖြင့်

'သြော် . . . ဒါကြောင့် စိန့်ဟာ အဲဒီလောက်ကို မတုန်မလှုပ် တည်တည်ငြိမ်ငြိမ် နေနိုင်ခဲ့တာကိုး'

'ဒါပေါ့ သမီးရဲ့ . . . စိန့်က သူကောင်းအကျင့်ကို ကျင့်ရင်း တစ်ဖက်ကမ်းကပ် အောင်မြင်ပေါက်မြောက်ထားတဲ့ သူတော်စင်လေ။ စိန့်ရဲ့ စိတ်ဝိညာဉ်ဟာ မြင့်မြတ်သန့်စင်တယ်။ တစ်ခုတော့ သမီးမှတ်ထား . . . တည်ငြိမ်ခြင်းနဲ့ မြင့်မြတ်သန့်စင်ခြင်းဆိုတဲ့ အရည်အသွေးနှစ်မျိုး ပေါင်းစုကိန်းဝပ်နေတဲ့ စိတ်ဝိညာဉ်မှာပဲ အားအင်ရှိတယ်။ ဆိုးညစ်ပြီး အဖျက်စိတ်အားအင်စုတွေနဲ့ ယှဉ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝိညာဉ်မှာ ဘာအားမှမရှိဘူး။'

သူမခေါင်းတဆက်ဆက်ညိတ်လျက်ပဲရှိတယ်။ ဘယ်လိုမှ တန်ဖိုးဖြတ်မရတဲ့ သစ္စာစကားတစ်ခွန်းကို ဆရာတော်ဆိုပြီ။ နောက်နောင် သင်းအုပ်ဆရာတော် ထိုစကားကို ဘယ်သူ့ကိုမှ မပြောဖြစ်တော့။

'တကယ်တွေးကြည့်ရင် ..... သမီးရယ် ..... လောကမှာ အမုန်းတရားဆိုတာ တကယ်မှမရှိတာ။ အချစ်မရှိခင် ခဏနေရာဝင်ယူတာကို အမုန်းလို့ခေါင်းစဉ်တပ်လိုက်ကြတာ။ တကယ့်အရှိတရားက အချစ်ပဲ။ အမုန်းဆိုတာ နတ္ထိတရား။ ဆိုလိုတာက သမီးရယ် ..... လူမှာရှိသမျှ စိတ်စွမ်းအင်တွေကို ပရမ်းပတာ၊ စည်းလွတ်ဝါးလွတ်မဟုတ်ဘဲ စုစည်းပြီး သင့်တော်တဲ့အချိန်အခါနဲ့ နေရာကိုလိုက်ပြီး သုံးတတ်မှ လူကတဖြည်းဖြည်း အဆင့်မြင့်တဲ့လူရယ်လို့ ဖြစ်လာတာ။ အဲဒီလိုမှ နေရာဒေသနဲ့ အချိန်အခါကို လိုက်ပြီး အသင့်အတင့်နှလုံးမသွင်းတတ်ရင် အချစ်ကအသွင်ပြောင်းပြီး အမုန်းဖြစ်ချင်ဖြစ်သွားနိုင်တယ်။

သမီးနားလည်အောင် ဥပမာပြရရင် ..... အမှောင်ကို ကြည့်စမ်းသမီး။ အမှောင်ဆိုတာ တကယ်တော့ မရှိဘူး။ နတ္ထိတရား အလင်းရောင် ခဏမရှိခိုက် နေရာဝင်ယူတာကို ဖာသာတို့က အမှောင်လို့အမည်ပေးလိုက်ကြတာ။ ဒါကြောင့် သမီးကြည့်လေ ..... အမှောင်လွှမ်းတာမဟုတ်ဘဲ နေမင်းခဏ ခွာပေးရလို့



အမှောင်ဖြစ်တည်လာတာ။ မှောင်နေတဲ့တစ်နေရာ ချောင်ကလေးကို မီးထိုးကြည့်လိုက်။ အဲဒီအမှောင် ဘယ်ရောက်သွားလဲ။ မရှိတော့ဘူး။

အလင်းက အမှောင်ကို ထိုးခွဲပစ်နိုင်စွမ်းတယ်။ ဘယ်လောက်မှိန်ပျတဲ့အလင်းပဲဖြစ်ပါစေ။ အမှောင်ကို မောင်းနှင်ထုတ်နိုင်စွမ်းတယ်။ အဲဒီပမာတွေအတိုင်းပဲပေါ့ သမီးရယ်။ မကောင်းဆိုးဝါး (စေတန်)ရဲ့ ကျိန်စာက စိန့်ကိုဘယ်လိုလုပ် ထိခိုက်စေနိုင်မှာတဲ့လဲ။ စိန့်က စေတန်ရဲ့ကျိန်စာ သူ့ကို မသက်ရောက်နိုင်ဘူးဆိုတာ လုံးဝယုံကြည်နေတယ်။ အဓိက အရေးကြီးဆုံးက ယုံကြည်ချက်ပဲသမီး ..... Believe (ယုံကြည်မှု)ပဲပြောပြော ..... Confidence (ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်မှု) လို့ပဲဆိုဆို လူတစ်ယောက်ရဲ့ Confidence နဲ့ Believeက သူ့ကံကြမ္မာကိုဖန်တီးတယ်။

ကိစ္စတစ်ခုဟာ မုချဖြစ်လာလိမ့်မယ်လို့ ယုံကြည်မှုပြင်းထန်နေရင် မယုံမရှိနဲ့ သမီး ..... တကယ်ကို ဖြစ်လာတယ်။ ကိုယ့်ကိုယ်ကို ဘယ်နေ့ဘယ်ရက်မှာ သေမယ်လို့ မုချယုံကြည်နေတဲ့လူဟာအဲဒီနေ့မှာ တကယ်သေပွဲဝင်သွားရအောင် သူ့ယုံကြည်မှုက သူ့ကိုပြန်သတ်တယ်။ ဘာရောဂါမှမရှိဘဲ အကောင်းပကတိဖြစ်နေရင်တောင် သူ့ရဲ့ပြင်းထန်တဲ့ ယုံကြည်ချက်ကြောင့် သူ့ကိုယ်ထဲမှာ သေစေနိုင်တဲ့ဓာတ်တွေ အလိုလိုဖြစ်တည်ပေါက်ဖွားလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိန့်က အလင်းရောင်လေ။ စေတန်က အမှောင်။ အမှောင်က အလင်းကိုဘယ်နည်းနဲ့မှ မလွှမ်းမိုးနိုင်ပါဘူး။ အလင်းက အမှောင်ကို ထိုးခွဲပစ်နိုင်စွမ်းပဲရှိတာ။ လမင်းကို ကြည့်စမ်း . . . သမီး . . . ။ တခဲနက် မှောင်တဲ့ညမှာမှ လမင်းကပိုပြည့်ပြီး သူ့မှာရှိသမျှ အစွမ်းကုန်လင်းပြတော့ ဘယ်မှာလဲအမှောင်ဆိုတာ။ တကယ်တော့ အမှောင်ည အပါအဝင် Bad Side မှာရှိသမျှအားလုံး နေမင်း၊ လမင်းနဲ့ Good Side မှာရှိသမျှ အားလုံးဖယ်ခွာပေးရတဲ့ အခိုက်အတန့်လေးမှာ ဒီကောင်တွေ ကြီးစိုးခွင့်ရနေတာပါပဲ '

' ဒါဆို . . . . . သမီးက ဘာလို့ ခုလိုဖြစ်ရတာလဲ '

သင်းအုပ်ဆရာတော် စကားရှည်ကြီးအဆုံးမှာ အဝေးတစ်နေရာသို့ မျှော်ငေးကြည့်ရင်း သူမမေးခွန်းကို သက်ပြင်းတစ်ချက်ချလျှက်

' တကယ်ဆို . . . . . သမီးရယ် . . . . . ဖာသာသမီးကို . . . . . ငယ်ငယ်တုန်းက စာသင်ပေးရင်း စိန့်နဲ့ သူတော်စင်ကြီး အကြောင်းကို အဆုံးထိပြောခဲ့ဖို့ကောင်းတာ . . . . . သမီးကို အခန်းဆက်အနေနဲ့ နေ့စဉ်စာသင်ပြီးတိုင်း ပြောပြနေရင်း သမီးတို့က အခြားတနေရာကို ပြောင်းသွားခဲ့လို့ မပြောပြဖြစ်တော့တာပါ '

သူမ မျက်မှောင်ခပ်ရေးရေးလေးကုပ်ပြီး

' သမီးနားလည်ဘူး . . . . . ဖာသာ '

' ဒီလိုလေ . . . . . သမီးရဲ့ . . . . . Friday 12 August က



သမီးမွေးနေ့မှတ်လား '

' ဟုတ်တယ်လေ . . . . . ဖာသာ '

' အင်းပေါ့ . . . . . Friday 12 August 12:00 am မှာ စိန့် သေတယ်လို့ သမီးက တစ်ထစ်ချစွဲစွဲမြဲမြဲ ယုံကြည်နေခဲ့တော့ သမီးရဲ့ အဲဒီ ထင်ယောင်ထင်မှား ယုံကြည်မှုကပဲ သမီးကို ခုလို အိပ်ယာထဲ လဲရတဲ့ အခြေအနေထိ ဖန်တီးပစ်လိုက်တာပေါ့'

သူမ ခုံတန်းရှည် တစ်ခုမှာဝင်ထိုင်ကာ သင်းအုပ်ဆရာတော် ပြောသောစကားတွေကို အလေးအနက် အာရုံစူးစိုက်နားထောင်နေတယ်။ သင်းအုပ်ဆရာတော်က စကားကိုပြန်ဆက်တယ်။

' လူဟာ အပြုသဘောများများတွေးပြီး ချစ်မေတ္တာတရားတွေကိုပဲ ရင်ထဲမှာအပြည့်အသိပ်ထည့်လိုက်မယ်ဆိုရင် သူ့ဦးနှောက်ကနေ အယ်လ်ဖာရေးစ် ($\alpha$ rays) လို့ခေါ်တဲ့ အဆင့်မြင့် ဉာဏ်ရည်ဉာဏ်သွေးတွေ ထွက်တယ်သမီးရဲ့။ ဒိတ်ဒိတ်ကျဲ သိပ္ပံပညာရှင်ကြီးတွေ အတွေးအခေါ် ဒဿနဆရာတွေရဲ့ စိတ်နေစိတ်ထားဟာ အပြုသဘောဘက်မှာပဲ ရှိကြတယ်လေ။'

*'ဒါဆိုရင် . . . . . စိန့်ကတကယ်မသေဘူးပေါ့။ သူတော်စင်ကြီးကရော . . . . . လူငယ်တွေရော . . . . . သစ္စာစကားတော်ရော . . . . . ပြီးတော့ကိုသစ် . . . . . ဟုတ်တယ်။ ကိုသစ်ရော . . . . . ဘယ်လိုတွေ ရှေ့ဆက်ခဲ့ကြသလဲ။*

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတဲ့အထိ သင်းအုပ်ဆရာတော် ရှေ့သို့ စူးစိုက်ကြည့်နေမိတယ်။ ပြီးနောက် သူမကို စိတ်ပညာဆိုင်ရာ Auto Suggestion အကြောင်းပြောပြတယ်။ သူမကလည်း မေးခွန်းတွေထုတ်ရင်း အချိန်တွေတရွေ့ရွေ့ ကုန်ဆုံးလာတော့တယ်။ ပတ်ဝန်းကျင်ကို လုံးဝသတိမပြုမိကြတော့။ ထိုစဉ် ဝတ်ကျောင်းတော်ကြီးအတွင်း နာရီစင်မှခေါင်းလောင်းသံ ၁၂ချက်တီးလေပြီ။ ဒီအခါမှာတော့ သူမ ရွှင်မြူးလျက်ကပင် ထိုဘဲလ်သံ ၁၂ ချက် ပြည့်သည်အထိ ရေတွက်နေမိတယ်။

'ဝမ်း . . . . . တူး . . . . . သရီး . . . . . ဖော် . . . . .'

ပြီး . . . . . ၁၂ ချက်ပြည့်တော့ ကလေးတစ်ယောက်လို 'ဟေး' ဆိုပြီး ထအော်လိုက်သေးတယ်။ အပြင်မှာ ရပ်စောင့်ကျန်ရစ်နေခဲ့တဲ့ လူကြီးနဲ့ လူငယ်နှစ်ယောက်မှာလည်း ဝတ်ကျောင်းအိုကြီးရဲ့ နောက်ဆုံးတန်း ချောင်ကျသော ခုံတန်းတဖက်တချက်မှာ ဆိတ်ဆိတ်လေးနေရာယူခဲ့ကြပြီး သူမနဲ့သင်းအုပ်ဆရာတော်ရဲ့ ပြောနေတဲ့စကားတွေကိုပဲ အာရုံစူးစိုက်နားထောင် နေခဲ့ကြတယ်။ သူမရဲ့ 'ဟေး'ခနဲ အော်သံနဲ့ အတူလူကြီးနဲ့ ထိုလူငယ်နှစ်ယောက်မှာ မတ်တပ်ရပ်ပြီး ရယ်မောရင်း မျက်ရည်စက်လက်ကျလျက် (မျက်ရည်စက်လက်ကျရင်း ရယ်မောလျက်) လက်ခုပ်တွေတောင် တီးပေးလိုက်ကြပါတယ်။ အတန်ကြာတဲ့အထိ သူမပျော်ရွှင်မြူးထူးနေလေတယ်။



ရုတ်တရက် တစုံတစ်ခုကို သတိရသွားပြီး ဘေးဘီဝဲယာသို့ ပတ်ချာလည်လိုက်ကြည့်တော့ ကောင်လေးမရှိတော့။ သူမထူပူသွားသည်။ ရင်ထဲမှာလည်း တလှပ်လှပ်တုန်ခါနေပြီး လှိုင်းတံပိုးထန်လာသည်။ ထိုအခိုက် လူလတ်ပိုင်းနှစ်ယောက် ဝတ်ကျောင်းအိုကြီးထဲဝင်လာကာ

'ကိုမင်းထင် . . . . . ကိုဌေးလွင်'

သူမ လူလတ်နှစ်ယောက်ကို ခေါ်လိုက်တယ်။ ထိုလူလတ်နှစ်ယောက်မျက်နှာမှာ ဝမ်းနည်းကြေကွဲရိပ်သန်းနေပြီး ခေါင်းငိုက်စိုက်လျက် စာအိတ်တစ်အိတ်ကမ်းပေးတယ်။ သူမစာအိတ်ကို ဆတ်ခနဲဆွဲယူပြီး ကမန်းကတန်းဖောက်ကြည့်လိုက်တော့ . . . . .။

အထဲမှာ စာတစ်စောင် . . . . .

စာထဲမှာ . . . . .

**ဝါ့ထိုထူထယ်ဝါ**

**ဝါ့ထိုထယ်တယ်လို့ ထဓထာဓထားထဲထယ်ဝါ**

**ဝါ့ထို နဝ့်ရဲ့အဖြူထဲထအဖြူနဲ့.ဖြန်းဝယ်လှည့်ဝါ**

**ဝါ့ထို နဝ့်ရဲ့အဖြူနဲ့ ဓထွးဓဗွ့လိုယ်စမ်းဝါ**

**ဝါ ... နဝ်ရဲ့ ဓချယ်ထုဉ်းဓတာ့ဓယ့် အချစ်နဲ့မှ**

**အထယ်ထယ်နိုဝ်မှာရှိလို့ဝါ။**

www.burmeseclassic.com

www.burmeseclassic.com

## Chapter (X)

၏

### လျှို့ဝှက်တံခါး

သိချင်လိုက်တာ . . . . . . . . . . . . . . .

. . . . . . . . . . . . . . . အထဲမှာ . . . . . . . .

. . . . . . . . . . . . . . . ဘာတွေရှိမလဲ . . . . . . . . . .



အဲဒီလိုနဲ့ သူတော်စင်ကြီးဟာ နေ့နေ့ညည အရာရာကိုမေ့လျော့ ဖျောက်ဖျက်ပြီး အခန်းကြီးထဲမှာ စိန့်ကိုစွဖြေရှင်းပေးဖို့ အာရုံငါးပါး အလွန်အဖြေထွက်ရာဌာနမှာ အဖြေသွားထုတ်နေတော့တယ်။ လေးရက်မြောက်တဲ့နေ့ . . . . . Friday 12 August ကို ရောက်တော့ . . . . . စိန့်ဟာ . . . . .

ကျွန်တော်သက်ပြင်းတစ်ချက်ချကာ ရှေ့တူရူသို့စိုက်ကြည့်နေစဉ် ဒွေးလွင်က

'ဒါဆို စိန့် နောက်ဆုံး ကျိန်စာသင့်ခဲ့တာပေါ့'

ကျွန်တော်ခေါင်းကို လေးလံဖြည်းညှင်းစွာ ခါလိုက်မိပါတယ်။

'အင်း . . . . . အဲဒီလိုနဲ့ နောက်ဆုံးမှာအခန်းအောင်း နေရာကနေ သူတော်စင်ကြီး . . . . . ရွှင်ပြုံးပြီး ပြန်ထွက်လာခဲ့တယ်။ တပည့်တပန်းတွေအားလုံးလည်း အံ့ဩနေတာ။ တပည့်အကုန်လုံးကို ချက်ချင်းစုရုံးစေပြီး အခန်းအောင်းသွားတဲ့ ရက်ပိုင်းအတွင်းမှာ သစ္စာစကားတော် ရရှိလာခဲ့ပြီဖြစ်ကြောင်း ကြေညာလိုက်တယ်။ အဲဒီသစ္စာစကားတော်ဟာ စိန့်ကို စေတန်ရဲ့ကျိန်စာကနေ ကယ်နိုင်တယ်လို့ ပြောလိုက်တဲ့အခါမှာတော့ တပည့်အားလုံးရဲ့ မျက်နှာတွေ သိသိသာသာ ပျက်ကုန်ကြတယ်။

ဒါနဲ့ပဲ သူတော်စင်ကြီး ကိုယ်တိုင်ဦးဆောင်ပြီး မျက်လုံးကို တင်းတင်းမှိတ် မိုးကောင်းကင်ကိုမော့ပြီး သစ္စာစကားတော်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုင်တည်ရွတ်ဆိုတယ်။ လူငယ်အားလုံးလည်း သူတော်စင်ကြီး ရှေ့ကတိုင်တည်ရွတ်ဆိုတဲ့အတိုင်း လိုက်ရွတ်ကြတယ်။

အားလုံးထဲမှာ စိန့်ရဲ့မျက်နှာကအထင်းသား။ ဘာမှမဖြစ်သလို ပကတိ ကြည်လင်နေတယ်။ ဒါကို သူတော်စင်ကြီးက ရိပ်မိသွားပြီး သူ့အခန်းထဲဆင့်ခေါ် လိုက်တယ်။ ပြီးတော့ 'သင့် . . . . . ကြည့်ရတာ ကြည်နူးဝမ်းသာပုံမပေါ်ဘူး။ တကယ်ဆို ဒါက သင့်အသက်နဲ့ဆိုင်တဲ့ အရေးအကြီးဆုံးကိစ္စပဲလေ' လို့ပြောတော့ စိန့်တချက် ပြုံးပြီး ဘာပြောတယ်မှတ်လဲ။

"ဧည့်သည်ဆိုတာ ရောက်လာပြီးရင် ပြန်သွားရခြင်းဆိုတဲ့ အငွေ့အသက်က နဂိုကပင်ပူးတွဲပါပြီးနေမှပဲ ဆရာတော်။ တပည့်တော် လည်း ဒါ့ကြောင့်ပဲဒီဧည့်ဂေဟာဆိုတဲ့ လောကကြီးပေါ်မှာ အစက တည်းက စိတ်မသွင်းခဲ့ပါဘူး။ တပည့်တော်အတွက် အဆန်းမဟုတ် ပါ။ လူတိုင်းတနေ့နေ့ တချိန်ချိန်မှာတော့ ဧည့်ဂေဟာကိုစွန့်ပြီး ပြန်ကြ ရမှာချည်းပါပဲ။ တနေ့နေ့ဆိုတာသာသိပြီး ဘယ်နေ့ရယ်လို့ အတိအကျမှ မသိတာ။ အဲတော့ ဆရာတော်ရယ်။ ကိုယ်လာခဲ့တဲ့နေ့မှာပဲ ပြန်ရတဲ့ လူလောက် ဒီဧည့်ရိပ်သာကြီးမှာ အမှတ်တရဖြစ်ကျန်ခဲ့စရာ ဘာများ ရှိဦးမှာလဲ'

သူတော်စင်ကြီး အတော်အံ့ဩတုန်လှုပ်သွားတယ်။ စိန့်ရဲ့ ခံယူချက်၊ သဘောထားဟာ အရမ်းကိုဆန်းကြယ်လွန်းနေတယ်။



သူတော်စင်ကြီးက ပိုပြီးကြည်နူးဝမ်းသာသွားတယ်။ သူလုပ်ခဲ့တာ မှန်တယ်လို့ယူဆမိလို့ပေါ့။ သူတော်စင်ကြီး ပြုံးရင်းခေါင်းတဆတ် ဆတ်ညိမ့်တယ်။ ပြီးတော့ . . . . . စိန့်ကိုကြည့်ပြီး

"ငါသင့်ကို ကယ်ခဲ့တာမှန်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ သင့်ရဲ့သဘောထား၊ ခံယူချက်၊ လောကပေါ်အမြင်စူးရှပုံတွေကို ငါနှစ်သက်တယ်။ ကြိုက်တယ်။ အဲဒီသဘောထား၊ လောကပေါ် မြင်တဲ့ရှုထောင့်၊ စိတ်ဓာတ်တွေကို နောင်မျိုးဆက်သစ်ဆီ အထိ ကူးစက်ပြန့်ပွားပေးဖို့ သင်အသက်ရှင်ရမယ်။ ရှင်ကို ရှင်ရမယ်ကွာ" ခဏကြာတော့ သူတော်စင်ကြီး စိန့်ရဲ့ ပုခုံးကိုခပ်တင်းတင်း ဆုပ်ကိုင်ပြီး စေ့စေ့ကြည့်လျက်

"ဒါကြောင့် ငါမှန်တယ်လို့ပြောတာ"

ဆိုပြီး စိန့်ကိုပြောတယ်။

ဒီလိုနဲ့တဖြည်းဖြည်း (အရှေ့ကမ္ဘာခြမ်းကလို့ ယူဆရတဲ့) လူငယ်တွေ အားလုံး(အနောက်ကမ္ဘာခြမ်းသားတွေပုံစံ) ပြောင်းလဲလာကြတော့ တယ်။ ငြိမ်သက်လာတယ်။ တည်ငြိမ်အေးဆေးလာကြတယ်။ ငြိမ်းချမ်းမှုကို ကိုယ်စီကိုယ်ငှ အမောတကောရှာကြတော့တယ်။ အရင်ကလို ဝန်တိုတာတွေ၊ မိစ္ဆာရိယစိတ်တွေနဲ့ အချိန်တိုတိုပဲနေရ မယ့် ဒီဧည့်ဂေဟာကြီးမှာ အချိန်ကိုမဖြုန်းဘဲ အကျိုးရှိအောင် လူသားအကျိုးပြုရင်း၊ တခုခု တွင်ကျန်ခဲ့အောင်ဆိုတဲ့ မြင့်မြတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထားတွေ ဝင်လာကြတော့တယ်။

ဒီလိုနဲ့ သူတော်စင်ကြီး ကွယ်လွန်အနိစ္စရောက်တော့ စိန့်က သူတော်စင်ကြီးနေရာမှာ ဆက်ခံအုပ်ချုပ်ကွပ်ကဲတယ်။ ဒါလည်း လူငယ်တွေအားလုံးကပဲဝိုင်းပြီး စိန့်ကိုအဲဒီနေရာတင်ခဲ့ကြတာ။ သူတို့ စိန့်ကို လေးစားကြည်ညိုလွန်းလို့တဲ့။

စိန့်လည်း အကျင့်တရားတွေအားထုတ်ပွားများ၊ လူငယ်တပည့်တွေကို သင်ကြားပဲ့ပြင်ပေးရင်း ကွယ်လွန်သွားတယ်။ (သူ့စကားနဲ့ပြောရရင် ဧည့်ဂေဟာကနေ ကိုယ့်အိမ်ကိုယ်ပြန်သွားတာ) သူတော်စင်ကြီးတည်ခဲ့တဲ့ ဒီအဖွဲ့အစည်းဟာ ဆထက်တပိုးရှေ့ကိုပဲ တိုးတက်သွားနေပြီး လူပြောင်းလူလဲတွေနဲ့ (စနစ်တကျ) အုပ်ချုပ်ကွပ်ကဲလာရင်း သိပ်မကြာခင် (          ) နှစ်လောက်ကမှ တိမ်ကောသွားခဲ့တာ"

'အင်း . . . . . ဒါကြောင့်လည်း ဟေမာန်က အချိန်မရွေး ကွယ်ပျောက်သွားနိုင်တဲ့ ရေခိုးရေငွေ့လေးလိုပဲ သူ့ကိုယ်သူသဘောထားပြီး None Expection of Reflecting Love Theory ကိုပဲ စွဲစွဲမြဲမြဲ ယုံကြည်တယ်။ ကိုယ်ကချည့်သက်သက် လူတွေကိုချစ်မေတ္တာပေးပြီး ဘာကိုမှလူတွေဆီက ပြန်မမျှော်လင့်ခဲ့တာကိုး'

ကျွန်တော်လေးပင်စွာ ခေါင်းကိုခါရမ်းပြီး သက်ပြင်းရှည်တစ်ချက်ချတယ်။ ပြီး . . . . .



'တစ်ခုခုတော့ မှားနေပြီ . . . . .'

'ဘာကိုလဲ နိုင်ကြီး'

'ဒီ စတိုရီရဲ့အဆုံးမှာ စိန့်မသေဘူးဆိုတာကို သူမသိလို့လား . . . . . ဒါမှမဟုတ် သစ္စာစကားတော်က 'ဘာ' ဆိုတာကို သူမ ဖော်ထုတ်နိုင်တဲ့အတွက် မျှော်လင့်ချက်မဲ့သွားတာလား . . . . . ကျွန်တော် ထင်တာမလွဲဘူးဆိုရင် ဟေမာန် ဒီစတိုရီရဲ့ဆိုက်ကို (Psycho)မိနေပြီ'

'ဟေ'

'ဘယ်လို'

အံ့သြထိတ်ပြာတဲ့ အာမေဋိတ်သံတွေကို မင်းထင်နဲ့ ဒွေးလွင်ဆီက ပွင့်အံကျလာတယ်။ ကိုမင်းထင်က

'စိန့်ရဲ့ ဇာတ်လမ်းက ဖြစ်ရပ်မှန်မဟုတ်ဘူးလား . . . . . စတိုရီ (ဒဏ္ဍာရီ)ပေါ့'

(ဒီမေးခွန်းကို ကျွန်တော်မဖြေတော့ဘူး။ ကျော်လိုက်မယ်။ ဖြစ်တယ်မှတ်လား)

'ပြီးတော့ ဟေမာန့်မွေးနေ့က Friday 12 August . . . . . သေချာတယ်'

ကျွန်တော့်စကားကိုပဲ သူတို့နှစ်ယောက် စူးစူးစိုက်စိုက်နားထောင်နေတာနဲ့ ကျွန်တော်လည်းထပ်ဆက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'တချို့ လူတွေမှာရှိတယ်။ တချို့ဆိုတာထက် တော်တော်များများပေါ့လေ။ ဒါလည်း စိတ်ကြောင့်ပဲဖြစ်ရတာ။ ဒဏ္ဍာရီပဲ ဖြစ်ဖြစ်၊ ဖြစ်ရပ်မှန်ပဲဖြစ်ဖြစ်၊ ကြားဖူးနားဝပဲဖြစ်ဖြစ် ကိုယ်နဲ့တိုက်ဆိုင်မှုတွေ ရှိလာပြီဆိုရင် အစွဲအလန်းဖြစ်သွားတတ်တယ်။ ပေဒင်ကိုပဲ ကြည့်လေ။ ဒါကြောင့် ကျွန်တော်ဘယ်တော့မှ ပေဒင်မမေးတာ။ (ကိုယ်တိုင်ပဲ တွက်တယ်)'

'ခင်ဗျားတို့ နားလည်အောင် ဥပမာဆောင်ရရင် - Lucky Seven, Friday 13။ ခင်ဗျားတို့တွေးမိ မတွေးမိတော့ ကျွန်တော်မသိဘူး။ ၇ ဂဏန်းက အလကားနေရင်း ဘာလို့ကံထကောင်း ရတာလဲ။ ပြီးတော့ သောကြာ ၁၃ ကရော ဘလိုင်းကြီးဘာလို့ ကံဆိုးသွားရပြန်တာလဲ။ အဲဒီဂဏန်းတွေက ကျွန်တော်တို့ကို မီးတင်မရှို့နိုင်ဘူး ဆိုတာသိတဲ့တိုင် အစွဲအလန်းရှိနေတုန်းပဲမှတ်လား။ (တခါတလေ ကျွန်တော်ကအဲဒီလို။ ဝွတီးဝွကျရယ်)'

ဒွေးလွင်က သူ့ရည်းစားသီရီ နတ်တွေဘာတွေ အယုံအကြည်ရှိတာ ခုတ်ကူးသွားလို့နဲ့တူတယ်။

'အာ . . . . . မင်းကလည်း အဲဒီလိုတော့လည်း ပြောလို့ဘယ်ရမလဲ။ ၇ တို့ ၁၃တို့မှာ နောက်ခံသမိုင်း Background History တွေဘာတွေရှိရင် ရှိမှာပေါ့'

'ဟော့ကောင် . . . . . ဂဏန်း သင်္ချာဆိုတာ လူကထွင်လို့ဖြစ်လာတာ . . . . . မင်းပြောသလိုဆို ကိုယ်မွေးတဲ့ မျောက်က ကိုယ့်ပြန်ခြောက်သလို ဖြစ်နေမှာပေါ့။ တကယ်တော့ လူတွေရဲ့ သတ်မှတ်ပုံချင်း၊ မြင်တဲ့ရှုထောင့်ချင်း၊ ခံယူပုံချင်း မတူတာလေး တစ်ချက်ကြောင့် အားလုံးအပြောင်းအလဲတွေ ဖြစ်ကုန်တာ . . . '



'ကဲကွာ . . . ဒါဆို . . . ငါလည်း Friday 12 August ပဲ။ ငါကျတော့ရော . . . . . '

'ဟေ . . . . . မင်းလည်း Friday 12 August ပဲလား'

'မှတ်ပုံတင်ပြရဦးမလား'

ဒွေးလွင်ဖြစ်သွားပုံကို ကြည့်ပြီး ကျွန်တော်ရယ်မိတယ်။ ပြီး . . . . . အကြောင်းအရာတစ်ခုကို . . . . . ရှင်းပြလိုက်တယ်။

'စိတ်ပညာမှာ Auto Suggession ဆိုတာရှိတယ်။ Auto Suggestion ကိုအနီးစပ်ဆုံးပြောရရင် 'ဘိသကဲ့သို့ ခံယူနည်း'လို့ ခေါ်တယ်။ ဥပမာကွာ . . . . . ကိုယ့်မှာသတ္တိမရှိဘူး။ အကြောက်လွန်နေရင် ကိုယ့်ကိုယ်ကို သတ္တိရှိသူတစ်ယောက် အဖြစ်မြင်ကြည့်ပြီး အဲဒီအတိုင်းလုပ်ကိုင်ပါများရင် တကယ်သတ္တိရှိသွားရော။ (လူတွေဝေဖန်တာ၊ အတင်းအဖျင်းပြောတာလည်း Auto Suggesstion ကို နေရာအထားအသိမမှန်ဘဲ အသုံးပြုတဲ့အကိုင်းအခက်တစ်ခုပဲ။ အဲဒီလို အတင်းအဖျင်းပြော၊ ဝေဖန်လိုက်လို့ရှိရင် သူတို့ကိုယ်သူတို့ သူများကို ဆရာလုပ်ရလို့ အထင်ကြီးစိတ်ဝင်ပြီး အပျော်စီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတယ်လို့ ခံစားရတယ်။ ကိုယ့်အပြစ်တွေကိုလည်း ကိုယ့်ဘာသာ ကိုယ်ဖုံးအုပ်ပြီးဖြစ်သွားရော။) တကယ်တော့ Auto Suggesstion ကို ကောင်းတဲ့နေရာ (နေရာအထားအသိုမှန်ရင်) မှာအသုံးချရင်လူကို အများကြီးတိုးတက်စေပြီး၊ အဓိပ္ပါယ်မရှိတဲ့၊ မလိုလားအပ်တဲ့ နေရာမှာ (မသိလိုက်ဘာသာ) အသုံးချမိသွားရင် လူကို ဆိုးကျိုးဖြစ်စေနိုင်တယ်။ လောကမှာရှိသမျှ ဘယ်အရာမှ အကောင်းရော၊ အဆိုးရော ဒွန်တွဲမနေတဲ့ အရာရယ်လို့မရှိဘူး။ ကုန်ကုန်ပြောမယ်ကွာ။ ကိုယ်ဝတ်နေကျ အင်္ကျီ၊ ဖိနပ်၊ ဘောင်းဘီ၊ ပုဆိုးကအစ အဆိုးရောအကောင်းပါတွဲနေတယ်။ (အသုံးချတဲ့ အခြေအနေ၊ အချိန်အခါပေါ် မူတည်ပြီး အကောင်း၊ အဆိုး၊ ဖြစ်လာတတ်တယ်) အဲဒီအရာတွေကြောင့်ပဲ ကိုယ့်ကိုဒုက္ခလှလှတွေ့စေနိုင်သလို ကိုယ့်ကို ကျက်သရေဆောင်ပေးတာတွေကလည်း ဒါတွေပဲ။

ဒါကတော့ ဥပမာအလင်္ကာဆောင်ပြီးပြောပြတာ။ အဲတော့ . . . . . ပြောချင်တာက အကောင်း၊ အဆိုး၊ ဒုက္ခ၊ သုခဆိုတာ ကိုယ့်အပေါ်မှာပဲ မူတည်တယ်။ ကိုယ့်ခံယူပုံ၊ အမြင်၊ (Side of view) ကြည့်တဲ့ ရှုထောင့်ပေါ်မှာပဲ မူတည်တာ။ စကားပုံ တစ်ခုရှိတယ်လေ 'ဥပါဒါန်ကြောင့် ဥပဒ်သင့်တယ်' ဆိုတာ။ အဲဒါကလည်း Psychology အရ ရှပ်ဖျက် Auto Suggesstion ပဲ။ Auto Suggesstion ကို နေရာအထားအသိုမမှန်ဘဲ သုံးလိုက်တာ'



'နိုင်ကြီး . . . . . မင်းပြောသလိုဆို ဥပါဒါန်ကြောင့် ဥပဒ်သင့်တယ်ဆိုတာသာမှန်ရင် Auto Suggesstion ကို တလွဲသုံးရင်း ၂၃ နှစ်ပြည့်တဲ့နေ့ မွန်းတည့် ၁၂ း ၀၀ တိတိ Friday 12 August မှာ မင်းဟေမာန်ဆောင်းလေး တကယ်သေသွားနိုင်တယ်နော်'

ငွေးလွင်ခုပြောလိုက်တဲ့စကားက ကျွန်တော့်ရင်ကိုတည့်တည့်လာမှန်ပြီး စူးခနဲဖြစ်သွားစေတယ်။ ဟုတ်ပါတယ်။ ငွေးလွင် ပြောတာ တစ်ထစ်မှမလျော့ဘဲကို ဖြစ်နိုင်ပါတယ်။ လောကမှာ ဒီလို ဥပါဒ်ဒဏ်ကြောင့် ဥပါဒ်သင့်ရသူတွေ ဒုနဲ့ဒေး။ နေ့နံအစွဲအလန်းကြောင့်လည်း ဖြစ်ပေါင်းများပြီ။ ကျွန်တော်ဘာလုပ်ရမလဲ။

ငါ့ရဲ့ ဂန္ထဝင်ဆောင်းရယ် မင်းကျမှအဲဒီလိုဘာလို့ ဖြစ်ရတာလဲ။ တွေးမိရုံနဲ့တင် ကျွန်တော့်နှလုံးသွေးတွေ ပွက်ပွက်ဆူလာပါတယ်။ ဟိုနှစ်ယောက်ကလည်း ကိုယ်စီထသွားကြပြီ။ ကျွန်တော် ပြန်လှဲနေလိုက်ပြီး မျက်စိတင်းတင်းမှိတ်ထားလိုက်မိတယ်။ မျက်လုံးမှိတ်လိုက်တယ်ဆိုရင်ပဲ ပုံရိပ်တစ်ခု၊ မြင်ကွင်း ခပ်ဝါးဝါးလေးပေါ်လာတယ်။

အတွေးတစ်ခု လင်းခနဲဖြတ်ပြေးသွားစဉ်မှာ ကျွန်တော့်မျက်လုံးတွေ ဆတ်ခနဲပွင့်လာတယ်။ ပြုံးမိသွားတယ်ထင်ရဲ့။ တစ်ပြိုင်တည်းမှာ မှိုင်းညို့ရီဝေလာရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# တစ်လခန့်ကြာသော်

## Chapter XIV

'Hello!'

'နိုင်သစ္စာပါ'

'ကွန်ကရက်ကျူလေးရှင်း၊ ကိုနိုင်သစ္စာ'

'ဘယ်သူလဲမသိဘူးခင်ဗျာ'

'ကျွန်တော်က International Professtional Own Creative Graphic Designer Collection Co.,Ltd. က ဘုတ်ဒါရိုက်တာ လင်းထက်နေပါ'

'ဟုတ်ကဲ့ . . . . ကျွန်တော်ဘာများကူညီပေးရမလဲ မသိဘူး'

'ဒီလိုပါ . . . ကျွန်တော်တို့ ကုမ္ပဏီက ကမ္ဘာ့အထူး ချွန်ဆုံး ဂရပ်ဖ်ဖစ်ဒီဇိုင်နာတွေ စုစည်းရေးကပါ။ ပြီးတော့ ကျွန်တော်တို့ စုစည်းထားတဲ့ ဒီဇိုင်နာတွေအားလုံးကလည်း ဒီဇိုင်းတွေကို (ဘယ်သူနဲ့မတူအောင်)ကိုယ်တိုင်ဖန်တီးယူရပါတယ်။ အခု ကိုနိုင်သစ္စာရဲ့ Coffee Lover ဒီဇိုင်းကို ကျွန်တော်တို့ကုမ္ပဏီက ဒီနှစ်ရဲ့အကောင်းဆုံးနဲ့ လက်ရာ အပြောင်မြောက်ဆုံး ကိုယ်ပိုင်ဖန်တီးမှု ဒီဇိုင်းအဖြစ် ရွေးချယ်လိုက်ပါတယ်'

'ဟာ . . . ဟုတ်လား . . . ဝမ်းသာလိုက်တာဗျာ . . . ကျွန်တော်ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ခုဝမ်းသာစရာ ရှိပါသေးတယ် . . . . . အဲဒါကတော့ ကိုနိုင်သစ္စာ ကိုယ်တိုင်လက်ခံမှ ဖြစ်မှာပါ'

'ဟုတ်ကဲ့ . . . . . ပြောပါ'

'ကိုနိုင်သစ္စာကို ကျွန်တော်တို့ကုမ္ပဏီက Professional Own Creative Designer (ပရော်ဖက်ရှင်နယ် ကိုယ်ပိုင်ဖန်တီးရှင် ဒီဇိုင်နာ) အဖြစ်ခန့်အပ်ချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတင် ကုမ္ပဏီရုံးခွဲရှိပါတယ်။ ကိုနိုင်သစ္စာ အနေနဲ့လက်ခံမယ်ဆိုရင် ကျွန်တော်တို့ဘက်က ဂုဏ်ပြုမှတ်တမ်းလွှာရယ်၊ အစ်ကို့ဒီဇိုင်းအတွက်ဆုရယ်၊ ပြီးတော့ ကျွန်တော်တို့ ကုမ္ပဏီနဲ့အလုပ် စာချုပ်ချုပ်ဖို့ရယ် အခမ်းအနားတစ်ခုစီစဉ်ပြီး ကိုနိုင်သစ္စာကို ကြိုဆိုချင်ပါတယ်'

'အရမ်းလည်း ဝမ်းသာတယ် . . . . . လက်လည်းလက်ခံပါတယ်ဗျာ'

'ဒါဆို ကျွန်တော်တို့ ရန်ကုန်ကနေ ဒီနေ့ည ဖလိုက်နဲ့ပဲ အစ်ကိုနေတဲ့ မြို့လေးဆီထွက်လာခဲ့မယ်လေ'

'ဟုတ်ကဲ့ . . . . . ရပါတယ်'

'ဪ . . . အစ်ကို . . . မေးစရာလေး ကျန်သေးတယ်ခင်ဗျ'

'ဟုတ်ကဲ့ . . . . . ဘာများလဲမသိဘူး'

'အစ်ကို့ ဒီဇိုင်းနာမည်ကို ကော်ဖီချစ်သူလို့ ဘာလို့ပေးရ



တာလဲဆိုတာရယ် . . . . . ပြီးတော့ အဲဒီ ဒီဇိုင်းထဲက Coffee Shop က အပြင်မှာတကယ်ပဲဆောက်ပြီးပြီလားဆိုတာရယ်ပါ'

'အင်း . . . . . ပထမမေးခွန်းကတော့ ကျွန်တော့်ချစ်သူရဲ့ ကော်ဖီဆိုင်မို့လို့ ကော်ဖီချစ်သူလို့မှည့်ရတာပါ။ ဒုတိယမေးခွန်းကျတော့ . . . . . သိပ်မကြာသေးခင်ကပဲ ဆောက်လို့ပြီးသွားပါပြီ . . . ပြီးတော့ ဆိုင်ဖွင့်ပွဲလည်းလုပ်ပြီးသွားပါပြီ ခင်ဗျာ . . .'

'ဒါဆို ကျွန်တော်တို့ အမှတ်တရလေးလည်း ဖြစ်သွားအောင် အဲဒီ Coffee Shop လေးမှာပဲ အစ်ကို့အတွက် အစီအစဉ်ကို ကျင်းပလိုက်ကြတာပေါ့'

' ဟာ . . . . ကောင်းတာပေါ့ဗျာ. . . . ကျွန်တော်လုံးဝသဘောတူပါတယ်'

'ကိုနိုင်သစ္စာ ချစ်သူကရော'

' ဘာကိုလဲ အစ်ကို'

'ဪ. . . သဘောတူပါ့မလားလို့'

'အာ. . . အစ်ကိုကလည်း . . ဟင်း. . . ဟင်း'

' Just Kidding ပါ . . . ဒါဆို . . . ကိုနိုင်သစ္စာ . . . Morning နော်'

'ဟုတ်ကဲ့ပါ. . . Moring ပါ'

www.burmeseclassic.com

www.burmeseclassic.com

# ' ငါးရက်ခန့်ကြာသော် '



ည-၉း၀၀ နာရီကျော်ပြီ။

'ဆုံမှတ်' ထဲမှာတော့ လူတွေနဲ့ပြည့်ကျပ်နေတယ်။ ကျွန်တော့်ကို ကြိုဆိုတဲ့ အခမ်းအနားလုပ်တာဆိုတော့ အစီအစဉ်အတွက်လည်း ကိုယ်တိုင်ပြင်ဆင်ပြီး အလန်းဆုံး ဗီနိုင်းဒီဇိုင်းတွေရယ်၊ တခြား ကျွန်တော့်ကိုယ်ပိုင် တီထွင်မှုလက်ရာ ဒီဇိုင်းတွေရယ်နဲ့ အလှဆင်ထားလိုက်တယ်။ (တစ်ခါတည်း ကြော်ငြာပါဝင်ရိုက်တာ) နောက်ခံ Back Drop အနေနဲ့က တနေ့ကမှ ဒီအခမ်းအနားအတွက် တစ်ညလုံး ထိုင်ဆွဲထားတဲ့ စိတ်ကြိုက်ဒီဇိုင်းကို Vinyl ထုတ်ပြီးတင်ထားတယ်။ အခမ်းအနားတက်လာသူမျှ ဧည့်သည်တွေ Backdrop ဒီဇိုင်းကို တမေ့တမော ငေးမကြည့်ဘဲမနေနိုင်ကြသလို ဝိုင်းတွေမှာနေရာယူပြီး ကြည့်တိုင် မဝေဖန်မဆွေးနွေးပဲ မနေနိုင်လောက်အောင် ဒီညချမ်း အဖို့တော့ အဖမ်းစားထားနိုင်ဆုံးပါပဲ။

ခြံဝန်းကျယ်ကြီးတစ်ခုလုံးမှာ မီးရောင်စုံတွေနဲ့ ပြိုးပြိုးပျက်ပျက် လက်ပနေတယ်။ နာဂတဲအိုလေးတွေထဲမှာတော့ တော်ကီတွေ ဖောင်ဖွဲ့အောင်ရောင်းနေတဲ့ သူငယ်ချင်း အပေါင်းအသင်းအုပ်စု၊ အုပ်စုလေးတွေ၊ ခပ်ဟော့ဟော့ လူငယ်အုပ်စုတွေ၊ ဂစ်တာတီး၊ Ear Phone နဲ့ သီချင်းနားထောင်နေသူတွေ၊ လက်ချင်းယှက်ကာ တယုတယရှိနေကြတဲ့ ချစ်သူစုံတွဲတွေနဲ့ ပြည့်နှက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာတော့ လူကြီး၊ လူလတ်၊ လူငယ်၊ ကလေး ဆိုဒ်စုံဖြင့် ဆူညံပွတ်လောရိုက်နေကြပါတယ်။ ဆိုင်ရဲ့ တစ်ဖက်တစ်ချက် Dim Light အောက်မှာ (အခုပွဲအတွက်သာ) ဝိုင်းဘားလေးများ လုပ်ပေးထားပါတယ်။ ဆိုင်အပေါ်ထပ် မျက်နှာစာမှာစကားဝိုင်းဖွဲ့ပြော၊ ဟီးလားဟားလားတိုက်ရင်း၊ လက်ဖက်၊ ကော်ဖီတို့ဖြင့် အဆင်သင့်နေသော မိန်းကလေးအုပ်စု။

ကျွန်တော်ကသာ လက်မလည်အောင် အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ လိုက်ဧည့်ခံနေရတာ။ ကိုယ့်အစီအစဉ် မို့လို့သာ ဟိုပြေးဒီပြေးလုပ်ရပေမယ့် ကျွန်တော့်ဦးလည်ကတော့ ချစ်သူလာလမ်း အဝတ်လဲခန်းဆီသို့သာ .....။

မိန်းကလေးများ အလှတစ်ခါပြင်တာ ဒီလောက်ပဲ ကြာရလားဗျာ ...။ စောင့်ရတဲ့သူ့ရဲ့ ဒုက္ခကိုစောင့်ရသူသာ အသိဆုံး။ နည်းနည်းမှကို ကိုယ်ချင်းမစာဘူး။ ခုလည်း ကျွန်တော့်ကို သူမနဲ့ဟာမိုနီဖြစ်အောင်လို့တဲ့ အနောက်တိုင်းဝတ်စုံ ဝတ်ခိုင်းထားတယ်။ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း Free Style လွတ်လပ်ပေါ့ပါးတာကိုမှ ကြိုက်တာ။ ဂျင်းပန်နဲ့တီရှပ်တစ်ထည်ဆိုပြီးပြီ။

'နိုင်ငံခြားဧည့်သည်တွေလည်းပါလာမှာ ... ရှင့်... ဝတ်ကိုဝတ်ရမယ်' ဆိုပြီး အတင်းဝတ်ခိုင်းလို့သာ ဝတ်ထားရတာ။



လူကဘယ်လိုကြီးဖြစ်နေမှန်းကို မသိဘူး။ အပြင်မှာ မိုးဖွဲတွေကျပြီး အုံ့မှိုင်းမှိုင်းဖြစ်နေတာတောင် ဒီဝတ်စုံကြီးနဲ့က ငြီးစီစီ၊ အိုက်စက်စက်ရယ်။

'ဟာ... လှရက်လိုက်တာ ဟေမာန်ရယ်..'

ကျွန်တော် အသံလာရာဆီလည်ပြန်တောင် လှည့်ကြည့်ယူရတယ်။ ငနဲတစ်ကောင် ကျွန်တော့်မိန်းကလေးကို ကြည့်ပြီး ပြောလိုက်တာ။ ဟုတ်ပါရဲ့။ ညရဲ့ရောင်စုံမီးတွေအောက်မှာ နတ်သက်ကြွေတဲ့ သတို့သမီးလို ချစ်သူအတော့်ကို လှနေတယ်။ ချစ်သူအိမ်ထဲက ထွက်ထွက်လာချင်းမှာပဲ ခြံဝန်းထဲကကို မကျော်နိုင်ဖြစ်နေရပြီ။ ချစ်သူဆိုင်အတွင်းသို့ လျှောက်လှမ်းဝင်လာရင်း သူငယ်ချင်းမတွေက

'ဟယ်...'

'ဟေမာန်....'

'လှလိုက်တာဟယ်.... ဘယ်မှာချုပ်တာလဲ'

'Ready Made ဖြစ်မှာပါဟယ် ..ညည်းကလည်း'

'ကောင်မ... လျှိုတယ်ကြည့်... တို့ကိုတောင် မပြောဘူး'

'ဘာပိတ်စနဲ့လဲ..'

စသဖြင့် ပါးစပ်ကလည်းပြော ဟိုကိုင်ကြည့် ဒီကိုင်ကြည့်တွေလည်း လုပ်နေကြပါတယ်။ (ချစ်သူဝတ်ထားတဲ့ အင်္ကျီအနားက ပြောပါတယ်)

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနားမှာ ထန်းလျက်ခဲကို ခါချဉ်အုံသလို အုံခဲနေတဲ့ မိန်းကလေးအုပ်စုထဲမှာ အရောင်အသွေးစုံ မြင်ရလို့နဲ့တူပါတယ်။ ပတ်ပတ်လည်ကို နေရာမလွတ်တန်း ပြုံးတူးပြဲတဲနဲ့ ငနဲတွေကြည့်ကုန်ကြတယ်။

ကျွန်တော်ကတော့ ဆိုင်အတွင်းပိုင်း မီးရောင်ပျပျလေးရှိတဲ့ ထောင့်တစ်နေရာကနေသာ တိုင်ကိုကျောမှီရင်း ခေါင်းလေးစောင်းရွှန်းရွှန်းစားစား ရီဝေဝေနဲ့ချစ်သူကို ကြည့်နေမိတယ်။ ကျက်သရေဆောင်လွန်းပါတယ် ကိုရဲ့မိန်းကလေးရယ်။ ဒါကြောင့်လည်း ကျွန်တော်ချစ်သူကို ဖြေမရဖျောက်မရ ရူးသွပ်လှပစွာ ချစ်ခဲ့ရလို့ Plan တစ်ခုအသေအချာချပြီး စောင်မခဲ့ရတာပါ။ ချစ်သူကို ခပ်စိမ်းစိမ်းကြည့်ရင်း ကျွန်တော့်အတွေးတို့ တချိန်က ဝတ်ကျောင်းအိုကြီးထဲမှ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မြင်ယောင်လာမိရင်း လက်ပစွာ ပြုံးလိုက်မိပါတယ်။

တကယ်တော့ ကျွန်တော် ချစ်သူကို လိမ်ညာဇာတ်လမ်းတစ်ပုဒ် ဖန်တီးခဲ့ခြင်း မဟုတ်ပါ။ ငယ်ရွယ်နုပျိုစဉ် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမရှိသေးခင် ဒဏ္ဍာရီတစ်ပုဒ်ရဲ့အဆိပ်ငွေ့ကိုမိထားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဘာအနှောင်အဖွဲ့အစွဲအလန်းမှမရှိဘဲ ပကတိကြည်ကြည်လင်လင်လေးဖြစ်လာစေချင်တဲ့ အဖြူရောင်ဆန္ဒတစ်ခုတည်းကြောင့်ပါ။



ဒါကြောင့်လည်း ချစ်သူကိုကုစားဖို့ သင်းအုပ်ဆရာတော်နဲ့တိုင်ပင်၊ သူငယ်ချင်းနှစ်ယောက်နဲ့ လက်ဝါးရိုက်ပြီး စည်းချက်ညီတဲ့လုပ်ဇာတ်တစ်ခုကို ကခဲ့ရတာပေါ့။ သူမငယ်စဉ်ကအိမ်မှာပဲ သင်းအုပ်ဆရာတော်က အင်္ဂလိပ်စာနဲ့ကျမ်းစာ တွဲသင်ပေးခဲ့ရတဲ့ လက်ဦးဆရာလေ။ ဒီစတိုရီကိုလည်း သင်းအုပ်ဆရာတော်ကပဲ သူမကိုနေ့စဉ်စာသင်ပြီးတိုင်း အခန်းဆက်သဘောမျိုးနဲ့ သူမစိတ်ထားတတ်လာအောင် အမြင့်စိတ်မွေးတတ်လာအောင်ဆိုပြီး ပြောပြနေခဲ့တာ။ သူမတို့မိသားစုလိုက် အဝေးတစ်နေရာကို ပြောင်းသွားချိန်မှာ ဆရာတော်နဲ့ အဆက်အသွယ်ပြတ်ပြီး ဝေးခဲ့ရလို့စတိုရီအဆုံးထိ သူမမသိလိုက်ရတာပါ။ ပြီးတော့ စတိုရီထဲမှာ ရောယှက်နေတဲ့ လျှို့ဝှက်နက်နဲရာတွေကိုလည်း သူမဘာမှမသိလိုက်ရပါဘူး။

စိတ်ပညာသဘောအရ အစွဲအလန်းကြီးလွန်းသူတွေကို သူတို့ နှစ်နှစ်ကာကာ မြတ်နိုးစုံမက်တဲ့ အရာတစ်ခု လုံးဝဆုံးရှုံးရတော့မယ်ဆိုတာ သိအောင်၊ ခံစားမိလာအောင်လုပ်ပေးနိုင်ရင် အဲဒီအစွဲအလန်းကြီးမှု၊ (Illusion) ထင်ယောင်ထင်မှားဖြစ်မှု၊ (Wrong Use Of Auto Suggesstion) ‘ ဘိသကဲ့သို့ ခံယူနည်း ’ ကို လွဲမှားစွာအသုံးပြုမှုကြောင့် ဖြစ်ထွန်းလာရတဲ့ အတ္တကွယ်ပျောက်မှုတွေကို ဖျောက်ဖျက်ပစ်လို့ရနိုင်ပါတယ်။ ပြောရရင်တော့ ကျွန်တော်ဟာ ချစ်သူရဲ့မြတ်နိုးတန်ဖိုးထားမှုကို အပြည့်အဝရယူထားနိုင်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိရတော့ တဖက်ကအစွဲအလန်းကြီးမှု၊ စိတ်စွဲမှုဆိုတာကြီးကို မှုန်ဝါး ပျောက်ဆုံးအောင် လုပ်နိုင်ဖို့လိုလာပါတယ်။

Friday 12 August 2011 မှာ ကျွန်တော့် အသက် ၂၅ နှစ်ပြည့်တဲ့နေ့နဲ့ ချစ်သူ ၂၃ နှစ်ပြည့်တဲ့နေ့။ ကျွန်တော် ချစ်သူနဲ့တူသွားအောင် ၂၃ နှစ်ယောင်ဆောင်ပြီး လုပ်ဇာတ်တစ်ခုကို ဖန်တီးယူခဲ့တာပါ။ ချစ်သူက သူရဲ့နောက်ဆုံးအချိန်လို့ တထစ်ချယုံကြည်နေတဲ့ Friday 12 August 2011 နေ့ကို ရောက်အောင်စောင့်ပြီးမှ ချစ်သူအမြတ်နိုးဆုံး တန်ဖိုးအထားဆုံး အရာတစ်ခုဆုံးရှုံးရတော့မယ်ဆိုတာကို သူမသိစိတ်၊ အသဲထဲ ဘဝင်ထဲစွဲနေအောင် သွင်းပစ်ခဲ့ရခြင်းက သူမ မသိစိတ်ထဲမှာ ခိုအောင်းနေတဲ့ ထင်ယောင်မှားမှု Illusion တစ်ခုကို သိစိတ်နယ်ထဲတက်လာအောင်ဆွဲတင်ပြီး ဘယ်သောအခါမှ မကြွင်းကျန်ရစ်တော့အောင် ပျောက်ကွယ်သွားစေတဲ့နည်းကို သုံးလိုက်တာပါ။

စစ်ဂမန်ဖရိုက်ဒ်ရဲ့ (Psychoanalysis) စိတ်ခွဲဗေဒမှာ စိတ်အစွဲအလန်းကြီးသူတွေ၊ ကမ္ဘာစစ်ကခြောက်ခြားဖွယ် အတွေ့အကြုံတွေကြောင့် စိတ္တဇနာလို ဝေဒနာခံစားနေရသူတွေ၊ အကြောက်လွန်နေသူတွေ အညံ့စိတ်ဖြစ်ထွန်းနေသူတွေ အားလုံးကို Psychoanalysis နဲ့ ကုပေးနိုင်ကြောင်း ဖရိုက်ဒ်က ကြေညာခဲ့ဖူးတယ်။ ဖရိုက်ဒ်ရဲ့ ကုထုံးက မသိစိတ်ကို စေခိုင်းတဲ့နည်းပါပဲ။ စိတ်ရောဂါခံစားနေရသူ

BURMESE CLASSIC .com



တစ်ယောက်ကို လဲ့အိပ်ခိုင်းပြီး ကိုယ်ပေါ်မှာ ပိတ်ပါးစတစ်လွှာ အုပ်ကာ အိပ်မွေ့ချလိုက်တယ်။ အိပ်မွေ့ချပြီးနောက် အိပ်ရာက နိုးလာတဲ့အခါ ဘယ်ပုံဘယ်နည်း လုပ်ရမယ်ဆိုတာ ညွှန်ကြားပြီး အဲဒီလို ညွှန်ကြားထားတဲ့အတိုင်းလည်း သူက လိုက်လုပ်တော့တယ်။ ပုံစံအားဖြင့် ပြောပြရရင် အိပ်မွေ့ချခံထားရစဉ် စိတ်ဆရာက သူ့ကို အိပ်ရာကနိုးလာပြီး တစ်နာရီကြာတဲ့အခါ အခန်းတွင်းတစ်နေရာရှိ ကုလားထိုင်ကို အခန်းပြင်ယူထုတ်သွားရမယ်လို့ ပြောထားတယ်ဆိုပါစို့။ သူအိပ်ရာက နိုးလာတဲ့အခါ စိတ်ဆရာက သူ့ကို ပြောထားချက်အားဘာမှမသိ။ ဒါပေမယ့် တစ်နာရီကြာတဲ့အခါ ကုလားထိုင်ကို အခန်းပြင်ထုတ်ယူသွားလိုတဲ့ ဆန္ဒပေါ်လာတော့တယ်။ အဲဒီဆန္ဒဘယ်လိုကနေ ဘာကိုအကြောင်းရင်းခံပြီး ဖြစ်ထွန်းလာရသလဲဆိုတာကိုတော့ သူလုံးဝကြံဆလို့မရ။ အဲဒီဆန္ဒက အလွန်အမင်းပြင်းပြနေလို့သာ မလွန်ဆန်နိုင်ဘဲ (စိတ်ဆရာ ပြောထားတဲ့အတိုင်း) သူ့လိုက်လုပ်နေခြင်းပါပဲ။

ဖရိုက်က လူ့စိတ်သဘောကို ကမ္ဘာ့မြောက်ဖျား ပင်လယ်ထဲမှာရှိတဲ့ ရေခဲတောင်ကြီးနဲ့ ပုံပမာခိုင်းနှိုင်းပြီး ရေအောက်မှာရှိနေတဲ့ အပိုင်းကို ရေမျက်နှာပြင်ပေါ်မှာရှိတဲ့ အပိုင်းထက်များစွာ ကျယ်ဝန်းနက်ရှိုင်းသလို မသိစိတ်ဟာသိစိတ်ထက်ပိုပြီး ကျယ်ပြန့်နက်ရှိုင်းတယ်လို့ဆိုထားတယ်။ ဒါကြောင့်ပဲ မသိစိတ်ထဲမှာ ငယ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com



စူးနစ်မြုပ်ဝင်နေတဲ့ စိတ္တဇနာလို ထိခိုက်စရာတွေကို သိစိတ်ပေါ် တက်လာပြီး ထင်ရှားလာအောင် (အထိတ်တလန့်) စိတ်လှုပ်ရှားမှု တစ်စုံတစ်ရာလုပ်ပေးရပြီး သိစိတ်ထဲရောက်လာကာမှ ချေဖျက် ပစ်လိုက်ရင် အဲဒီရောဂါ လုံးဝမရှိတော့ဘူး။ ခုန အိပ်မွေ့ချတယ် ဆိုတာလည်း မသိစိတ်ထဲမှာ ကိုယ်လိုသလိုထည့်လို့ရတယ်။ ငြိမ်သက်ခြင်း၊ အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ စိတ်ခတ်ကြံခိုင်ခြင်း စတာတွေကို အဲဒီအတိုင်းဖြစ်လာအောင် စိတ်သွင်းပေးရင် မသိစိတ်နယ်ထဲမှာ သွန်မှောက်လောင်းချပြီးသားဖြစ်သွားလို့ အခြေခိုင်သွားတယ်။ အခြေအနေ၊ အချိန်အခါပေါ်မူတည်ပြီး (ကျင်းထဲကြပ်ထဲရောက် လာတဲ့အခါ) အဲဒီအရည်အသွေးတွေ ပေါ်လွင်ထင်ရှားလာတတ်တယ်။

ကွန်ပျူတာမှာ OS (Operating System) ကို ချုပ်ထားတဲ့ BIOS လိုမျိုးပေါ့။ တစ်စုံတစ်ရာချွတ်ယွင်းရင် (ဆော့ဝဲလ်ပိုင်းအနေနဲ့) ပြင်ချင်၊ ညှိချင်ရင် BIOS ထဲမှာ ဝင်ပြင်၊ ဝင်ညှိလို့ရသလိုမျိုး။ (ဒီလိုပါပဲ။ အများအားဖြင့် ငယ်နုစဉ်ကာလတွေမှာ သရဲ၊ တစ္ဆေ၊ သဘက်၊ နာနာဘာဝ စတဲ့ အညံ့စိတ်ဖြစ်ထွန်းစေတဲ့ အကြောင်းတွေမပြောပြ စေတာလည်း ဒါကြောင့်ပါပဲ။ အရွယ်ရောက်ကြီးပြင်းလာတဲ့အခါ မလိုလားအပ်တဲ့ သတ္တိကြောင်စိတ်တွေ၊ ပတ်ဝန်းကျင်လူနေမှု ဘောင်နဲ့အံမဝင်ဘဲ ကင်းကွာလာခြင်းတွေ ဖြစ်လာတတ်လို့ပါ။) ဖရိုက်ဒ်က သာဓကတစ်ခုပေးပါတယ်။ လူတစ်ယောက်က သူ့ဇနီးကို



ချစ်ခင်ကြင်နာခြင်းမရှိ၊ ဇနီးလုပ်သူကတော့ မယားဝတ္တရား ကျေပွန်ပြီး သူ့ကိုချစ်ခင်လေးစားတယ်။ တစ်ခါမှာ ဇနီးဖြစ်သူက သူကြိုက်မယ် ထင်ပြီး စာအုပ်တစ်အုပ်ဝယ်က သူ့ကိုပေးတယ်။ သူက စာအုပ်ကို တစ်နေရာမှာ အမှတ်မထင်ထားပြီး ထားတဲ့နေရာ မေ့သွားလို့ ပြန်ရှာတော့ မတွေ့ဘူး။ တစ်နေ့မှာ ဖျားနာနေတဲ့ မိမိရဲ့မိခင်ကို ဇနီးဖြစ်သူက ပြုစုစောင့်ရှောက်နေတာကို မြင်ရပြီး ဇနီးကို သနား ချစ်ခင်စိတ်ဖြစ်ပေါ်လာတယ်။ အဲဒီတစ်ခဏ အတွင်းမှာပဲ (ဇနီးပေါ် စိတ်ကြည်နေခိုက်) အလိုအလျောက် စားပွဲတစ်ခုကို စိုက်စိုက် မတ်မတ်မတ် လျှောက်သွားပြီး အံ့ဆွဲကိုဆွဲဖွင့်လိုက်တော့ အထဲမှာ ပျောက်နေတဲ့ စာအုပ်ကိုပြန်တွေ့ရတယ်။

ချစ်သူက ကျွန်တော့်ကို သူမနဲ့စိတ်တူကိုယ်တူ သူမ ကိုယ်ပွားလေးအဖြစ် မှတ်ယူထားတော့ ကျွန်တော်သူ့အနားမှာ အမြဲတမ်းရှိနေပါလားဆိုတဲ့စိတ်နဲ့ သူမအမြဲလိုလို ရွှင်လန်းပျော်ရွှင် နေခဲ့တယ်။ ရုတ်တရက် ကျွန်တော် သူ့ဘဝထဲက ထာဝရကွယ်ပျောက် သွားတော့မယ် ဆိုတာကိုသိတော့ မခိုင်းစေရပါဘဲ ရပ်ဆိုင်းနေတဲ့ ဦးနှောက်နာဗ်ကြောတွေ၊ ခန္ဓာကိုယ်အာရုံကြောတွေကို မသိစိတ်ထဲမှာ ငုတ်လျှိုးနေတဲ့ "သူ့ကိုသာဆုံးရှုံးလိုက်ရရင်" ဆိုတဲ့စိတ်က အပြင်း အထန်လှုံ့ဆော်လို့လာတယ်။ (တချို့ ဆွံ့အ နေသူတွေ အလားတူကိစ္စမျိုး တွေကြောင့် အကောင်းပကတိပြန်ဖြစ်လာတာ တွေ့ဖူးကြပါလိမ့်မယ်)

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပဲ ချစ်သူ အသက်လုနေရတဲ့အချိန်မှာ ဝုန်းတိုင်းချက်ချင်း ကောက်ကာငင်ကာ ထလန်းလာတာသာ ကြည့်ပါတော့။ အင်း . . . . . တချိန်ချိန်မှာတော့ ချစ်သူကို ဒီအကြောင်းတွေအားလုံး မကွယ်မဝှက်ဘဲ ပြောပြချင်မိပါရဲ့။ ချစ်သူ ဒေါသမထွက်၊ စိတ်မနာဘဲ တိတ်တိတ်လေး ကျွန်တော်ရင်ခွင်ထဲမှာ ခေါင်းလေးအပ်လို့ နားထောင်မယ်ဆိုရင်ပေါ့လေ။

'ဟိတ် . . . . . ဘာတွေ တွေးပြီးပြုံးနေတာလဲ'

ချစ်သူ ကျွန်တော့်နားဘယ်အချိန်က ဘယ်လိုရောက် နေမှန်းတောင် သတိမထားမိလိုက်ဘူး။ ကျွန်တော့်အတွေးစတို့လည်း လွင့်စင်ပျောက်ကွယ်သွားရပါတယ်။

'ဘာရယ်မဟုတ်ပါဘူး . . . . . ကိုတို့ရဲ့လက်ထပ်ပွဲကို ဘယ်လိုဒီဇိုင်းတွေ ဖန်တီးပစ်လိုက်ရရင် ကောင်းမလဲလို့ စဉ်းစားနေတာ . . . . . အင်း . . . . . ပြီးတော့ ကိုတို့ရဲ့သားသားမီးမီးလေးတွေကိုလည်း . . . . .'

'ဟိုးထား . . . . . ဟိုးထား . . . . . ဒီဇိုင်နာကြီးရေ . . . . . အဆင့်တွေကျော်ကုန်ပြီနော်'

ချစ်သူ ခါးထောက်ပြီး မျက်စောင်းလှလှလေးထိုးတော့ ကျွန်တော်ရှက်ပြုံးလေးနဲ့အတူ ခေါင်းငုံ့သွားရပါတယ်။ ချစ်သူ ကျွန်တော့်ကို လှဲ့လှဲ့ပြာပြာလေးကြည့်ပြီး သူ့မလက်ဖဝါးနုနုတွေနဲ့



ကျွန်တော့်လက်ကို အုပ်မိုးဆုပ်ကိုင်ရင်း ရင်ခွင်ထဲပြို ဆင်းကျလာတော့ အလိုက်သင့်လေးဖက်ထားလိုက်မိတယ်။ ကလေးလေး နှစ်ယောက် မြေပြင်ပေါ်မှာ ဆော့ကစားနေတာကြည့်ပြီး အပြုံးစွက်လျက် . . .

'ကို . . . . . ဟိုမှာ ကြည့်စမ်း'

'ချစ်စရာလေးတွေနော်' တဲ့။

**ချစ်သူ၏**
**အဖြာဖြာရောင် ချယ်ဝန်းထည်**
**ဝဲ့အတွေးတွေထို ထိုးနှံထဲချေရွှေသော**
**ထန္တရားတစ်စုံဖြစ်သည်**
**ဝါ ... အခါခါပြေတွဲရင်း**
**ရျော်ဇွေ့ခဲ့ဖူးသည်**
**စုအခါ**
**ဝါ စတိုရီတစ်ပုဒ် ဖောက်ထျွမ်း၏**
**ထို့ဖော်**
**မီးထဖောဝ်ဆဲ**
**ဝါထည်ထား ချစ်သူ့ရင်ခွင်၌**
**ရှိထျိုးရင်း ဖြာထျထွားခဲ့ပြီ**

မြန်မာစံတော်ချိန်
နံနက် ၁၁း၁၇ မိနစ်
၁၉-၈-၂၀၁

BURMESE CLASSIC .com
www.burmeseclassic.com